www.dhammaransi.com

ဥပုဒ်တသန့်စေတီတော်

တည်ဆောက်ရေး မှတ်တမ်း



www.dhammaransi.com

ဥဒါဟာသန်ဓေတိတော်

တည်ဓေတော်ရေးပုတိတ်ပါး

www.dhammaransi.com

www.dhammaransi.com

www.dhammaransi.com

ဥပါဟသန်ဓေတိတော်

တည်ဆောက်ရေး

ဖုတ်တမ်း

www.dhammaransi.com

ဥပ္ပါတသန္ဓိစေတီတော် တည်ဆောက်ရေးမှတ်တမ်းစာအုပ် ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသည့်ခုနှစ်

၂၀၁၀ ခုနှစ်၊ ဇန်နဝါရီလ

အုပ်ရေ

(၂၅၀၀) အုပ်

မာတိပုံများ

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

ပုံနှိပ်ခြင်း

ပြန်ကြားရေးဝန်ကြီးဌာန

ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း

ဥပ္ပါတသန္ဓိစေတီတော်တည်ဆောက်ရေး

မြန်ကြားရေးနှင့်မှတ်တမ်းတင်ရေးကော်မတီက ထုတ်ဝေသည်။

www.dhammaransi.com

www.dhammaransi.com

စေတီတော်လိုက်အတွင်း ပူဇော်ထားရှိသော ဒက္ခိဏာဒိသာတောင်အရပ်မျက်နှာရှိ
မဟာမဏိမယ ကကုသန္ဓဗုဒ္ဓ၏ ရတနာကျောက်စိမ်းရုပ်ပွားတော်

www.dhammaransi.com

စေတီတော်လိုဏ်အတွင်း ပူဇော်ထားရှိသော မစ္ဆိမဒိသာအနောက်ဘက်အရပ်မျက်နှာရှိ
မဟာမဏိမယ ကောဏာဂမနဗုဒ္ဓပဋိမာ ရတနာကျောက်စိမ်းရုပ်ပွားတော်

www.dhammaransi.com

စေတီတော်လိုက်အတွင်း ပူဇော်ထားရှိသော ပုရတ္တိမဒိသာအရှေ့ဘက်အရပ်မျက်နှာရှိ
မဟာမဏိမယ ဂေါတမဗုဒ္ဓပဋိမာ ရတနာကျောက်စိမ်းရုပ်ပွားတော်

www.dhammaransi.com

စေတီတော်လိုက်အတွင်း ပူဇော်ထားရှိသော ဥတ္တရဒိသာမြောက်ဘက်အရပ်မျက်နှာရှိ
မဟာမဏိမယ ကသဆုဒ္ဓပဋိမာ ရတနာကျောက်စိမ်းရုပ်ပွားတော်

www.dhammaransi.com

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
၁။	ဥယျောဇဉ်	၁၅
၂။	အမှာစာ	၁၇
၃။	ဥပ္ပါတသန္တိစေတီတော် သမိုင်းအကျဉ်း	၂၁
၄။	အနန္တရာယိက မြေသန့် မဟာမဂ်လာ	၂၅
၅။	ပန္ဒက်တော်တင်တွင်းတော်ဝန်း မဟာမဂ်လာ	၃၅
၆။	ရတနာအုတ်မြစ်တော်စီ မဟာမဂ်လာ	၆၁
၇။	သတ္တဌာန မူလဌာပနာတော်သွင်းခြင်း မဟာမဂ်လာ	၁၀၁
၈။	အလယ်ဌာပနာတော်သွင်းခြင်း မဟာမဂ်လာ	၁၅၁
၉။	ပန်းလည်တိုင်စိုက်ထူခြင်း မဟာမဂ်လာ	၁၆၃
၁၀။	အထက်ဌာပနာတော်သွင်း ရွှေထီးတော်တင် မဟာမဂ်လာ	၁၇၅
၁၁။	ရတနာစိန်ဖူးတော်နှင့်ရတနာငှက်မြတ်နားတော်တင်လှူပူဇော်ခြင်းမဟာမဂ်လာ	၂၂၁
၁၂။	မြသပိတ်၊ရွှေကြာသက်နှင်းတော်ကပ်နှင့် ဗုဒ္ဓါဘိသေကအနေကဇာတင်မဟာမဂ်လာ	၂၅၅
၁၃။	နိုင်ငံတော်ဩဝါဒါစရိယဆရာတော်ကြီးများ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်ကြီးများ၊ တိပိဋကဓရတိပိဋကကောဝိဒဆရာတော်ကြီးများနှင့် ဘွဲ့ခံဆရာတော်ကြီးများအားဆွမ်းဆက်ကပ်လှူဒါန်းပွဲ	၂၇၇
၁၄။	ဥပ္ပါတသန္တိစေတီတော် တည်ဆောက်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ဆောင်ရွက်ချက်များ-	၂၉၅
	(က) ဩဝါဒါစရိယ ဆရာတော်ကြီးများထံမှ ဩဝါဒခံယူခြင်း	၂၉၇
	(ခ) တည်ဆောက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး	၃၀၅
	(ဂ) ပွင့်ရာဟေဓိဥယျာဉ်တော်၌ ပွင့်ရာဟေဓိပင် ၂၈ ပင်နှင့် ဟေဓိညောင် ၁၀၈ ပင် အောင်မြင်စွာ စိုက်ပျိုးခြင်း	၃၀၇
	(ဃ) စိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့အား လှည့်လည်ကိန်းဝပ်အပူဇော်ခံခြင်း	၃၂၃
	(င) မဟာဆုတောင်းပြည့်ဘုရားကြီးနှင့် ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့အား ပင့်ဆောင်ခြင်း	၃၂၉

www.dhammaransi.com

စဉ်	အကြောင်းအရာ	စာမျက်နှာ
	(စ) မဟာတံခွန်တိုင်တော်ဖွင့်လှစ်ခြင်းနှင့်ဗုဒ္ဓဝေယျာဝစ္စကုသိုလ်တော်ရေစက်ချ မဂ်လာအခမ်းအနား ကျင်းပခြင်း	၃၄၃
	(ဆ) လုပ်ငန်းညှိနှိုင်းအစည်းအဝေးနှင့် အလှူငွေပေးအပ်ခြင်း	၃၄၉
	(ဇ) သံဃာရာမကျောင်းဆောင်လေးဆောင် အနုန္တရာယိကပရိတ်တော်နာ မဂ်လာ အခမ်းအနား	၃၅၅
	(စျ) တည်ဆောက်ရေးလုပ်ငန်းများ၊မဂ်လာအခမ်းအနားကျင်းပရေးညှိနှိုင်း အစည်းအဝေး	၃၅၇
	(ည) မဟာမဂ်လာအခမ်းအနားများကျင်းပမည့်အထိမ်းအမှတ်အဖြစ် ကြည့်ချင်ပွဲများ ကျင်းပခြင်း	၃၈၉
	(ဋ္ဌ) တည်ဆောက်ရေးလုပ်ငန်းဆိုင်ရာ ပုံစံများ	၄၁၃
၁၅။	**စေတီတော်တွင်ကျင်းပပြုလုပ်ခဲ့သော သာသနာတော်ဆိုင်ရာ အခမ်းအနားများ-**	၄၂၉
	(က) သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကပ်လှူပွဲ	၄၃၁
	(ခ) ဆွမ်းဆန်စိမ်း လောင်းလှူပွဲ	၄၆၉
	(ဂ) နဝ မဟာမဂ်လာအခမ်းအနားများ အောင်ပွဲမဂ်လာကုသိုလ်တော်အခမ်းအနား	၄၇၉
၁၆။	**အလှူရှင်များစာရင်း**	၄၈၉
၁၇။	**တည်ဆောက်ရေးအတွက် သြဝါဒါစရိယဆရာတော်ကြီးများအဖွဲ့၊နာယကအဖွဲ့၊ စေတီတော်တည်ဆောက်ရေးဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများ**	၅၃၇

www.dhammaransi.com

ဥယျောဇဉ်

ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း မိုတင်းနေထိုင်ကြသော ဗုဒ္ဓဘာသာဝင် ရဟန်းရှင်လူ ပြည်သူများသည် ရှေးဘိုးစဉ်ဘောင်ဆက်ကပင် ဗုဒ္ဓသာသနာတော်မြတ်ကြီးကို သက်ဝင်ယုံကြည် ကိုးကွယ်ဆည်းကပ်ခဲ့ပြီး စည်ပင်ပြန့်ပွားအောင် သားစဉ်မြေးဆက် လက်ဆင့်ကမ်းထိန်းသိမ်းခဲ့ကြပါသည်။ နိုင်ငံတစ်ဝန်းတွင် လက်ညှိုးညွှန်မလွဲ တွေ့မြင်ရသော ဘုရားကျောင်းကန် စေတီပုထိုးများနှင့် သာသနိက အဆောက်အအုံများသည် ခေတ်အဆက်ဆက် ထွန်းလင်းတောက်ပခဲ့သည့် မြတ်ဗုဒ္ဓ၏ သာသနာတော်ကို ဖော်ညွှန်းပြသလျက်ရှိသည်။ ဘုန်းလက်ရုံးနှင့်ပြည့်စုံခဲ့ကြသည့် ရှေးမြန်မာ ဗုဒ္ဓဘာသာ သာသနာပြု မင်းအဆက်ဆက်တို့သည် စေတီပုထိုးများ တည်ထားကိုးကွယ်ကြခြင်းဖြင့် ဗုဒ္ဓသာသနာတော် စည်ပင်ပြန့်ပွားအောင် ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ မင်းအဆက်ဆက် သက်ဝင်ယုံကြည် တည်ထားကိုးကွယ်ခဲ့ကြသော စေတီပုထိုးများအနက် ဘဒ္ဒကမ္ပာတွင် ပွင့်တော်မူကြသည့် ဘုရားလေးဆူတို့၏ ဓာတ်တော်၊ မွေတော်များကို ဌာပနာကာ တည်ထားကိုးကွယ်ခဲ့သော ရွှေတိဂုံစေတီတော်မြတ်ကြီးသည် ဗုဒ္ဓဘာသာဝင်တို့၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်များ၊ ဗုဒ္ဓ၏အမွေများ၊ သာသနာ့အမွေများနှင့် ဘိုးဘွားအမွေများကို အထင်အရှား ဖော်ညွှန်း ပြသလျက်ရှိသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် နိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးဖြစ်စေရန် ကဏ္ဍာပေါင်းစုံမှ ကြိုးပမ်းဆောင်ရွက် အကောင်အထည်ဖော်လျက်ရှိပါသည်။ နေရာဒေသအနှံ့အပြားတွင်လည်း ဘုရားပုထိုးစေတီ ဂူကျောင်းများနှင့် သာသနိက အဆောက်အအုံများကို အသစ်ပြုပြင် မွမ်းမံ၍ သာသနာတော် ထွန်းကားပြန့်ပွားအောင် ဆောင်ရွက်ခဲ့ကြသည်။ နိုင်ငံတော်အစိုးရနှင့် ပြည်သူတို့၏ သဒ္ဓါထက်သန်စွာ လှူဒါန်းဆောင်ရွက်မှုများပင် ဖြစ်သည်။

ယနေ့နိုင်ငံတော်အစိုးရသည် နေပြည်တော်ကို မြန်မာနိုင်ငံ၏မြို့တော်အဖြစ် အဆင့်အတန်း မြင့်မားခမ်းနားထည်ဝါစွာ တည်ဆောက်ပေးခဲ့ပါသည်။ နေပြည်တော်ရှိ ရဟန်းရှင်လူပြည်သူများအား ရွှေတိဂုံစေတီတော်မြတ်ကြီးကို ဖူးမြော်ရတိသကဲ့သို့ ဖူးမြော်နိုင်ရန်အတွက် ပုံစံတူစေတီတော်ကြီးကို တည်ဆောက်ပေးခဲ့သည်။ နိုင်ငံတော်အကြီးအကဲက ရွှေတိဂုံစေတီတော်၏ ဥာဏ်တော်ထက် တစ်ပေသာလျော့ပြီး အမြင့် ၃၂၉ ပေဖြင့် ရွှေတိဂုံပုံတူစေတီတော်ကြီးအား တည်ထားကိုးကွယ်နိုင်ရန် လမ်းညွှန်မှုပေးခဲ့သည်။ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးကို နေပြည်တော် ပျဉ်းမနားမြို့ အနောက်မြောက်ဘက် နှစ်မိုင် လေးဖာလုံခန့် အကွာအဝေးရှိသပြေတောင်အရှေ့မြောက်၊ ဥပုသ်တောရကျောင်း ကုန်းကြောပေါ်ရှိ မြင့်မားထွတ်မြတ်သော ကုန်းတော်ကို ဥပ္ပါတသန္တိကုန်းတော်ဟု သမုတ်၍ တည်ထားကိုးကွယ်ပူဇော်ခဲ့သည်။ ထိုကုန်းတော်ကြီးအား ဗောဓိတစ်ထောင် ဆရာတော်ကြီးနှင့် ရွှေသုဝဏ္ဏ ဆရာတော် ကြီးနှစ်ပါးတို့ထံ၌ သြဝါဒခံယူပြီး နိုင်ငံတော်အကြီးအကဲကိုယ်တိုင် ရွေးချယ်ခဲ့ခြင်းဖြစ်သည်။ စေတီတော်ကြီး၏ ထူးခြားချက်မှာ အတွင်းဘက်တွင် ၇၃ ပေမြင့်သော ပရိသတ် တစ်သောင်း ဆန့်သည့်လိုဏ်နှင့် လိုဏ်အတွင်းတွင် ဥာဏ်တော် ၃ ပေ ၆ လက်မရှိ ကျောက်စိမ်းဆင်းတုတော် လေးဆူတို့အား ထည့်သွင်းပူဇော် နိုင်ခဲ့ပါသည်။

ဥပ္ပါတသန္တိစေတီတော်ကြီးကို ၂၈-၇-၂၀၀၆ ရက်နေ့မှစ၍ မြေသန့်မဟာမင်္ဂလာပြုလုပ်၍ တည်ဆောက်ခဲ့ရာ ၇-၃-၂၀၀၉ ရက်နေ့တွင် ရွှေထီးတော်တင်လှူ ပြီးစီးခဲ့ပါသည်။ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး တည်ဆောက်စဉ်ကာလတစ်လျှောက်တွင် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် သြဝါဒိစရိယ ဆရာတော်ကြီးများ၏ ကြိုးပမ်းဆောင်ရွက်မှုများ၊ နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့်တပ်မတော်တို့၏ သဒ္ဓါတရားထက်သန်စွာ ပါဝင်လှူဒါန်းခဲ့မှုများ၊ မဟာမင်္ဂလာအခမ်းအနားများကို စည်ကားသိုက်မြိုက်စွာ ကျင်းပဆောင်ရွက်ခဲ့မှုများ၊ မြန်မာဓိသုကာလက်ရာ များနှင့် မြန်မာမှုအနုပညာလက်ရာများသည် ဗုဒ္ဓဘာသာ သာသနာ့သမိုင်းတွင်သာမက နိုင်ငံ့သမိုင်းတွင်ပါ ထင်ရှားစွာ တည်ရှိနေမည်ဖြစ်သည်။

www.dhammaransi.com

ထိုကဲ့သို့ စေတီတော်ကြီးကို ကြိုးပမ်းတည်ဆောက်နိုင်ခဲ့သဖြင့် နိုင်ငံတော်တွင် ရွှေတောင်ကြီးသဖွယ် ထူးကဲစွာပေါ်ပေါက်ခဲ့ပါသည်။ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး အောင်မြင်စွာ တည်ထားကိုးကွယ်နိုင်ရေးအတွက် စေတနာ သဒ္ဓါတရားထက်သန်စွာ လှူဒါန်းခဲ့မှုများ၊ လုပ်အားဒါနပြုခဲ့ကြမှုများ စသည့် ကုသိုလ်ကောင်းမှုအစုစုတို့အတွက် လောကီ လောကုတ္တရာ နှစ်ဖြာသောအကျိုးတရားများကို ရရှိခံစားနိုင်ကြပြီး လူနတ်ဗြဟ္မာ သတ္တဝါအားလုံးက နှစ်ထောင်းအားရ သာဓုအနုမောဒနာ ခေါ်ဆိုနိုင်ကြမည် ဖြစ်ပါသည်။

ဥက္ကဋ္ဌ
ဥပ္ပါတသန္တိစေတီတော်တည်ဆောက်ရေးဦးစီးကော်မတီ

www.dhammaransi.com

အမှာစာ

သုံးလောကထွတ်တင် ဘုရားရှင်သည် မဟာသက္ကရာဇ် ၆၈ ခုနှစ်၊ ကဆုန်လပြည့်၊ သောကြာနေ့တွင် မွားမြင်ပြီး မဟာသက္ကရာဇ် ၁၀၃ ခုနှစ်၊ ကဆုန်လပြည့်နေ့၊ ဗုဒ္ဓဟူးနေ့တွင် သဗ္ဗညုဘုရားအဖြစ် ပွင့်ထွန်းတော်မူခဲ့သည်။ သုံးလူသခင် သဗ္ဗညုဘုရားရှင်သည် သတ္တဝါဝေနေယျတို့အား ၄၅ ဝါပတ်လုံး တရားရေအေး အမြိုက်ဆေးကို တိုက်ကျွေး၍ သက်တော် ၈၀ ပြည့်၊ မဟာသက္ကရာဇ် ၁၄၈ ခုနှစ်၊ ကဆုန်လပြည့် အင်္ဂါနေ့တွင် မဟာပရိနိဗ္ဗာန် စံဝင်တော်မူခဲ့ပါသည်။ ဘုရားရှင် ပရိနိဗ္ဗာန်စံဝင်တော်မူချိန်မှစ၍ ဗုဒ္ဓဘာသာဝင် သူတော်စင်များသည် ဘုရားရှင်၏ ဓာတ်တော်မွေတော်များကို ဌာပနာ၍ စေတီပုထိုးများကို ဘုရားရှင်ကိုယ်စား ခေတ်အဆက်ဆက် တည်ထားကိုးကွယ်ခဲ့ကြပေသည်။

မြန်မာနိုင်ငံတွင်လည်း ဗုဒ္ဓမြတ်စွာဘုရား၏ကိုယ်စားတော်အဖြစ် သာသနာတည်ဦးမှစ၍ ယနေ့ခေတ်တိုင် စေတီပုထိုးများ တည်ထားကိုးကွယ်ခဲ့ကြသည်။ မြန်မာနိုင်ငံရှိ ပြည်သူအပေါင်းတို့သည် စေတီပုထိုးတည်ထားကိုးကွယ်ခြင်း၌လည်းကောင်း၊ ရုပ်ပွားဆင်းတုတော်များ ထုလုပ်ပူဇော်ခြင်း၌လည်းကောင်း လောကနိယာမသို့ မလိုက်ကြဘဲ တရားကျမ်းဂန်နှင့်အညီသာ ဆောင်ရွက်ခဲ့ကြသည်။ ထို့ကြောင့်လည်း စေတီပုထိုးတို့၏ ပန္နက်တော်မှ စိန်ဖူးတော်အထိ အစိတ်အပိုင်း တစ်ခုချင်းသည် နက်နဲသော အဓိပ္ပာယ်ဖော်ဆောင်မှု ရှိခဲ့ကြပါသည်။

သရေခေတ္တရာခေတ် ပျူတို့သည် လိုဏ်ပါသောဘုရားနှင့် လိုဏ်မပါသော စေတီပုထိုးများဟူ၍ ခွဲခြားတည်ဆောက်ထားခဲ့ကြသည်။ လိုဏ်မပါသောစေတီပုထိုး၌ မြတ်စွာဘုရားသခင်၏ သရီရဓာတ်တော် မွေတော်များကို ဌာပနာ၍ တည်ကြသောကြောင့် ဓာတုစေတီဟုခေါ်သည်။ လိုဏ်ဘုရား၌မူ မြတ်စွာဘုရားသခင်၏ ရုပ်ပွားဆင်းတုတော်ကို ထားရှိပူဇော်သောကြောင့် မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ် စံနေတော်မူသော ဂန္ဓကုဋီတိုက်ကျောင်းသဘော အဓိပ္ပာယ်ရှိသည်။ ပုဂံမှ **ရွှေစည်းခုံစေတီနှင့် အာနန္ဒာဘုရား၊ ရန်ကုန်မြို့မှ ရွှေတိဂုံစေတီနှင့် မဟာဝိဇယရံသီစေတီ၊ မန္တလေးမြို့မှ မင်းတုန်းမင်းကြီး၏ ကုသိုလ်တော်နှင့် မဟာမုနိတို့ကို** ရှုကြည့်ခြင်းဖြင့် ဓာတုစေတီများနှင့် ဂန္ဓကုဋီတိုက်ကျောင်းတော်များကို ခွဲခြားသိမြင်နိုင်ပါသည်။

ဤသို့ ခေတ်အဆက်ဆက်၌ မင်းအဆက်ဆက်တို့က ကြီးကျယ်ခမ်းနားလှစွာသော စေတီပုထိုး ဂူကျောင်းဘုရားတို့ တည်ဆောက်ကိုးကွယ်ကြခြင်းသည် သာသနာတော် တည်တံ့ရှင်သန် ပြန့်ပွားစေလိုခြင်း၊ အများပြည်သူတို့ ဗုဒ္ဓ၏အေးမြသော အဆုံးအမတရားတော်၌ တည်မှီခိုလှုံနိုင်စေခြင်းနှင့် တစ်သွေးတစ်သားတည်း စည်းလုံးညီညွတ်သော ပြည်သူ့စွမ်းအားကို တစ်ခဲနက် ဖော်ထုတ်ပြသခြင်းများလည်း ဖြစ်ပေသည်။

ထို့ကြောင့် ရှေးဘိုးစဉ်ဘောင်ဆက်တွင် ဗုဒ္ဓဘာသာဝင်တို့ မှီတင်းနေထိုင်သော မြန်မာနိုင်ငံသည် စေတီပုထိုးများ၊ သာသနိကအဆောက်အအုံများ ပေါကြွယ်သည့် နိုင်ငံဖြစ်ခဲ့သည်။ ခေတ်အဆက်ဆက် တည်ထားခဲ့သော စေတီပုထိုးများ၊ သာသနိကအဆောက်အအုံများမှာ နိုင်ငံအနှံ့တွင် သာသနာ့အမွေ၊ ဘိုးဘွားအမွေအဖြစ် ကြွင်းကျန်တည်ရှိခဲ့ကြသည်။

ဗုဒ္ဓဘာသာတော်ကြီး ထွန်းလင်းတင့်တယ်စေရန် အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားခဲ့ကြသော မြန်မာဗုဒ္ဓဘာသာ သာသနာပြုမင်းအဆက်ဆက်တို့သည် ဘုန်းလက်ရုံးအာဏာ ပြည့်စုံသည့် ကာလများအတွင်း၌ အထွတ်အမြတ်ထားရာ စေတီပုထိုးများကို တည်ထားခဲ့ကြလေသည်။ မြန်မာနိုင်ငံအနှံ့အပြားတွင် ရှေးမြန်မာမင်းများ၏ ကောင်းမှုအမွေများကို မျက်ဝါးထင်ထင်တွေ့မြင်နိုင်ပါသည်။

ယနေ့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအစိုးရ လက်ထက်တွင်လည်း တစ်နိုင်ငံလုံးရှိ နေရာဒေသများတွင် စေတီပုထိုး ဂူကျောင်းဘုရားများ၊ သာသနိကအဆောက်အအုံ အဟောင်းများကို အသစ်မွမ်းမံ

www.dhammaransi.com

ပြုပြင်ခဲ့သည်။ အလားတူစွာ နိုင်ငံ၏ အနှံ့အပြားတွင် စေတီပုထိုး ဂူကျောင်းဘုရားများ အသစ်တည်ဆောက်ပူဇော်ခဲ့ကြသည်။ ထိုသို့ဆောင်ရွက်နေသည့် ရည်ရွယ်ချက်နှင့် ရလဒ်များမှာ သာသနာတော်နှစ် ၅၀၀၀ ပတ်လုံးသာမက ကမ္ဘာတည်သရွှေ့တိုင် ထေရဝါဒ ဗုဒ္ဓသာသနာတော် ထွန်းကားပြန့်ပွားစေရန် ဖြစ်ပါသည်။

အထက်ပါရည်ရွယ်ချက်ရလဒ်များသည် မြန်မာ့ရေမြေပေါ်တွင် မှီတင်းနေထိုင်ကြသော ပြည်သူအားလုံး၏ အသွေးအသားထဲမှ ဆန္ဒများဖြစ်ကြသည်။ ထို့အပြင် မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးတို့သည် ယနေ့အချိန်တွင် ဖွံ့ဖြိုးတိုးတက်လျက်ရှိကြသည်။ အစုံရ၊ ပြည်သူနှင့် တပ်မတော်တို့ကလည်း တစ်သွေးတစ်သားရှိကြသည့်အခါ အစဉ်မပျက် နိုင်ငံနှင့်လူမျိုးအကျိုးကို ရှေးရှု၍ တိုင်းပြည်၏လိုအပ်ချက်များကို အစွမ်းကုန်ဖြည့်ဆည်းဆောင်ရွက်လျက်ရှိကြသည်။ ထိုအချိန်မှာပင် အနာဂတ် နိုင်ငံတော်သစ်အတွက် မြန်မာနိုင်ငံ၏မြို့တော် နေပြည်တော်ကို တည်ဆောက်၍ အမွေပေးခဲ့ကြသည်။

ရဟန်းရှင်လူပြည်သူများအား ရန်ကုန်မြို့ရှိ သိဂုံတွရကုန်းမြေအထက်တွင် ရွှေတောင်ကြီး ပေါက်သကဲ့သို့ တည်ရှိနေသော ရွှေတိဂုံစေတီတော်ကြီးအား ဖူးမြော်ရဘိသကဲ့သို့ ဖူးမြော်နိုင်ရန် နေပြည်တော်တွင် ပုံစံတူစေတီတော်ကြီးကို နိုင်ငံတော်က တည်ထားပေးခဲ့သည်။ ရွှေတိဂုံစေတီတော်၏ ဥာဏ်တော်ထက် တစ်ပေသာလျော့ပြီး အမြင့်ပေ ၃၂၅ ပေဖြင့် ပုံတူစေတီတော်ကြီးအား တည်ထား ကိုးကွယ်နိုင်ရန် နိုင်ငံတော်အကြီးအကဲက လမ်းညွှန်မှုပေးခဲ့ပါသည်။

ယခု စေတီတော်တည်ဆောက်နေသည့် ကုန်းတော်ကြီးအား ဗောဓိတစ်ထောင်ဆရာတော်ကြီးနှင့် ရွှေသုဝဏ်ဆရာတော်ကြီးနှစ်ပါးတို့ထံ၌ ဩဝါဒခံယူပြီး နိုင်ငံတော်အကြီးအကဲကိုယ်တိုင် ရွေးချယ်ခဲ့ခြင်းဖြစ်သည်။ စေတီတော်ကြီး၏ ထူးခြားချက်မှာ ကုန်းတော်ပေါ်တွင် အရံစေတီအပါအဝင် အခြားအာရုံခံ တန်ဆောင်းနှင့် ဓမ္မာရုံများအား တည်ဆောက်ထားမှု လုံးဝမရှိပါ။ အတွင်းဘက်တွင် ၇၃ ပေမြင့်ပြီး ပရိသတ်တစ်သောင်းဆန့်သော လိုဏ်ပါရှိခြင်း၊ လိုဏ်အတွင်း ဥာဏ်တော် ၃ ပေ ၆ လက်မရှိ ကျောက်စိမ်း ဆင်းတုတော်လေးဆူအား သပ္ပာယ်စွာ ပူဇော်ခံထားခြင်းတို့ကို ထည့်သွင်းတည်ဆောက်ထားပါသည်။

စေတီတော်တည်ဆောက်ရေးကို ဩဝါဒါစရိယဆရာတော်ကြီးများအဖွဲ့၊ နာယကအဖွဲ့၊ ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီစသည့်အဖွဲ့ ၁၃ ဖွဲ့ဖြင့် လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရန် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဝန်ကြီးချုပ်ရုံးက အမိန့်ကြော်ငြာစာအမှတ်၊ ၄/၂၀၀၈ ဖြင့် ဖွဲ့စည်းတာဝန်ပေးခဲ့ပါသည်။

စေတီတော်ကြီး တည်ဆောက်ရာတွင် မြန်မာ့ရိုးရာရှေးထုံးစဉ်လာမပျက် ခေတ်အဆက်ဆက် လက်ခံယုံကြည်လိုက်နာခဲ့ကြသော ပုဂံခေတ်၊ စစ်ကိုင်းခေတ်၊ ပင်းယခေတ်၊ အင်းဝခေတ်၊ ကုန်းဘောင်ခေတ် သာသနာဝင်ကျမ်း၊ အင်းဝခေတ် ရွှေဥမင်ဆရာတော်နှင့် တောင်ဖီလာဆရာတော်တို့၏ ဌာပနာပုံကျမ်း၊ ကုန်းဘောင်ခေတ် ဗိသုကာကျမ်းနှင့်သတ္တုရူပကဝိလာသနီကျမ်း၊လွတ်လပ်ရေးခေတ် မြန်မာ့ရိုးရာ ပဋိမာသိပ္ပံမုဒြာကျမ်း အစရှိသောကျမ်းဂန်စာပေများနှင့်အညီ နဝမဂ်လာကမ္မဟူသော မဟာမဂ်လာသဘင် အခမ်းအနားကိုးမျိုးတို့ကို မဂ်လာတော်အချိန်များဖြင့် အောက်ပါအတိုင်း ပြည့်စုံစွာ ဆောင်ရွက်ခဲ့ပါသည်-

(၁) အနန္တရာယိက မြေသန့်မဟာမဂ်လာ	၂၈-၇-၂၀၀၆
(၂) ပန္နက်တော်တင် တွင်းတော်ဝန်း မဟာမဂ်လာ	၄-၈-၂၀၀၆
(၃) ရတနာအုတ်မြစ်စီ မဟာမဂ်လာ	၈-၂-၂၀၀၇
(၄) သတ္တဌာန မူလဌာပနာတော်သွင်း မဟာမဂ်လာ	၉-၂-၂၀၀၉

www.dhammaransi.com

(၅) အလယ်ဌာပနာတော်သွင်း မဟာမင်္ဂလာ ၉-၂-၂၀၀၉

(၆) ပန်းလည်တိုင်စိုက်ထူခြင်း မဟာမင်္ဂလာ ၉-၂-၂၀၀၉

(၇) အထက်ဌာပနာတော်သွင်း ထီးတော်တင် မဟာမင်္ဂလာ ၇-၃-၂၀၀၉

(၈) ရတနာစိန်ဖူးတော်နှင့် ရတနာငွက်မြတ်နားတော် တင်လှူခြင်း မဟာမင်္ဂလာ ၈-၃-၂၀၀၉

(၉) မြသပိတ်၊ ရွှေကြာသက်နန်းနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာ ၉-၃-၂၀၀၉

ထို့ပြင် စေတီတော်ကြီး၏ လိုဏ်အတွင်းပိုင်းကိုလည်း သစ္စာလေးပါး မျက်နှာကြက်များ၊ ဗွာ၊ ပွင့်၊ ဟော၊ စံ ကျောက်ထွင်းပန်းချီများနှင့် ရွှေဇဝါယွန်းမျက်နှာကြက်တို့ဖြင့် သပ္ပာယ်စွာ မွမ်းမံ ပူဇော်ထားပါသည်။ ထိုကဲ့သို့ ဥပ္ပါတသန္တိစေတီတော်ကြီး တည်ထားကိုးကွယ်နိုင်ခဲ့ခြင်းကြောင့် မြန်မာပြည်သူတို့၏ နှလုံးအိမ်တွင် ကောင်းမှု မင်္ဂလာအကျိုးတရားများ ပြန့်ပွားစည်ပင်ကာ ကမ္ဘာတည်သရွေ့ ဘုရားဒါယကာ၊ ဒါယိကာမအဖြစ် သားစဉ်မြေးဆက် ခံယူနိုင်ကြတော့မည်ဖြစ်ပါကြောင်း ဂုဏ်ယူ မှတ်တမ်းတင်အပ်ပါသည်။

www.dhammaransi.com

ဥပ္ပါတသန္တိစေတီတော် သမိုင်းအကျဉ်း

ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် ရှေးဘိုးစဉ်ဘောင်ဆက် ကာလကပင် ဗုဒ္ဓဘာသာ စည်ပင်ထွန်းကားရာ ဘူမိနက်သန်နေရာမှန်ဖြစ်ခဲ့သည်။ ခေတ်အဆက်ဆက် တည်ထားကိုးကွယ်ခဲ့သော ဘုရား ကျောင်းကန်၊ စေတီ၊ ပုထိုးများနှင့် သာသနိကအဆောက်အအုံများသည် သာသနာရောင်ဝါ ထွန်းလင်း တောက်ပခဲ့ပုံကို ဖော်ပြလျက်ရှိပေသည်။ ဘုန်းလက်ရုံးကြီးမားပြီး အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားခဲ့ကြသည့် ရှေးမင်းအဆက်ဆက်တို့သည် မြတ်ဗုဒ္ဓ၏ သာသနာတော်အား ထွန်းလင်း တင့်တယ် စည်ပင်ပြန့်ပွားအောင် ဆောင်ရွက်ခဲ့ကြသည်။

မြတ်ဗုဒ္ဓဟောကြားတော်မူခဲ့သော ကျမ်းဂန်များအရ ဗုဒ္ဓဘာသာဝင် သူတော်စင်တို့သည် ဓာတုစေတီ၊ ဓမ္မစေတီ၊ ဥဒ္ဒိဿစေတီ၊ ပရိဘောဂစေတီတော်တို့အား တည်ထားကိုးကွယ်လျက် ရှိကြပါသည်။ ထိုသို့ တည်ထားပူဇော်ကြခြင်းသည် သက်တော်ထင်ရှား သဗ္ဗညုမြတ်စွာဘုရားကို ဖူးမြော်ပူဇော်ရာဘိသကဲ့သို့ အကျိုးထူးတရားများ ရရှိခံစားနိုင်သည်ဟု သက်ဝင်ယုံကြည်ခဲ့ကြပါသည်။ ထိုသို့သော သက်ဝင်ယုံကြည်မှုများဖြင့် ဤဘဒ္ဒကမ္ပာတွင် ပွင့်တော်မူကြကုန်သော ဘုရားလေးဆူတို့၏ ဓာတ်တော်မွေတော်များအား ဌာပနာ၍ ရွှေတိဂုံစေတီတော်မြတ်ကြီးကို တည်ထားကိုးကွယ်ခဲ့ကြပါသည်။ လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီးသည် သာသနာ့သမိုင်းတွင် မြန်မာ့ဦးကင်းအဖြစ် တည်ထားကိုးကွယ်ခဲ့သော စေတီတော်ကြီးဖြစ်သည်။ ထို့ပြင် ဗုဒ္ဓဘာသာဝင်တို့၏ အထွတ်အမြတ်ထားရာ၊ အမျိုးဂုဏ်၊ ဇာတိဂုဏ် ဝိသေသလက္ခဏာများ စုဝေးရာ၊ မြတ်ဗုဒ္ဓ၏အမွေ၊ သာသနာ့အမွေ၊ ဘိုးဘွားတို့၏ အမွေများပင် ဖြစ်ပါသည်။

နိုင်ငံတော်၏စေတနာ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် နေပြည်တော်ရှိ ရဟန်းရှင်လူပြည်သူများအား လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီးကို ရည်မှန်းပူဇော် ဖူးမြော်ကြည်ညိုနိုင်ကြစေရန်အတွက် ရွှေတိဂုံပုံတူစေတီတော်မြတ်ကြီးကို တည်ထားကိုးကွယ်ရန် ရည်သန်ခဲ့ပါသည်။ ထို့ကြောင့် နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများနှင့် စစ်ကိုင်းတိုင်း မဲရွာမြို့ ဗောဓိတစ်ထောင်ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တနာရဒ၊ ရန်ကုန်တိုင်း သက်နိုးကျွန်းမြို့နယ် ပုညနိမ္မိတာရာမ ရွှေသုဝဏ္ဏကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသဒ္ဓိယ မထေရ်မြတ်တို့၏ သြဝါဒကိုခံယူကာ ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ဉာဏ်တော်ထက် အမြင့်တစ်ပေ လျော့၍ ဉာဏ်တော်အမြင့် ၃၂၅ ပေဖြင့် ရွှေတိဂုံပုံတူ ''ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး''ကို တည်ထားကိုးကွယ်ခဲ့ကြပါသည်။

နိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသော ရဟန်းရှင်လူပြည်သူအပေါင်း ဘေးဥပဒ်အန္တရာယ် ရန်အသွယ်သွယ်ကင်းဝေးစေပြီး ကောင်းကျိုးချမ်းသာ ကျက်သရေမင်္ဂလာအဖြာဖြာနှင့် ပြည့်စုံစေရန် ရည်ရွယ်လျက် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးကို တည်ထားကိုးကွယ်ခဲ့ပါသည်။ ''ဥပ္ပါတ'' ဖြစ်ပေါ် တွေ့ကြုံလာသည့် ဘေးအန္တရာယ်အားလုံးကို ''သန္တိ''ငြိမ်းအေးစေခြင်းဟူသော အနက်အဓိပ္ပာယ်ကို ရယူကာ ဥပ္ပါတသန္တိ စေတီတော်ဟူ၍လည်းကောင်း၊ စေတီတော်တည်ထားသည့် ကုန်းတော်အား ဥပ္ပါတသန္တိကုန်းတော် ဟူ၍လည်းကောင်း ပူဇော်သမုတ်ခဲ့ကြပါသည်။

www.dhammaransi.com

တည်နေရာ

ဥပ္ပါတသန္တိစေတီတော်တည်နေရာသည် နေပြည်တော် ပျဉ်းမနားမြို့၊ အနောက်မြောက်ဘက် နှစ်မိုင် လေးဖာလုံခန့် အကွာအဝေးရှိ သပြေတောင်အရှေ့မြောက်၊ ဥပုသ်တောရကျောင်းကုန်းကြောပေါ်ရှိ မြင့်မားထွတ်မြတ်သော ကုန်းတော်ဖြစ်ပါသည်။ စေတီတော်၏ ဝတ္တကပြေအကျယ်အဝန်းသည် ၁၅၇ ဒသမ ၁၉ ပေ ကျယ်ဝန်းပါသည်။ စေတီတော်ကြီး တည်ထားကိုးကွယ်မည့် ကုန်းတော်၏ အလယ်ဗဟို တည်နေရာသည် မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၄၆ မိနစ် ၁၅ ဒသမ ၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၁၀ မိနစ် ၅၈ ဒသမ ၈ စက္ကန့်တွင် တည်ရှိပြီး ပင်လယ်ရေမျက်နှာပြင်မှ အမြင့် ၅၁၉ ဒသမ ၇၆၁ ပေ ရှိပါသည်။

ကျမ်းဂန်နှင့်အညီ

ကြည်ညိုသဖွယ်ဖွယ် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအား မြန်မာ့ထုံးတမ်းစဉ်လာ ခေတ်အဆက်ဆက်လိုက်နာကျင့်သုံးခဲ့ကြသော သာသနာဝင်ကျမ်း၊ ဗုဒ္ဓဝင်ကျမ်း၊ ဌာပနာပုံကျမ်း၊ ဗိသုကာကျမ်း၊သတ္တုရူပက ဝိဇ္ဇာသနိကျမ်း၊ မြန်မာ့ရိုးရာ ပဋိမာ သိပ္ပံမုဒြာကျမ်း အစရှိသော ကျမ်းဂန်စာပေတို့နှင့်အညီ အနန္တရာယိက မြေသန့်မဟာမဂ်လာ၊ ပန္နက်တော်တင် တွင်းတော်ဝန်း မဟာမဂ်လာ၊ ရတနာအုတ်မြစ်တော်စီ မဟာမဂ်လာ၊ သတ္တဌာန မူလဌာပနာတော်သွင်း မဟာမဂ်လာ၊ အလယ်ဌာပနာတော်သွင်း မဟာမဂ်လာ၊ ပန်းလည်တိုင်စိုက်ထူခြင်း မဟာမဂ်လာ၊ အထက်ဌာပနာတော်သွင်း မဟာမဂ်လာ၊ ရွှေထီးတော်တင် မဟာမဂ်လာ၊ ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမဂ်လာ အခမ်းအနားများ စည်ကားသိုက်မြိုက်စွာ ကျင်းပ၍ တည်ထားကိုးကွယ်ခဲ့ကြပါသည်။

နိဂုံးတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဦးဆောင်လမ်းညွှန်မှုဖြင့် ဉာဏ်တော်အမြင့် ၃၂၅ ပေရှိ လိုဏ်တော်ပါ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးကို နိဂုံးတော်အစိုးရနှင့် စေတနာရှင်ပြည်သူများ၏ နိဗ္ဗာန်ရည်မှန်း ပါဝင်လှူဒါန်းမှုများဖြင့် တည်ထားပူဇော်ခဲ့ကြပါသည်။ စေတီတော်လိုဏ်အတွင်း၌ ကျောက်စိမ်းရုပ်ပွားတော် လေးဆူ၊ စေတီတော် ပရိဝုဏ်အရှေ့တောင်ထောင့်တွင် ၁၀၈ ပေ အမြင့်ဆောင်သည့် တံခွန်တိုင်တော်၊ စေတီတော် မုခ်ဦးလေးခုနှင့် စောင်းတန်းလေးသွယ်၊ စေတီတော်အောင်မြေ၊ တတ်လှေကားနှစ်စင်း၊ စေတီတော်ရင်ပြင်နှင့် မဟာရံတံတိုင်း၊ ဥပ္ပါတသန္တိကုန်းတော်လမ်းနှင့် စေတီတော်ပတ်လမ်း၊ မဟာဗောဓိပင်တော်ပွင့်ရာ ဗောဓိညဏ်တော်၊ ဗောဓိညောင် ဥယျာဉ်တော်၊ စေတီတော်ပတ်လည် မြေထိန်းနံရံ၊ ဥပ္ပါတသန္တိ ကုန်းတော် စိမ်းလန်းစိုပြည်ရေး၊ ရှင်ဥပဂုတ္တ ကျောင်းဆောင်တော်နှင့် မဂ်လာရောက်တော်ကြီး၊ ဘုရားပွဲတော် နှစ်စဉ်ကျင်းပနိုင်ရန် ပွဲတော်ကွင်းနှင့် စျေးဆိုင်ဝင်း၊ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ သာသနိက အဆောက်အအုံများဖြစ်သော ဥပ္ပါတသန္တိဝိသုဂါမရွှေသိမ်တော်၊ စေတီယပါလစံကျောင်းတော်၊ သံဃာရာမကျောင်းဆောင်တော်လေးဆောင်၊ သာသနာ့မဟာဗိမာန်တော် ပြတိုက်၊ ဝိဇ္ဇကတ်တိုက်၊ မော်ကွန်းတိုက်၊ ဂေါပကအပ္ပဲရုံးအပါအဝင် စေတီတော်မြတ်ကြီးနှင့် သာသနိကအဆောက်အအုံများအားလုံးကို မြန်မာဗိသုကာပညာ၊ မြန်မာမူအနုပညာ ပန်း ၁၀ မျိုးလက်ရာစုံများဖြင့် တည်ထားကိုးကွယ်ခဲ့ပါသည်။

ကောင်းကျိုးမဂ်လာ

ဗုဒ္ဓမြတ်စွာသာသနာတော်ကြီးအား နေရောင်လရောင်ပမာ ထွန်းလင်းတောက်ပ တည်တံ့နေစေရေးအတွက် ဗုဒ္ဓဘာသာဝင် ရဟန်းရှင်လူပြည်သူအပေါင်းက ကြိုးပမ်းလျက်ရှိပါသည်။ ဥပ္ပါတသန္တိ စေတီတော်မြတ်ကြီးသည် ဗုဒ္ဓသာသနာတော်ကြီး စည်ပင်ပြန့်ပွားထွန်းကားစေရန်နှင့် ကမ္ဘာတည်သရွေ့ တည်တံ့စေရန်အတွက် ကြိုးပမ်း

www.dhammaransi.com

ဖော်ဆောင်သော နိုင်ငံတော်အစိုးရ၏ ဆောင်ရွက်ချက်ဟု ဆိုရပါမည်။ စေတီတော်မြတ်ကြီး၏ တန်ခိုးတော်ကြောင့် တိုင်းရင်းသားပြည်သူအားလုံးတို့သည် စည်းလုံးညီညွတ်ခြင်း၊ ငြိမ်းချမ်းခြင်း၊ ခိုင်မြဲခြင်း၊ စည်ပင်သာယာဝပြောခြင်း၊ တိုးတက်ခေတ်မီခြင်းစသော လောကီကောင်းကျိုးချမ်းသာ မဂ်လာများသာမက လောကုတ္တရာကောင်းကျိုးချမ်းသာ မဂ်လာများပါ မလွဲမသွေ ရရှိခံစားနိုင်တော့မည်မှာ မလွဲကောန်ပင်ဖြစ်ပါသည်။

. . . . . .

www.dhammaransi.com

အနန္တရာယိက ဖြေသိမ့်မဟာမင်္ဂလာ

www.dhammaransi.com

အနန္တရာယိက မြေသန့်မဟာမင်္ဂလာ

နေပြည်တော်၌ တည်ထားကိုးကွယ်မည့် ဥပ္ပါတသန္တိစေတီတော် အနန္တရာယိက မြေသန့် မဟာမင်္ဂလာ အခမ်းအနားကို ၂၀၀၆ ခုနှစ်၊ ဩဂုတ်လ ၄ ရက်၊ နံနက် ၇ နာရီက စေတီတော်တည်ထားကိုးကွယ်မည့် ကုန်းတော်၌ ကျင်းပသည်။ ထိုအခမ်းအနားသို့ ဥပ္ပါတသန္တိစေတီတော် တည်ဆောက်ရေးဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦး(ယခု အတွင်းရေးမှူး-၁) တက်ရောက်၍ ပရိတ်ကျောက်အိုးနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

တက်ရောက်ကြည်ညိုခြင်း

မြေသန့်မဟာမင်္ဂလာအခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် တပ်ကုန်းမြို့နယ် ရွာဦးစန္ဒာရုံကျောင်း ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တစန္ဒသီရိ အမှူးပြုသည့် ဆရာတော်သံဃာတော်များ ကြွရောက်တော်မူကြပြီး သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်၊ ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်ဆွေ၊ ဥပ္ပါတသန္တိစေတီတော် တည်ဆောက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သန်းဌေးနှင့် စေတီတော်တည်ဆောက်ရေး ဦးစီးကော်မတီအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။ အခမ်းအနား၌ သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးစံသင်းလိုင်က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်သည်။

လှူဒါန်းပူဇော်ခြင်း

အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ဖွင့်လှစ်ပြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တပ်ကုန်းမြို့နယ် ရွာဦးစန္ဒာရုံကျောင်း ပဓာနနာယကဆရာတော်ထံမှ ပရိသတ်တို့က ကိုးပါးသီလခံယူ ဆောက်တည်ကြသည်။ ယင်းနောက် ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်ချည်၊ ပရိတ်သဲနှင့် ပရိတ်ကျောက်များကို သံဃာတော်များထံ ဆက်ကပ်သည်။ ဆက်လက်၍ သံဃာတော်အရှင်သူမြတ်တို့ ရွတ်ဖွားသရဇ္ဈာယ်တော်မူသည့် သမန္တာမုစ္ဆ၍ မေတ္တာသုတ်တော်၊ ရတနာသုံးပါးဂုဏ်တော်နှင့် ပုဗ္ဗဏှသုတ် ပရိတ်တရားတော်များကို နာယူကြသည်။ ထို့နောက် ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်ချည်၊ ပရိတ်သဲများကို စေတီတော်ဝတ္ထုကုံတွင် ပက်ဖျန်းကြဖြန့် ချည်နှောင်ကြသည်။ ယင်းနောက် ဥပ္ပါတသန္တိစေတီတော် တည်ဆောက်ရေးဦးစီးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦး (ယခု အတွင်းရေးမှူး-၁) က နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် တပ်ကုန်းမြို့ ရွာဦးစန္ဒာရုံကျောင်း ပဓာန နာယကဆရာတော်အား ပရိတ်ကျောက်အိုးနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။ ဝန်ကြီးများနှင့် စေတီတော်တည်ဆောက်ရေးဦးစီးကော်မတီ အဖွဲ့ဝင်များက ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ပရိသတ်တို့က ပျဉ်းမနားမြို့ မဟာဝိသုတာရာမ ဈေးကုန်းကျောင်းတိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကဝိသာရထံမှ အနုမောဒနာတရားနာကြား၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။ ဆက်လက်၍ ဆရာတော်၊ သံဃာတော်များအား စေတီတော်ဝတ္ထုကုံ နယ်နိမိတ်အတွင်း ပင့်ဆောင်ကြသည်။ ဥပါသကာများကလည်း ပရိတ်ကျောက်အိုးများကို ယူဆောင်၍ စေတီတော်ဝတ္ထုကုံ နယ်နိမိတ်အတွင်း သတ်မှတ်နေရာအသီးသီး၌ နေရာယူကြသည်။ ဆရာတော်၊ သံဃာတော်များက အနန္တရာယိက ကမ္မဝါ

www.dhammaransi.com

ရွတ်ဖတ်တော်မူကြသည်။ စေတီတော်တည်ဆောက်ရေး ဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦး(ယခု အတွင်းရေးမှူး-၁)က မင်္ဂလာအချိန်အခါ ဖြစ်သည့် နံနက် ၇ နာရီ၊ ၄၅ မိနစ်၊စက္ကန့် ၂၀ တွင် ဝတ္ထုကံနယ်နိမိတ်အတွင်း ပရိတ်ကျောက်အိုးကို မြှုပ်နှံပြီး အမွှေးနံ့သာ ပက်ဖျန်းပေးသည်။

ထို့နောက် သာသနာရေးဦးစီးဌာနမှ ဦးစီးအရာရှိ သဒ္ဓမ္မဇောတိကဓဇ ဦးသူရက အောင်ဆုမင်္ဂလာ အမျှဝေစာတမ်းကို ဖတ်ကြား၍ နတ်ဗြဟ္မာများအား ပြန်လည်ပို့ဆောင်သည်။ ထို့နောက် ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ မြေသန့်မဟာမင်္ဂလာအခမ်းအနားကို ရုပ်သိမ်းလိုက်ပြီး မဟာမင်္ဂလာ အခမ်းအနား အောင်မြင်ပြီးမြောက်ခြင်း အထိမ်းအမှတ်အဖြစ် ရတနာဂျွေမိုး၊ ငွေမိုး ရွာသွန်းဖြိုးကြသည်။

ဝတ်ရွတ်ပူဇော်

နေပြည်တော်၌ တည်ထားကိုးကွယ်မည့် ဥပ္ပါတသန္တိစေတီတော် အနန္တရာယိက မြေသန့်မဟာမင်္ဂလာနှင့် ပန္နက်တော်တင်၊ တွင်းတော်ဝန်း မဟာမင်္ဂလာအခမ်းအနားများ မကျင်းပမီ အကြိုရက်များတွင် ကုန်းတော်ရှိ မင်္ဂလာမဏ္ဍပ်၌ ဆရာတော် သံဃာတော်များက ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ခြင်း၊ အန္တရာယ်ကင်း သီရိမင်္ဂလာပရိတ် ရွတ်ဖတ်ပူဇော်ခြင်း၊ ကမ္မဝါရွတ်ဖတ်ခြင်းများ ပြုတော်မူကြပြီး ဝန်ကြီးဌာနများမှ ဝတ်အသင်းအဖွဲ့များ၊ ပျဉ်းမနား တပ်နယ်ရှိ တပ်ရင်းတပ်ဖွဲ့များနှင့် ပျဉ်းမနားမြို့ပေါ်ရှိ ဝတ်အသင်းအဖွဲ့များကလည်း ဝတ်ရွတ်ပူဇော်ကြသည်။

ဥပ္ပါတသန္တိစေတီတော်ကို ဥဏ္ဍာတော်အမြင့် ၃၂၅ ပေရှိမည့် ရွှေတိဂုံပုံတူစေတီအဖြစ် တည်ဆောက်သွားမည်ဖြစ်သည်။ စေတီတော်နှင့်အတူ ပေ ၁၇၀ × ၁၁၄ ပေရှိ သာသနာ့ဗိမာန်တော်၊ ပေ ၉၀ × ၃၆ ပေရှိ သံဃာရာမလေးဆောင်နှင့် ဘုန်းတော်ကြီးကျောင်းတစ်ကျောင်း၊ ၄၅ ပေပတ်လည်ရှိ သိမ်တော်၊ ပေ ၄၀၀ ပတ်လည်ရှိ ရေကန်တော်၊ ပေ ၁၅၀ ပတ်လည်ရှိ ရှင်ဥပဂုတ္တကန်တော်၊ ပေ ၃၀၀ × ပေ ၁၅၀ ရှိ ဗောဓိဉာဏ်စသည့် သာသနိကအဆောက်အအုံများကိုလည်း ထည့်သွင်း တည်ဆောက်သွားမည်ဖြစ်သည်။

• • • • • • • • • • •

www.dhammaransi.com

အနန္တရာယိက မြေသန့်မဟာမင်္ဂလာအခမ်းအနားတွင်
ဖတ်ကြားသော
အောင်ဆုမင်္ဂလာ အမျှဝေစာတမ်းလွှာ

{၁၃၆၈-ခုနှစ်၊ ဝါခေါင်လဆန်း ၁၁-ရက်၊ (၄-၈-၂၀၀၆) သောကြာနေ့}

ရာဇာနီ မြန်မာတို့၏ တိုင်းနေပြည်၌၊ စုံညီသဒ္ဓါ၊ စေတနာဆင့်လောင်း ကုသိုလ်ပေါင်းစု၊ တောင်းဆုခွေရန်၊ ရည်စိတ်သန်လျက်၊ ကြည်ဓိဌာန် ယူမျှော်တင်၊ ပြည်နိဗ္ဗာန် တူပျော်ဝင်ကြမည့်၊ သူတော်စင် များဆွေညာတွက်၊ ရန်ဆိုလျှင် ဝေး၊ ဘေးဆိုလျှင် ရပ်၊ ဥပဒ်ဆိုလျှင် ကာကွယ်၊ အန္တရာယ် အဝဝ၊ ကင်းစင်ပစေဖို့၊ ဥပ္ပါတသန္တိဘွဲ့ဖော်၊ စေတီတော်အား၊ ပူဇော်တည်ထား၊ ကိုးကွယ်သွားမည့်၊ ထူးခြားဌာန၊ ဥပ္ပါတသန္တိ အမည်တူစွာ၊ မြတ်ကုန်းတော်ဤနေရာဝယ်၊ များစွာအသွယ်သွယ်၊ အန္တရာယ် မှန်သမျှ၊ ကင်းစင်ပစေဖို့၊ အနန္တရာယိက၊ မြေသန့်မဟာမင်္ဂလာပွဲ၊ ဆင်ကာနွှဲစဉ်၊ ထူးကဲဆင့်လောင်း၊ ကောင်းမှုပေါင်းကို၊ သောင်းစကြဝဠာ၊ များစွာတွက်ရော၊ ကုဋေတစ်သိန်း၊ တွက်ကိန်းဆဆ၊ အနန္တလျှင်၊ ဝိသယ-အာဏာ၊ ဇာတိဟူသား၊ ခေတ်သုံးပါးဝယ်၊ များလှသတ္တဝါ၊ ဝေနေယျာကို၊ မေတ္တာဖြန့်ပွား၊ ဝေငှကြား၏။

ထူးခြားထိမှ၊ ဂုဏ်ကြီးလှသား၊ မိဘဘိုးဘွား၊ ဆွေမျိုးဉာတကာ၊ ကုလာဇေဌ၊ ဝယသီလာ၊ ပညဝါဖြင့်၊ ဆရာအရှင်၊ ကျေးဇူးဖြင့်သည်၊ ဝန်းကျင်တွင်းပ၊ စောင့်ရှောက်မ သား၊ ဂေဟဒဝတာ၊ ဆယ်ဖြာကျိုးနတ်၊ မြတ်ထွက်ကုန်ကျ၊ အဌ အရိယာ၊ ဒေဝါသက္ကာ၊ ဗြဟ္မမဟာ၊ လောကပါလ၊ ဝဠာဟက၊ ယမတွင်းခြင်း၊ နတ်မင်းအမျာ၊ နဂါးယက္ခ၊ ကုမ္ဘဏ္ဍနှင့်၊ ဂန္ဓဗ္ဗများ၊ လေးခြောဒေဝတာ၊ သုံးဖြာနတ်မျိုး၊ အရိုးရိုးလျှင်၊ တန်ခိုးအာဏာ၊ ဂုဏ်ရိုန်ဝါဖြင့်၊ ပြည် ရွာ တိုင်းကား၊ လူတစ်လွှားကို၊ စီးပွားရှာရှာ၊ သာသနာကို၊ မကွာနေညှ၊ စောင့်ရှောက်ကြသား၊ ဘူမ ရက္ခာ၊ အာကာသဋ္ဌ၊ တွင်နာမဖြင့်၊ ပဗ္ဗတမြားမြောင်၊ တောတောင် ကုန်းကျဉ်း၊ မြစ်ခပင်းနှင့်၊ အိုင်မင်းခုနစ်ဖြာ၊ သတ္တရဘန်ခုနစ်ရပ်၊ ငါးထပ်အာလိန်၊ တေဇာရှိန်သား၊ ဒေဝိန္ဒရာဇ်၊ ဖြစ်ဖြစ်ကုန်ကြ၊ နတ်ထိုမျှကို၊ ရပါစေလေ၊ အမျှဝေ၏။

စိတ်စေတနာ၊ ကောင်းမြတ်စွာလျှင်၊ အာကာမိုးယံ၊ ဘဝဂ်လျှံအောင်၊ နဘံထစ်ကျိုး၊ ကောင်းကင်မိုးသို့၊ ဟစ်ဖြိုးဗျာထု၊ အောင်သာဓုကို၊ ယခုခေါ်ကြ၊ ပေးဝေငှသည်---။

(အားလုံး အမျှပေးဝေကြပါစို့ခင်ဗျား။)

(အမျှ အမျှ အမျှ ယူတော်မူကြပါကုန်လော့။ သာဓု သာဓု သာဓု)[၃]

www.dhammaransi.com

Merit Sharing Letter read at the successful Anantarayika Land-Cleaning Ceremony for the Pagoda

{11th waxing moon day of Wagaung, Friday, 1368 Myanmar Era (4-8-2006)}

Aiming to have any enemy, danger or catastrophe removed for the sake of the virtuous kinsmen, who are determind to attain nibbāna through conviction and merit-making via this Nay Pyi Taw, this excellent Uppātasanti ground to accommodate the Uppātasanti Pagoda has just been cleaned for religious use to free it of all danger so the merit gained is offered with mettā to virtually innumerable nibbāna-eligible world-lings from across 100,000 koti world-systems or the extent of world of living be-ings in reference to the Buddha, ie the three khetta named visaya khetta, ānā khetta, jāti khetta for sharing.

Again, may the merit be shared by you all, namely, parents and ancestors, rela-tives and kinsmen, those endowed with noble birth, morality or wisdom, teachers who are worthy of great gratitude, with guardians of the surroundings such as house guardian-spirit, eight Ariyan Individuals, Sakka, Maha Brahma, guardian deities of the world, rains god, King of Hell, naga and ogre devas, Kumbhanda celestials, musician celestials, and the celestial beings influencing secular prosperity or supporting the sāsana while based on earth, the trees or in the sky, ie numerous mountains or narrow valleys, rivers and the seven lakes, the seven ranges, the davas in their five level habital and celestial Kings.

This offering to share merit is made with good intention, to be marked by cheers of approval rising up to the uppermost heavens.

(Let us share the merit!)

{Share! Share! Share! Sadhu, Sadhu, Sādhu}[3]

www.dhammaransi.com

အနန္တရာယိက မြေသန့်မဟာမင်္ဂလာ

ဥပ္ပါတသန္တိစေတီတော် အနန္တရာယိက မြေသန့်မဟာမင်္ဂလာ မင်္ဂလာအကြို အသံမစဲမဟာပဋ္ဌာန်း
ရွတ်ဖတ်ပူဇော်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပနေစဉ်။

www.dhammaransi.com

အနန္တရာယိက မြေသန့်မဂ်လာ မဂ်လာအကြို အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ
ပွင့်ပွဲအခမ်းအနားတွင် ဆရာတော်အား ပရိတ်ပန်းဆက်ကပ်လှူဒါန်းစဉ်။

အနန္တရာယိက မြေသန့်မဂ်လာ မဂ်လာအကြို အသံမစဲမဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲ
ပွင့်ပွဲအခမ်းအနား တွင် ဆရာတော်အား ပဋ္ဌာန်းစာအုပ်များ ဆက်ကပ်လှူဒါန်းစဉ်။

www.dhammaransi.com

အနန္တရာယိက မြေသန့်မဂ်လာ မဂ်လာအကြို အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ
အခမ်းအနားတွင် ဆရာတော်အား ပရိတ်ဓိုး ဆက်ကပ်လှူဒါန်းစဉ်။

အနန္တရာယိက မြေသန့်မဂ်လာ မဂ်လာအကြို အသံမစဲမဟာပဋ္ဌာန်း
ရွတ်ဖတ်ပူဇော်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် တရားနာယူကြစဉ်။

www.dhammaransi.com

တောင်အရပ်တွင် မြေသန့်
ကျောက်နိမိတ်တော် စိုက်ထူစဉ်။

အရှေ့တောင်ထောင့်အရပ်တွင် မြေသန့်
ကျောက်နိမိတ်တော် စိုက်ထူစဉ်။

အရှေ့မြောက်ထောင့်အရပ်တွင် မြေသန့်
ကျောက်နိမိတ်တော် စိုက်ထူစဉ်။

အနောက်အရပ်တွင် မြေသန့်
ကျောက်နိမိတ်တော် စိုက်ထူစဉ်။

www.dhammaransi.com

ပန္ဆက်တော်တင် တွင်းတော်ဝန်း

မဟာမင်္ဂလာ

www.dhammaransi.com

ပန္နက်တော်တင် တွင်းတော်ဝန်း မဟာမင်္ဂလာ

နေပြည်တော်၌ တည်ထားကိုးကွယ်မည့် ဥပ္ပါတသန္တိစေတီတော် ပန္နက်တော်တင်၊ တွင်းတော်ဝန်း မဟာမင်္ဂလာ အခမ်းအနားကို ၂၀၀၆ ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက်၊ နံနက် ၈ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ စေတီတော်တည်ထားမည့် ကုန်းတော်မင်္ဂလာမဏ္ဍပ်၌ ကျင်းပသည်။

တက်ရောက်ကြည်ညို

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီးဒေါ်ကြိုင်ကြိုင်တို့ တက်ရောက်ကြည်ညိုခြင်း မဟာဗောဓိပင်ကို စိုက်ပျိုး ပူဇော်ကြသည်။

အခမ်းအနားသို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မကွေးဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရအမှူးပြုသော နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက တိပိဋကကောဝိဒ ဆရာတော်ကြီးများနှင့် ပဉ်ဖိတ်တော်မူထားသည့် ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီးဒေါ်မြမြစန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် ဇနီး ဒေါ်ခင်လေးသက်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွဲ့၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသိန်းစိန်(ယခု နိုင်ငံတော်ဝန်ကြီးချုပ်)နှင့်ဇနီး ဒေါ်ခင်ခင်ဝင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များနှင့် ၎င်းတို့၏ ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော် အရာရှိကြီးများ၊ နေပြည်တော်တိုင်း စစ်ဌာနချုပ်တိုင်းမှူး၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ ဥပ္ပါတသန္တိစေတီတော် တည်ဆောက်ရေးဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီဝင်များ၊ ဆပ်ကော်မတီဝင်များ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနအသီးသီးမှ ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ အလှူရှင်များ၊ နန်းရှေ့မင်္ဂလာစည်တော် အဖွဲ့ဝင်များ၊ ဝတ်အသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားတွင် သာသနာရေးဦးစီးဌာန ဦးစီးအရာရှိ သဒ္ဓမ္မဇောတိကဓဇ ဦးသူရက အခမ်းအနားမှူး အဖြစ်ဆောင်ရွက်သည်။ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး မင်္ဂလာငွေခရုနှင့် အောင်စည်အောင်မောင်း ကိုးကြိမ် တီးမှုတ်ပူဇော်ကြသည်။ ထို့နောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ၊ မကွေးဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မ ဇောတိက ဘဒ္ဒန္တကုမာရထံမှ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီးဒေါ်ကြိုင်ကြိုင်နှင့် ပရိသတ်တို့က ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။ ယင်းနောက် ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်ချည်၊ ပရိတ်သဲနှင့် ပရိတ်ကျောက်များကို ဆရာတော်ကြီးများထံ ဆက်ကပ်ကြသည်။ ဆက်လက်၍ ဥပါသကာများက ဥပ္ပါတသန္တိစေတီတော်နှင့် သာသနိကအဆောက်အအုံ ခုနစ်ဌာနတို့၏ ရတနာပန္နက်တော်၊ ရွှေလက်ရိုက်တော်နှင့် ရွှေတူရွင်းတော်များကို ဆရာတော်ကြီးများထံ ဆက်ကပ်ကြသည်။ ဆရာတော်ကြီးများက သမန္တာမုစ္ဆာ မေတ္တာသုတ်တော်၊ ရတနာသုံးပါးဂုဏ်တော်နှင့် ပုဗ္ဗဏှသုတ် ပရိတ်တော်များကို ရွတ်ဖွားသရဇ္ဈာယ် ချီးမြှင့်တော်မူကြသည်။ ယင်းနောက် ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်ချည်၊ ပရိတ်သဲနှင့် ပရိတ်ကျောက်များကို ယူဆောင်၍ စေတီတော်ဝတ္ထုကုံတွင် ပက်ဖျန်းကြဖြန့် ချည်နှောင်ကြသည်။

www.dhammaransi.com

လှုဒါန်းပူဇော်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့က နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ၊ မကွေးဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိကထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီး သူရရွှေမန်းနှင့် ဇနီး ဒေါ်ခင်လေးသက်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွဲ့၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီးသိန်းစိန် (ယခု နိုင်ငံတော်ဝန်ကြီးချုပ်)နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့က ဆရာတော်ထံ လှူဖွယ် ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီဝင်များ၊ ကာကွယ်ရေးဦးစီးချုပ် (ရေ)၊ ကာကွယ်ရေးဦးစီးချုပ် (လေ)၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများနှင့် ဒုတိယဝန်ကြီးများက ဆရာတော်များထံ လှူဖွယ် ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် အဘိဓဇ မဟာရဋ္ဌဂုရု ညောင်တုန်းဆရာတော် ဘဒ္ဒန္တ ဩသဓာဘိဝံသက အနုမောဒနာတရား ချီးမြှင့်တော်မူရာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် ပရိသတ်တို့က နာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။ ထို့နောက် မင်္ဂလာဒွေခရုနှင့် အောင်စည်အောင်မောင်း ကိုးကြိမ် တီးမှုတ်ပူဇော်သည်။

ပန္နက်တော်တင်ခြင်း

ပန္နက်တော်တင်ခြင်း အခမ်းအနားကို ဆက်လက်ကျင်းပရာ အလှပန်းစိုက် ငွေဖလားကိုင်၊ သာသနာ့အလံကိုင် ဥပါသကာများက ဒေဝါဝင်း ရာဇာဝင်းအဖွဲ့များနှင့်အတူ ရတနာပန္နက်တော်များ၊ ရွှေလက်ရိုက်တော်များ၊ ရွှေတူရွင်းတော်များနှင့် ပရိတ်နံ့သာဖလားများကို ပင့်ဆောင်ပြီး စေတီတော် ဝတ္ထုကံအား လှည့်လည် ပူဇော်ကာ ပန္နက်တော်ဌာနများသို့ ပင့်ဆောင်ပေးကြသည်။ ထိုအချိန်တွင် နန်းရှေ့မင်္ဂလာစည်တော်အဖွဲ့က စည်တော်ရွှမ်းပေးပြီး နိုင်ငံကျော်အဆိုတော် ဦးထွန်းရွှေက မင်္ဂလာစည်တော်သံများကို သီကျူးပူဇော်သည်။ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် သတ်မှတ်ထားသည့် ပန္နက်တော်ဌာနများ၌ နေရာယူကြသည်။

အခမ်းအနားမှူး ဦးသူရက 'မင်္ဂလာအခါတော်'ဟု ကြွေးကြော်လိုက်သည်နှင့် တစ်ပြိုင်နက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦး (ယခု အတွင်းရေးမှူး–၁)က အရှေ့မြောက်ထောင့် တနင်္္ဂနွေအရပ်ရှိ ရတနာပန္နက်တော်ကို စတင်၍ ကိုးချက်တင်လှူပူဇော်ပြီး ပရိတ်နံ့သာရည်များ ပက်ဖျန်းပူဇော်သည်။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းက အရှေ့အရပ်ရှိ ရတနာပန္နက်တော်ကို ကိုးချက်တင်လှူပူဇော်ပြီး ပရိတ်နံ့သာရည်များ ပက်ဖျန်းပူဇော်သည်။ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းက အရှေ့တောင်ထောင့်အရပ်ရှိ ရတနာပန္နက်တော်ကို ကိုးချက် တင်လှူပူဇော်ပြီး ပရိတ်နံ့သာရည်များ ပက်ဖျန်းပူဇော်သည်။ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က တောင်အရပ်ရှိ ရတနာပန္နက်တော်ကို ကိုးချက်တင်လှူပူဇော်ပြီး ပရိတ်နံ့သာရည်များ ပက်ဖျန်းပူဇော်သည်။ နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး တင်အေးက အနောက်တောင်ထောင့် အရပ်ရှိ ရတနာပန္နက်တော်ကို ကိုးချက်တင်လှူ ပူဇော်ပြီး ပရိတ်နံ့သာရည်များ ပက်ဖျန်းပူဇော်သည်။ ဆက်လက်၍ နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ် (ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီး

www.dhammaransi.com

မောင်အေးက အနောက်အရပ်ရှိ ရတနာပန္နက်တော်ကို ကိုးချက်တင် လှူပူဇော်ပြီး ပရိတ်နံ့သာရည်များ ပက်ဖျန်းပူဇော်သည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းက အနောက်မြောက်ထောင့်အရပ်ရှိ ရတနာပန္နက်တော်ကို ကိုးချက်တင်လှူ ပူဇော်ပြီး ပရိတ်နံ့သာရည်များ ပက်ဖျန်းပူဇော်သည်။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသိန်းစိန် (ယခု နိုင်ငံတော်ဝန်ကြီးချုပ်)က မြောက်အရပ်ရှိ ရတနာပန္နက်တော်ကို ကိုးချက်တင်လှူပူဇော် ပြီး ပရိတ်နံ့သာရည်များ ပက်ဖျန်းပူဇော်သည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ဗဟိုပန္နက်တော်ကို ကိုးချက်တင်လှူပူဇော်ပြီး ပရိတ်နံ့သာရည်များ ပက်ဖျန်းပူဇော်သည်။ ဆရာတော်ကြီးများက 'ဘဝတု သဗ္ဗမင်္ဂလံ' သုံးဂါထာကို သုံးကြိမ်ရွတ်ဆိုပူဇော်တော်မူကြပြီး မင်္ဂလာစည်တော်အဖွဲ့က မင်္ဂလာငွေခရုနှင့် အောင်စည်အောင်မောင်း ကိုးကြိမ်တီးမှုတ် ပူဇော်သည်။

တွင်းတော်ဝန်း မဟာမင်္ဂလာအခမ်းအနား

ယင်းနောက် အခမ်းအနားအစီအစဉ် တတိယပိုင်း တွင်းတော်ဝန်း မဟာမင်္ဂလာအခမ်းအနားတွင် အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသိန်းစိန် (ယခုနိုင်ငံတော်ဝန်ကြီးချုပ်) နှင့် အဖွဲ့ဝင်များက သတ်မှတ်နေရာများ၌ နေရာယူကြသည်။ အခမ်းအနားမှူးက မင်္ဂလာအခါတော်ကြား စာတမ်းကို ဖတ်ကြားသည်။ မင်္ဂလာအချိန်နံနက် ၉ နာရီ ၃၆ မိနစ်တွင် အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသိန်းစိန်(ယခုနိုင်ငံတော်ဝန်ကြီးချုပ်)က အရှေ့တောင်ထောင့်အရပ်၌လည်းကောင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက တောင်အရပ်၌လည်းကောင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသီဟသူရ တင်အောင်မြင့်ဦး (ယခု အတွင်းရေးမှူး-၁) က အရှေ့အရပ်၌ လည်းကောင်း၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်းက အနောက်တောင်ထောင့်အရပ်၌လည်းကောင်း၊ ရတနာပန္နက်တော်များကို ရွှေတူရွင်းလက်များဖြင့် တစ်ပြိုင်တည်း တွင်းတော်ဝန်းပေးကြပြီး ပရိတ်နံ့သာရည်များ ပက်ဖျန်းပူဇော်ကြသည်။

ဆရာတော်ကြီးများက ဘဝတုသဗ္ဗမင်္ဂလံသုံးဂါထာကို ရွတ်ဆိုပူဇော်တော်မူကြပြီး မင်္ဂလာ စည်တော်အဖွဲ့က မင်္ဂလာငွေခရုနှင့် အောင်စည်အောင်မောင်း ကိုးကြိမ် တီးမှုတ်ပူဇော်ကြသည်။ ထို့နောက် ဥပ္ပါတသန္တိစေတီတော် တည်ဆောက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ် သန်းဌေးက နဂါးစာကျွေးပြီး အခမ်းအနားမှူးက နဂါးစာကျွေးစာတမ်းကို ဖတ်ကြားသည်။ ဆရာတော်များက '**ဇယန္တော ဗောဓိယာမူလေ**' အစရှိသော ဇယမင်္ဂလာ အောင်ဂါထာတော်များကို ရွတ်ဆိုပူဇော်တော်မူကြသည်။ ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ဥပ္ပါတသန္တိစေတီတော် ပန္နက်တော်တင်၊ တွင်းတော်ဝန်း မဟာမင်္ဂလာအခမ်းအနား အောင်မြင်ပြီးမြောက်ခြင်း အထိမ်းအမှတ်အဖြစ် ရတနာ ရွှေမိုး ငွေမိုးများ ရွာသွန်းဖြိုးကြသည်။

သာသနိကအဆောက်အအုံများ ပန္နက်တင်ခြင်း

သာသနိကအဆောက်အအုံ ခုနစ်ဌာနတို့အတွက် ပန္နက်တော်တင်၊ တွင်းတော်ဝန်းမင်္ဂလာ အစီအစဉ်ကို ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် သိမ်တော်တည်ဆောက်မည့်နေရာ၌ နေရာယူကြသည်။ ထို့နောက် အခမ်းအနားမှူး သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှ အကြပေးအရာရှိ ဦးမင်းကြည်က '**မင်္ဂလာအခါတော်**'ဟု ကြွေးကြော်သည်နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် သိမ်တော်အတွက် ပန္နက်တော် တင်ပေး

www.dhammaransi.com

ကြသည်။ ဘုန်းတော်ကြီးကျောင်းတော်အတွက် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသိန့် အလှူရှင် ဦးစိုးမြင့် (ငွေဆင်ကုမ္ပဏီ)၊ သံဃာရာမအဆောင် (၁) အတွက် အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးခုံပြေ သူရအေးမြင့်နှင့် အလှူရှင် ဦးတင့်ဆန်း(အေစိအီးကုမ္ပဏီ)၊ သံဃာရာမအဆောင် (၂) အတွက် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းနှင့် အလှူရှင် ဦးအောင်ကိုဝင်း (ကမ္ဘောဇဘဏ်)၊ သံဃာရာမ အဆောင် (၃) အတွက် ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးနှင့် အလှူရှင် ဦးထွန်းမြင့်နိုင် (အေရှားဝေါလ်ကုမ္ပဏီ)၊ သံဃာရာမ အဆောင် (၄) အတွက် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်းနှင့် အလှူရှင် ဦးချစ်ခိုင် (ဒေဝင်ကုမ္ပဏီ)၊ သာသနာ့ဗိမာန်တော်အတွက် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေနှင့် အလှူရှင် ဦးတေဇ (ထူးထရေးဒင်းကုမ္ပဏီ)တို့က ပန္နက်တော် တင်ပေးကြသည်။ ထို့နောက် သာသနိက အဆောက်အအုံ ပန္နက်တော်နေရာများ၌ တစ်ပြိုင်တည်း တွင်းတော်ဝန်းပေးကြပြီး ပရိတ် နံ့သာရည်များ ပက်ဖျန်း ပေးကြသည်။ ထိုအချိန်တွင် ဆရာတော်ကြီးများက ဘဝတု သဗ္ဗမင်္ဂလံ သုံးဂါထာကို ရွတ်ဆို ပူဇော်တော်မူကြသည်။ ထို့နောက် နဂါးစာကျွေးပြီး သံဃာတော်များ ဦးဆောင်၍ 'ဇယန္တော ဗောဓိယာ မူလေ' အစချီသော ဇယမင်္ဂလာ အောင်ဂါထာများကို ရွတ်ဆို ပူဇော်တော်မူကြသည်။

မဟာဗောဓိပင် စိုက်ပျိုး

မဟာဗောဓိပင် စိုက်ပျိုးပူဇော်ပွဲကို ဥပ္ပါတသန္တိစေတီတော်၏ အရှေ့မြောက်ထောင့်အရပ် သတ်မှတ်နေရာ၌ကျင်းပရာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်သည်။ ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့က မဟာဗောဓိပင်စိုက်ပျိုးမည့်နေရာကို ကျောက်မျက် ရတနာများနှင့် ရွှေငွေများ ထည့်သွင်း ပူဇော်ကြသည်။ အခမ်းအနားမှူး သာသနာရေးဦးစီးဌာနမှ ဒုတိယ ညွှန်ကြားရေးမှူး ဦးထွန်းရွှေက **'မဟာဗောဓိရုက္ခ ရောပနပူဇာ ဂါထာ'**ကို ဖတ်ကြားပူဇော်သည်။ ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့က မဟာဗောဓိပင်အား စိုက်ပျိုးပူဇော်ပေးကြပြီး မြေဆီမြေဩဇာများနှင့် ရေစင်ရေသန့်၊ ပရိတ်နံ့သာရည်များဖြင့် သွန်းလောင်းပက်ဖျန်း ပူဇော်သည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးဇနီး ဒေါ်မြမြစန်းနှင့် အဖွဲ့ဝင်များက မဟာဗောဓိပင်အား မြေဆီ၊ မြေဩဇာများနှင့် ရေစင်ရေသန့်၊ ပရိတ်နံ့သာရည်များဖြင့် သွန်းလောင်းပက်ဖျန်း ပူဇော်သည်။ ထိုသို့ မြေဆီမြေဩဇာ ရေစင်ရေသန့်၊ ပရိတ်နံ့သာရည်များဖြင့် သွန်းလောင်းပက်ဖျန်း ပူဇော်နေချိန်တွင် ဆရာတော်သံဃာတော်များက ဇယန္တော ဗောဓိယာမူလေ အစချီသော ဇယမင်္ဂလာအောင် ဂါထာတော်များကို သုံးကြိမ်ရွတ်ဆို ပူဇော်တော်မူကြသည်။ ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များသည် ဗုဒ္ဓံသရဏံဂစ္ဆာမိ အစချီသော အရိယာ သာဝတ္တိဂါထာတော်ကို ရွတ်ဆိုပူဇော်၍ မဟာဗောဓိပင် အား လက်ယာရစ်တစ်ပတ် လှည့်လည်ပူဇော်ကြသည်။ အခမ်းအနားမှူးက အောင်ဆုမင်္ဂလာအမျှဝေစာတမ်းကို ဖတ်ကြားပြီး နတ်ဗြဟ္မာများအား ပြန်လည်ပို့ဆောင်သည်။ ထို့နောက် **'ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု'** သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်းအနားကို ရပ်သိမ်းလိုက်သည်။ ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များသည် မင်္ဂလာမဏ္ဍပ်၌ ဆရာတော် သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

• • • • • • • • •

www.dhammaransi.com

ပန္နက်တော်တင် တွင်းတော်ဝန်း မဟာမင်္ဂလာ အခါတော်ကြား စာတမ်း

သိဒ္ဓိရတ္တု၊ ဇယတု၊ ဘဝတု သဗ္ဗမင်္ဂလံ။

ဇမ္ဗူအောင်မြေ၊ မြရောင်ဝေတည်း၊ သပြေလက်ယာ၊ ဟေဝန္တာမှ၊ သွယ်ဖြာတောင်ဦး၊ မြရည်လူးသည်၊ ပဲခူးရိုးမ၊ ရှမ်းရိုးမတို့၊ လယ်က မဇ္ဈေ၊ ရှင်းသန့်မြေဝယ်၊ မြန့်နေပြည်တော်၊ တိုင်းအကျော်၌၊ ရှင်တော်သာသနာ မြတ်သုံးဖြာလျှင်၊ ကောင်းစွာသိုက်မြိုက်၊ အခြေစိုက်၍၊ ဦးခိုက်ပူဇော၊ မင်္ဂလာဖြင့်၊ ဗိုလ်ပါလူထု၊ မြတ်ကောင်းမှုကို၊ ပြုကြစေရန်၊ စိတ်ရည်သန်လျက်၊ မြန်မာနိုင်ငံတော် အဓိပတိ၊ သိရိပဝရ၊ သာသနာ့ဒါယကာ၊ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၊ ဥပ္ပန်းဆွေလျှင်၊ စွေသဒ္ဒါလှိုင်၊ ဒေါ်ကြိုင်ကြိုင်တို့၊ ညီပြိုင်ရှေ့သွား၊ အမှူးထားသည့်၊ ဘုရားဒါယကာ ဘုရား ဒါယိကာမတို့က သိဂုံတွဲရအထွတ်၊ ရွှေတောင် မြတ်၌၊ ကိန်းဝပ်ဓာတ်ပုံ၊ ရွှေတိဂုံကို၊ အာရုံပုံတူ၊ ကိုယ်ပွား ယူ၍၊ လူလည်းလေးမြတ်၊ နတ်လည်းကြည်ညို၊ ပြဟ္မာလိုသား၊ မျှားထိုအဝဝ၊ ဘေးစင်ပသည်၊ ဥပ္ပါတသန္တိ၊ ရွှေစေတီကို၊ ပီတိရွှင်ဖြာ၊ အောင်ဇယျာဖြင့်၊ ရတနာပန္နက်တော်တင်၊ တွင်းတော်ဝန်း မဟာမင်္ဂလာ၊ အတုလပူဇာ ပြုအံ့သော အချိန်အခါသော်မူကား-

မင်္ဂလာရက်။ သာသနာတော်နှစ် ၂၅၅၀ ပြည့်နှစ်၊ ဟေမန္တဥတု၊ ကတ္တိကာမာသ၊ ကဏှပက္ခ၊ အဋ္ဌမီ၊
မြန်မာနှစ် ၁၃၆၈ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက်၊
ခရစ်နှစ် ၂၀၀၆ ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက်၊ တနင်္ဂနွေနေ့၊
မင်္ဂလာအချိန်။ နံနက်၊ နေတက်၊ မြန်မာစံတော်ချိန်
စက် ၀၉ နာရီ၊ ၃၆ မိနစ် သမယ ဖြစ်သတည်း။

www.dhammaransi.com

Siddham: Vande Buddhanca Uppata-santiti cetiyam varam.
Modam labhantu rajano, susukham ca sarathika.

UPPATASANTI CETIYARAMBHA
Letter to announce the time of The Auspicious Jewel Stake-driving and Digging of the Sacred Hole

Siddhiratthu jayatu, bhavatu sabbamangalam.

On this sanctified ground of **Nay Pyi Taw** Royal Locality, lying between the green-forested Bago Yoma and Shan Yoma mountain ranges which could be called the foothills of the Himalayas on Jambudīpa island-continent the donors led by Sāsana-supporting Head of State, Senior General Than Shwe and wife Daw Kyaing Kyaing, wishing to have the masses in this threefold sasana paying homage to a replica pagoda of the Shwedagon on Singuttara Hill, to be named Uppātasanati Pagoda which will make for freedom from danger and veneration on the part of humans, devas and brahmas, are about to happily initiate the construction of it by way of performing the great auspicious jewel stake-driving and digging of a sacred hole at the following time:

Auspicious Day	: Sāsana Era 2550; Hemantautu, Kattikāmāsa, kanhapakkha, athamī
Myanmar Era	: 8th waning moon day of Tazaungmon 1368 ME
Christian Era	: 12th November 2006, Sunday
Auspicious Moment	: Early morning after sunrise, 09:36:00 hours MST

www.dhammaransi.com

နဂါးစာကျွေး စာတမ်း

ဟေ ဟေ နာဂရာဇ၊

ဘုဉ္ဇာဟိ ဘုဉ္ဇာဟိ၊

အမှာကံ သုခံ ဒေဟိ၊ ဓနံ ဒေဟိ၊ လာဘံ ဒေဟိ၊

အမှာကံ ယသံ ကိတ္တိ အာဘယံ အရောဂံ ဒေဟိ၊

ဇေယျမင်္ဂလံ ဒေဟိ။

အရှင်နဂါးမင်း ..... ကြွတော်မူပါ၊ သုံးဆောင်တော်မူပါ။

အကျွန်ုပ်တို့အား ချမ်းသာသုခပေးတော်မူပါ၊ ဥစ္စာဓန လာဘ်လာဘနှင့် အခြံအရံကျော်ကြားခြင်း၊ ဘေးကင်း ရန်ကွာ မြတ်ချမ်းသာနှင့် အောင်မြင်ခြင်းအဝဝ ဇေယမင်္ဂလာဟူသမျှကို ပေးတော်မူပါ ..... အရှင်နဂါးမင်း။

Letter to announce feasting of Nagaraja

Ehi ehi Nāgarājā,

Bhuñjahi bhuñjāhi,

Amhākam sukham dehi, dhanam dehi, lābham dehi,

Amhakam yasam kittim abhayam arogam dehi,

Jeyyamangalam dehi.

O Nāgarājā ..... pray come and feast.

Give us happiness, wealth, gain, fame and following, and freedom from danger and every success of an auspicious kind .... O Majestic Nāgarājā!

www.dhammaransi.com

မဟာဗောဓိရက္ခရောပန ပူဇာဂါထာ

အဿတ္ထံ နော မဟာဗောဓိံ၊ ဣဓ ပူဇေမ ဒါယကာ။
ဗုဒ္ဓါနုဿရဏတ္ထာယ၊ ဗုဒ္ဓပ္ပသန္နစေတသာ။

နော မယံ = အေးချမ်းသာယာ ပြည်မြန်မာ၌ သာသနာပြန့်ရေး ရည်မှော်တွေး၍ မနေး ဆောင်ဖော် တပည့်တော်တို့သည်။

ဒါယကာ = ရာဇာနီ မြန့်နေပြည်၌ ရွှင်ကြည်တင့်ဆန်း သဒ္ဓါလွှမ်းလျက် လှူဒါန်း ပူဇော်ကြကုန်သည်ဖြစ်၍။

ဣဓ = ဥပ္ပါတသန္တိဘွဲ့ရည် ရွှေစေတီ၏ နေခြည်ယှက်ဖြာ ရှေ့ပြုဗွာဝယ် ညီညာ ပြန့်ပြူး မြေထွက်ဦးတည့် ခေါင်မှူးဒီပ ဤဌာန၌။

အဿတ္ထံ မဟာဗောဓိံ = ဘုရားမြတ်စွာ စိန္တေယျာ၏ သစ္စာလေးအင် ခိုင်သဇင်ကို ကုန်စင်သိရာ ကြောင်းခြင်းရာကြောင့် သညာခေါ်တွင် ဗောဓိပင်ကို။

ဗုဒ္ဓါနုဿရဏတ္ထာယ = ဗုဒ္ဓမြတ်စွာ ဂုဏ်ကိုးဖြာ၌ သဒ္ဓါညွတ်တွား သတိအားဖြင့် ပွားများ အောက်မေ့နိုင်ရန် အလို၄ာ။

ဗုဒ္ဓပ္ပသန္နစေတသာ = ရှင်စောသတ္တာ စိန္တေယျာ၌ သဒ္ဓါရှမ်းဖိတ် ကြည်ညိုစိတ်ဖြင့်။

ပူဇေမ = သုံးရပ်သာသနာ လင်းရောင်ဖြာ၍ ပြည်ရွာအေးချမ်း ဘေးမသန်းအောင် ရွှင်လန်းကော်ရော် စိုက်ပျိုးပူဇော်ကြပါကုန်၏ ဘုရား။

. . . . . .

A VERSE OF HONOUR TO PLANTING THE MAHABODHI TREE

Assattham no Mahabodhim, idha pujema dayaka.
Buddhanussaranatthaya, Buddhappasannacetasa.

No mayam = we devotees looking forward to propagating sasana in pleasant Myanmar,

Dayaka = making generous donation with conviction at this most holy level ground in Nay Pyi Taw

Idha = on the ground to the east of Uppatasanti Pagoda

Assattham mahabodhim = the Bodhi Tree, indicative of the site where Lord Buddha attained enlightenment of the Four Ariya Truths,

Buddhanussaranatthaya = and again wishing for all to contemplate his nine attributes

Buddhappasannacetasa = with firm conviction in the Lord,

Pujema = reverently plant the Tree to bring about peace, security and flourishing of the three sasana in the country.

www.dhammaransi.com

ပန္နက်တော်တင် တွင်းတော်ဝန်း မဟာမင်္ဂလာအခမ်းအနားတွင်
ဖတ်ကြားသော
အောင်ဆုမင်္ဂလာ အမျှဝေစာတမ်းလွှာ

{၁၃၆၈-ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၈-ရက်၊ (၁၂-၁၁-၂၀၀၆) တနင်္ဂနွေနေ့}

မြန်မာရဋ္ဌ၊ ရာဇာနိုခေါ်၊ နေပြည်တော်၌၊ ပူဇော်ရွှင်ပျ၊ တည်ဆောက်ကြမည့်၊ ဥပ္ပါတသန္တိ ဘွဲ့ရည်၊ မြတ်စေတီနှင့်၊ စုံညီရံခ သာသနိကအဆောက်အအုံ ခုနစ်ဌာနတို့၏၊ မူလအခြေဖော်၊ ပန္နက်တော်သွင်း၊ တွင်းတော်ဝန်း၍၊ အောင်တြင်းစဉ်လာ၊ မဟာမင်္ဂလာနှင့်၊ ယှဉ်ကာဆင့်ကဲ၊ မဟာဗောဓိပင်ပျို စိုက်ပျိုးပူဇော်ပွဲဟု၊ ခြိမ့်သဲညီညာ၊ အောင်ပွဲဖြာချိန်၊

စေတနာပဿန္ဒ၊ ဒါနသီလာ၊ ဘာဝနာဟု၊ များစွာကြောင်းပြု၊ မြတ်ကောင်းမှုတို့၏၊ အဖို့ဘာဂ၊ အဝဝကို၊ များစွ သတ္တာ၊ ဝေနယျာနှင့်၊ ဆရာမိဘ၊ မကျန်ရဘဲ၊ များလှထွေထွေ၊ ဤမြေအထက်၊ ဘဝဂ်တိုင်ရောက်၊ အောက် အဝီစီ၊ နှံ့သည့် စကြဝဠာ၊ ဖီလာထုတ်ချဉ်း၊ အကြွင်းမရှိ၊ သုခိတ ဒုက္ခိတသတ္တဝါ၊ ပေါင်းများစွာတို့အား၊ မခြားထပ်တူ၊ ရစေဟူ၍၊ ကြည်ဖြူလှပေ၊ အမျှဝေ၏။

စိတ်စေတနာ၊ ကောင်းမြတ်စွာလျှင်၊ အာကာမိုးယံ၊ ဘဝဂ်လှိုအောင်၊ နဘံထစ်ကျိုး၊ ကောင်းကင်မိုးသို့၊ ဟစ်ဖြိုးဗျာထု၊ အောင်သာဓုကို၊ ယခုခေါ်ကြ၊ ပေးဝေငှသည်---။

(အားလုံး အမျှပေးဝေကြပါစို့ခင်ဗျား။)

(အမျှ အမျှ အမျှ ယူတော်မူကြပါကုန်လော့။ သာဓု သာဓု သာဓု)[၇]

www.dhammaransi.com

Auspicious Letter which is read to share the merit to mark the success of the Auspicious Ceremony for Jewel Stake-driving and Digging of Sacred Hole

{8th waning moon day of Tazaungmon, Sunday, 1368 ME (12-11-2006)}

At **Nay Pyi Taw** Royal Locality in Myanmar on the occasion of the Auspicious Jewel Stake-driving and Digging of Sacred Hole to initiate the joyous construction of Uppatasanti Pagoda and seven religious buildings accompanied by planting of Bodhi Tree sapling,

the merit gained from these meritorious acts done through pure generosity, morality and contemplation on moral deeds, are equally shared with one and all, inclusive of parents and teachers, and those happy or miserable beings living across the world-systems from the highest to the lowest hell, to be followed by traditional exclamation of "Sadhu" whose sound might reach the uppermost sky.

(Let us all be ready to share the merit gained now, please.)

{Share! Share! Share! Sadhu, Sadhu, Sadhu}[3]

www.dhammaransi.com

ပန္ဒက်တော်တင် တွင်းတော်ဝန်း မဟာမင်္ဂလာ

ဥပ္ပါတသန္တိစေတီတော် ပန္ဒက်တော်တင်၊တွင်းတော်ဝန်း မဟာမင်္ဂလာအခမ်းအနားတွင် နိုင်ငံတော်
သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မကွေးဆရာတော် အဘိဓဇမဟာရဋ္ဌဝုရု အဘိဓဇ အဂွမဟာ
သဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရနှင့် ဆရာတော်ကြီးများအား ဖူးတွေ့ရစဉ်။

www.dhammaransi.com

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်
ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီးဒေါ်ကြိုင်ကြိုင်နှင့် ဧည့်ပရိသတ်များ နေပြည်တော်၌
တည်ထားကိုးကွယ်မည့် ဥပ္ပါတသန္တိစေတီတော် ပန္နက်တော်တင် တွင်းတော်ဝန်း
မဟာ မင်္ဂလာအခမ်းအနားတွင် ကိုးပါးသီလ ခံယူဆောက်တည်ကြစဉ်။

www.dhammaransi.com

နိဂ်ံးတော်အေးချမ်းသာယာရေးနှင့်ပဲ့. ပြိုးရေးကောင်စီဥက္ကဋ္ဌ၊တပ်မတော်ကာကွယ်ရေးဦးစီးချုပ်
ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့က နိဂ်ံးတော်သံ့ယမဟာနာယကအဖွဲ့ဥက္ကဋ္ဌ
မကွေးဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက
ဘဒ္ဒန္တကုမာရထံ လှူပွဲယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

နိဂ်ံးတော်ဒေးချမ်းသာယာရေးနှင့်ပဲ့. ပြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်
ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်ဝေးနှင့် ဇနီး ဒေါ်မြမြဝန်းဝိုင်
ဆရာတော်ထံ လှူပွဲယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

www.dhammaransi.com

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရဓွဇမန်းနှင့် ဇနီး
ဒေါ်ခင်လေးသက်တို့က ဆရာတော်ထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွဲ့တို့က ဆရာတော်ထံ
လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

www.dhammaransi.com

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသိန်းစိန် (ယခုနိုင်ငံတော်ဝန်ကြီးချုပ်)နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့က ဆရာတော်ထံ ရတနာ ကျောက်မျက်တော်များနှင့် ဓာတ်သတ္တုတော်များကို ဆက်ကပ်လှူဒါန်းစဉ်။

ရတနာအုတ်မြစ်တော်စီ မဟာမဂ်လာအခမ်းအနားတွင် ဥပါသကာများက ဆရာတော်ထံ ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်ချည်၊ ပရိတ်သဲနှင့် ပရိတ်ကျောက်များကို ဆက်ကပ်လှူဒါန်းကြစဉ်။

www.dhammaransi.com

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်
ဝိုလ်ချုပ်မှူးကြီးသန်းရွှေ ဝဟိုပနှက်တော်ကို တင်လှူပူဇော်စဉ်။

www.dhammaransi.com

နိုင်ငံတော်ဒေးချမ်းသာယာရေးနှင့်ပွဲ့ပြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်
ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး အနောက်အရပ်ရှိ
ရတနာပန္နက်တော်ကို တင်လှူပူဇော်စဉ်။

www.dhammaransi.com

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ပွဲပြုံးရေးကောင်စီဝင်
သတ္တဌာန မူလဌာပနာတော်သွင်းခြင်း မဟာမင်္ဂလာအခမ်းအနားကို စေတီတော် မူလဌာပနာတော်
တိုက်ရှေ့၌ ကျင်းပရာကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးချုပ်ဉာဏ်ထွန်းက မူလဌာပနာ
တော်တိုက်ကို ဖွင့်လှစ်၍ ဒုတိယဗိုလ်မှူးကြီးတင်ဦးက ဆီမီးထွန်းညှိပူဇော်ကြစဉ်။

www.dhammaransi.com

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁)ဗိုလ်ချုပ်ကြီးသိဟသူရ
တင်အောင်မြင့်ဦးက မင်္ဂလာအခါဖြစ်သောနံနက်ဓနာရီ၃၆မိနစ်၁၀စက္ကန့်တွင်
မဏိကျောက်မျက်ရတနာကျောက်စိမ်းမြတ်ပလ္လင်တော်ဌာန၌ ဖွားတော်မူဟန်ရုပ်ပွားတော်ကို သွင်းလှူပူဇော်စဉ်။

www.dhammaransi.com

အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးက ခုနစ်ဖဝါးကြွတော်မူဟန်၊
ဥယျာဉ်တော်ထွက်ဟန်၊ နိမိတ်ကြီးလေးပါးပြဟန်၊ တောထွက်စဉ်မာရ်နတ်သားတားဟန်၊
ဆံတော်ပယ်ဟန်နှင့် ကြာသက်နန်းကပ်ဟန်၊ ယနာနို့ဆွမ်းကပ်လှူဟန်၊ မြက်ရှစ်ဆုပ်
အလှူခံတော်မူဟန်၊ ဇေဌမြက်ရှစ်ဆုပ်ကပ်လှူဟန်၊ အပရာဇိတပလ္လင်၌မာရ်နတ်ကို
အောင်တော်မူဟန်နှင့် မာရ်နတ်ပလ္လင်လုဟန်၊ ပဋိမာရ်ပွားတော်များကို
မူလဌာပနာတော်တိုက်ရိုသတ်မှတ်နေရာများ၌ သွင်းလှူပူဇော်စဉ်။

www.dhammaransi.com

အတွင်းရေးမှူး(၁)ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးက မူလဌာပနာတော်တိုက်၌
ကျောက်မျက်ရတနာမျိုးစုံကို ကြဲဖြန့်ပူဇော်စဉ်။

www.dhammaransi.com

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အေးမြင့်က သတ္တဌာန မူလဌာပနာတော်တိုက်ကို
ပိတ်သိမ်းစဉ်။

॥ငွေဓပံဝေ ကျွေးမှောက်ဒါလ်းဒုဇိ းဟမှာအင်္ဂလ် ဒုဝိမှုပွဲမှာအင်္ဂလ်လဂီ

www.dhammaransi.com

www.dhammaransi.com

အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးက သတ္တဌာန
မူလဌာပနာတော်တိုက်အား နှုံသာရည်ဖြင့် ပက်ဖျန်းစဉ်။

www.dhammaransi.com

ဘုရားဒါယကာ နိုင်ငံတော်အကြီးအကဲ မိသားစုက သတ္တဌာန မူလဌာပနာတော်တိုက်အား
နံ့သာရည်ပက်ဖျန်းပူဇော်၍ အင်တေများ သွန်းလောင်းပိတ်စဉ်။

www.dhammaransi.com

နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများနှင့် စေတီတော်တည်ဆောက်ရေးဩဝါဒါစရိယ
ဆရာတော်ကြီးများကို နေ့ဆွမ်းဆက်ကပ်လှူဒါန်းစဉ်။

www.dhammaransi.com

အလယ်ခြားပနာစတော်သွင်းခြင်း

ပဟာပဒ်လာ

www.dhammaransi.com

အလယ်ဌာပနာတော်သွင်းခြင်း မဟာမင်္ဂလာ

နေပြည်တော်၌ တည်ထားကိုးကွယ်သည့် ဥပ္ပါတသန္တိစေတီတော် အလယ်ဌာပနာတော်သွင်းခြင်း မဟာမင်္ဂလာ အခမ်းအနားကို ၂၀၀၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၉ ရက်နေ့ နံနက်ပိုင်းတွင် နေပြည်တော် ဥပ္ပါတသန္တိကုန်းတော်ပြင်ရှိ ဥပ္ပါတသန္တိစေတီတော်၌ကျင်းပရာ ဥပ္ပါတသန္တိစေတီတော် တည်ဆောက်ရေး ဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သိဟသူရ တင်အောင်မြင့်ဦးတက်ရောက်၍ ဌေဟေဓိပင်တော်နှင့် လှူဖွယ်ပစ္စည်းများကို ဆရာတော်၊ သံဃာတော်များထံ ဆက်ကပ်လှူဒါန်းပြီး ဌာပနာတော်များ သွင်းလှူပူဇော်သည်။

မဟာမင်္ဂလာအခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများနှင့် စေတီတော် တည်ဆောက်ရေး သြဝါဒိစရိယ ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကိုကိုနှင့် ဒုတိယဗိုလ်ချုပ်ကြီးသာအေး၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသူရမြင့်အောင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်လှဌေးဝင်းနှင့် ဗိုလ်ချုပ်မောင်ရှိန်၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်၊ ဒုတိယဝန်ကြီးများ၊ စေတီတော်တည်ဆောက်ရေး ဦးစီးကော်မတီဝင်များ၊ လုပ်ငန်းကော်မတီဝင်များနှင့် ဆပ်ကော်မတီဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ခရိုင်နှင့်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ၊ ဘုရားဒါယကာ အလှူရှင်များ၊ ပြည်နယ်နှင့်တိုင်းများမှ ပြည်ထောင်စုနေ့ကိုယ်စားလှယ်များ၊ ဘာသာရေးနှင့်လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

မဟာမင်္ဂလာအခမ်းအနားတွင် အခမ်းအနားမှူးအဖြစ် သာသနာရေးဝန်ကြီးဌာန သာသနာရေး ဦးစီးဌာနမှ ဦးစီးအရာရှိ သဒ္ဓမ္မဇောတိကဓဇ ဦးသူရက ဆောင်ရွက်သည်။ ရှေးဦးစွာ ဆရာတော်၊ သံဃာတော်များနှင့် ပရိသတ်တို့သည် မဟာမင်္ဂလာအခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ကြပြီး အဆိုကျော် မဟာသဒ္ဓမ္မဇောတိကဓဇ ဦးထွန်းရွှေက စောင်းဦးစိုးဝင်း၊ ထွန်းဝဏ္ဏစိုး တို့နှင့် တွဲဖက်၍ ထူးမခြားနား ''သီချင်းခံ'' ဖြင့် သီဆိုပူဇော်သည်။

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ မစိုးရိမ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တတေဇော သာရာဘိဝံသထံမှ အတွင်းရေးမှူး (၁) နှင့် အဖွဲ့ဝင်များနှင့် ပရိသတ်တို့က ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။ ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်ချည်၊ ပရိတ်သဲနှင့် ပရိတ်ကျောက်တို့ကို ဆရာတော်များထံ ဆက်ကပ်ကြပြီး ပရိသတ်များက ဆရာတော်၊ သံဃာတော်များ ရွတ်ဖွားသရဇ္ဈာယ်တော်မူသော ပရိတ်တရားတော်များကို နာယူကြကာ ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်ချည်၊ ပရိတ်သဲနှင့် ပရိတ်ကျောက်တို့ကို စေတီတော်ရင်ပြင်၌ ပက်ဖျန်းကြဖြန့် ချည်နှောင်ကြသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဇနီး ဒေါ်ကြင်ကြင်တို့ကိုယ်စား အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သိဟသူရ တင်အောင်မြင့်ဦးသည် စေတီတော်၌ ဌာပနာမည့် ခက်မငါးဖြာနှင့်ပြည့်စုံသော ဌေဟေဓိပင်တော်၊ အောင်တော်မူ ပလ္လင်္ကပုဒ္ဓပဋိမာဆင်းတုတော်နှင့် လှူဖွယ်ပစ္စည်းများကို ဆရာတော်ထံ ဆက်ကပ်လှူဒါန်းသည်။

ဘုရားဒါယကာ နိုင်ငံတော်အကြီးအကဲမိသားစုက အနိမိသပဋိမာ ရုပ်ပွားဆင်းတုတော်၊ ဗုဒ္ဓပဋိမာ ရုပ်ရှင်တော်နှင့် လှူဖွယ်ပစ္စည်းများကိုလည်းကောင်း၊ စစ်ရေးချုပ် ဒုတိယ ဗိုလ်ချုပ်ကြီး သူရမြင့်အောင်က စက်မပဋိမာ ရုပ်ပွားဆင်းတုတော်နှင့် လှူဖွယ်ပစ္စည်းများကိုလည်းကောင်း၊ တိုင်းမှူးဗိုလ်ချုပ်ဝေလွင်က ရတနာယရပဋိမာ ရုပ်ပွားဆင်းတုတော်နှင့် လှူဖွယ်ပစ္စည်းများကိုလည်းကောင်း၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်က အဇပါလပဋိမာရုပ်ပွားဆင်းတုတော်ကိုလည်းကောင်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ

www.dhammaransi.com

ဖွဲ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်က မုစလိန္ဒပဋ္ဌမာရုပ်ပွား ဆင်းတုတော်ကိုလည်းကောင်း၊ အမှတ် (၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် ခင်မောင်မြင့်က ရတနာပန်းလည်တိုင်ကိုလည်းကောင်း ဆရာတော်ထံ ဆက်ကပ်လှူဒါန်းကြသည်။

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ညောင်တုန်းဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တသြသဓာဘိဝံသထံမှ အတွင်းရေးမှူး (၁)နှင့် အဖွဲ့ဝင်များ၊ ဘုရားဒါယကာ နိုင်ငံတော်အကြီးအကဲ၏ မိသားစုဝင်များနှင့် ပရိသတ်တို့သည် အနုမောဒနာ တရားနာကြားကာ ရေစက်သွန်းချ အမျှပေးဝေကြသည်။

သတ္တဋ္ဌာန မူလဋ္ဌာပနာသွင်းခြင်းမင်္ဂလာ အခမ်းအနားပြီးနောက် အတွင်းရေးမှူး (၁) က မူလဋ္ဌာပနာ တော်တိုက်၌ ကျောက်မျက်ရတနာမျိုးစုံကို ကြဖြန့်ပူဇော်သည်။ ယင်းနောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အေးမြင့်က သတ္တဋ္ဌာန မူလဋ္ဌာပနာတော်တိုက်ကို ပိတ်သိမ်းသည်။ အတွင်းရေးမှူး (၁) နှင့် ဘုရားဒါယကာ များက ပရိတ်နံ့သာရည်ဖြင့် ပက်ဖျန်းပူဇော်ကြပြီး ဆရာတော်သံဃာတော်များက ဦးဆောင်၍ ''ဇယန္တော ဗောဓိယာမူလေ''အစချီသော ဇယမင်္ဂလာအောင်ဂါထာတော်ကို ရွတ်ဆိုပူဇော်ကြသည်။ ထို့နောက် အလယ်ဋ္ဌာပနာ တော်တိုက်ကို ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်စိန်လင်းက ဖွင့်လှစ်ပေးပြီး ဗိုလ်မှူးကြီးသက်စိုးက ဆီမီးထွန်းညှိ ပူဇော်သည်။

အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦးက ခက်မငါးဖြာနှင့် ပြည့်စုံသော ငွေဗောဓိပင်တော်ကို မဏိကျောက်မျက်ရတနာကျောက်စိမ်းမြတ် ပလ္လင်တော်ဌာန၌ သွင်းလှူပူဇော်ပြီး ဒက္ခိဏာဒါသာ တောင်အရပ်၌ ကကုသန္ဓဗုဒ္ဓပဋိမာ ရုပ်ပွားတော်ကို ထည့်သွင်းလှူ ပူဇော်သည်။

ဘုရားဒါယကာ နိုင်ငံတော်အကြီးအကဲမိသားစုက ပစ္ဆိမဒိသာအနောက်အရပ်၌ ကောဏာဂမန ဗုဒ္ဓပဋိမာ ရုပ်ပွားတော်ကိုလည်းကောင်း၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သူရမြင့်အောင်က ဥတ္တရဒိသာ မြောက်အရပ်၌ ကဿပဗုဒ္ဓပဋိမာ ရုပ်ပွားတော်ကိုလည်းကောင်း သွင်းလှူပူဇော်ကြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ် ဝေလွင်က ပုရတ္ထိမဒိသာ အရှေ့အရပ်၌ ဂေါတမဗုဒ္ဓပဋိမာရုပ်ပွားတော်၊ ဓာတုစေတီနှင့် ဓမ္မစေတီ၊ ရတနာငွေကြုတ်တော်များ၊ ပရိက္ခရာရှစ်ပါး ငွေပဒေသာပင်၊ ရတနာတံတင်းများနှင့် ရွှေတိဂုံပုံတူ စေတီတော်များကိုလည်းကောင်း၊ ဝန်ကြီး ဗိုလ်မှူးကြီး သိန်းညွန့်က ရွှေတိဂုံပုံတူ စေတီတော်များ၊ မဏိကျောက်မျက်ရတနာ ကျောက်စိမ်းမြတ် ဗုဒ္ဓရုပ်ပွားတော်နှင့် အလယ်ဋ္ဌာပနာ မော်ကွန်းကမ္ပည်း ရွှေပြားတော် တို့ကိုလည်းကောင်း ထည့်သွင်းပူဇော်ကြသည်။

အတွင်းရေးမှူး (၁) က အလယ်ဋ္ဌာပနာတော်တိုက်၌ ကျောက်မျက်ရတနာမျိုးစုံကို ကြဖြန့်ပူဇော်သည်။ ဆက်လက်၍ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ် ခင်မောင်ထွန်းက အလယ်ဋ္ဌာပနာတော်တိုက်ကို ပိတ်သိမ်းပေး သည်။ အတွင်းရေးမှူး (၁)နှင့် ဘုရားဒါယကာများက အလယ်ဋ္ဌာပနာတော်တိုက်ကို ပရိတ် နံ့သာရည်များဖြင့် ပက်ဖျန်းပူဇော်ကြပြီး ဆရာတော်၊ သံဃာတော်များက ဦးဆောင်၍ 'ဇယန္တော ဗောဓိယာမူလေ''အစချီသော ဇယမင်္ဂလာ အောင်ဂါထာတော်ကို ရွတ်ဆိုပူဇော်ကြသည်။

www.dhammaransi.com



အလယ်ဌာပနာတော်တိုက်ကို ကာကွယ်ရေးဝန်ကြီးဌာနမှ
ဗိုလ်ချုပ်စိန်လင်းက ဖွင့်လှစ်ပေးစဉ်။

အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးက ခက်မငါးဖြာနှင့်
ပြည့်စုံသော ငွေဟေမိပင်တော်ကို မဏိကျောက်မျက်ရတနာ
ကျောက်စိမ်းမြတ်ပလ္လင်တော်ဌာန၌ သွင်းလှူပူဇော်စဉ်။

www.dhammaransi.com

ဘုရားဒါယကာနိုင်ငံတော်အကြီးအကဲမိသားစုက ပစ္စိမဒီသာအနောက်အရပ်၌ကောဏာဂမန
ဗုဒ္ဓပဋိမာရုပ်ပွားတော်ကို အလယ်ဌာပနာတော်တိုက်တွင် သွင်းလှူပူဇော်စဉ်။

www.dhammaransi.com

စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သူရမြင့်အောင်က ဥတ္တရဒိသာမြောက်အရပ်၌
ကဿပဗုဒ္ဓပဋိမာရုပ်ဟူးတော်ကို သွင်းလှူပူဇော်စဉ်။

နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူးဗိုလ်ချုပ်ဝေလွင်က ပုရတ္ထိမဒိသာအရှေ့အရပ်၌ ဂေါတမ
ဗုဒ္ဓပဋိမာရုပ်ဟူးတော်၊ ဓာတုစေတီနှင့် ဓမ္မစေတီ၊ ရတနာငွေကြူတ်တော်များ၊ ပရိက္ခရာရုစ်ပါး၊
ငွေပဒေသာပင်၊ ရတနာတံတင်းများနှင့် ရွှေတိဂုံဘုရားတူစေတီတော်ကို သွင်းလှူပူဇော်စဉ်။

www.dhammaransi.com

ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွှန့်က ရှေတိဂုံပုံတူစေတီတော်များ၊ မဏိကျောက်မျက်ရတနာ
ကျောက်စိမ်းမြတ်ဗုဒ္ဓရုပ်ပွားတော်နှင့် အလယ်ဌာပနာမော်ကွန်းကမ္ဘည်း
ရွှေပြားတော်ကို သွင်းလှူပူဇော်စဉ်။



www.dhammaransi.com

အတွင်းရေးမှူး(၁)ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးက အလယ်ဌာပနာတော်တိုက်၌
တျောက်မျက်ရတနာမျိုးစုံကို ကြဲဖြန့်ပူဇော်စဉ်။

www.dhammaransi.com

ဘုရားဒါယကာနိုင်ငံတော်အကြီးအကဲမိသားစုက အလယ်ဌာပနာတော်တိုက်၌
ကျောက်မျက်ရတနာမျိုးစုံကို ကြဲဖြန်းပူဇော်စဉ်။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်မောင်ထွန်းက အလယ်ဌာပနာတော်တိုက် ပိတ်သိမ်းပေးစဉ်။

www.dhammaransi.com

အလယ်ဌာပနာတော်တိုက်တွင် သွင်းလှူပူဇော်မည့် ရုပ်ပွားတော်များ ပင့်ဆောင်နေပုံကို တွေ့ရစဉ်။

www.dhammaransi.com

ပန်းလည်တိုင်စိုက်ထူခြင်း

မဟာမင်္ဂလာ

www.dhammaransi.com

ပန်းလည်တိုင်စိုက်ထူခြင်း မဟာမင်္ဂလာအခမ်းအနား

နေပြည်တော်၌ တည်ထားကိုးကွယ်သည့် ဥပ္ပါတသန္တိစေတီတော် ပန်းလည်တိုင်စိုက်ထူခြင်း မဟာမင်္ဂလာအခမ်းအနားကို ၂၀၀၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၉ ရက်နေ့ နံနက်ပိုင်းတွင် နေပြည်တော် ဥပ္ပါတသန္တိကုန်းတော်ပြင်ရှိ ဥပ္ပါတသန္တိစေတီတော်၌ကျင်းပရာ ဥပ္ပါတသန္တိစေတီတော် တည်ဆောက်ရေး ဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦး တက်ရောက်၍ ငွေဖောဓိပင်တော်နှင့် လှူဖွယ်ပစ္စည်းများကို ဆရာတော်၊ သံဃာတော်များထံ ဆက်ကပ်လှူဒါန်းပြီး စေတီတော်၌ ပန်းလည်တိုင်ကို စိုက်ထူပူဇော်သည်။

မဟာမင်္ဂလာအခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများနှင့် စေတီတော် တည်ဆောက်ရေး သြဝါဒိစရိယ ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကိုကိုနှင့် ဒုတိယဗိုလ်ချုပ်ကြီး သာအေး၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သူရမြင့်အောင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်လှဌေးဝင်းနှင့် ဗိုလ်ချုပ်မောင်ရိန်၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်၊ ဒုတိယဝန်ကြီးများ၊ စေတီတော်တည်ဆောက်ရေး ဦးစီးကော်မတီဝင်များ၊ လုပ်ငန်းကော်မတီဝင်များနှင့် ဆပ်ကော်မတီဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဘုရားဒါယကာ အလှူရှင်များ၊ ပြည်နယ်နှင့် တိုင်းများမှ ပြည်ထောင်စုနှံကိုယ်စားလှယ်များ၊ ဘာသာရေးနှင့်လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

မဟာမင်္ဂလာအခမ်းအနားတွင် အခမ်းအနားမှူးအဖြစ် သာသနာရေးဝန်ကြီးဌာန သာသနာရေး ဦးစီးဌာနမှ ဦးစီးအရာရှိ သဒ္ဓမ္မဇောတိကဓဇ ဦးသူရက ဆောင်ရွက်သည်။ ရှေးဦးစွာ ဆရာတော်၊ သံဃာတော်များနှင့် ပရိသတ်တို့သည် မဟာမင်္ဂလာအခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ကြပြီး အဆိုကျော် မဟာသဒ္ဓမ္မဇောတိကဓဇ ဦးထွန်းလွင်က စောင်းဦးစိုးဝင်း၊ ထွန်းဝဏ္ဏစိုး တို့နှင့် တွဲဖက်၍ ထူးမခြားနား ''သီချင်းခံ'' ဖြင့် သီဆိုပူဇော်သည်။

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ မစိုးရိမ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဇောသာရာဘိဝံသထံမှ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များနှင့် ပရိသတ်တို့က ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။ ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်ချည်၊ ပရိတ်သဲနှင့် ပရိတ်ကျောက် တို့ကို ဆရာတော်များထံ ဆက်ကပ်ကြပြီး ပရိသတ်များက ဆရာတော်၊ သံဃာတော်များ ရွတ်ဖွားသရဇ္ဈာယ်တော်မူသော ပရိတ်တရားတော်များကို နာယူကြကာ ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်ချည်၊ ပရိတ်သဲနှင့် ပရိတ်ကျောက်တို့ကို စေတီတော်ရင်ပြင်၌ ပက်ဖျန်းကြဲဖြန့် ချည်နှောင်ကြသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ညောင်တုန်းဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တသြသဓာဘိဝံသထံမှ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များ၊ ဘုရားဒါယကာ နိုင်ငံတော်အကြီးအကဲ၏ မိသားစုဝင်များနှင့် ပရိသတ်တို့သည် အနုမောဒနာ တရားနာကြားကာ ရေစက်သွန်းချ အမျှပေးဝေကြသည်။ ထို့နောက် သတ္တဋ္ဌာနမူလဋ္ဌာပနာတော်သွင်းခြင်း မင်္ဂလာအခမ်းအနားကို ကျင်းပရာ ရှေးဦးစွာ အောင်အိုး၊ သာသနာ့အလံနှင့် ထီးဖြူကိုင် ဥပါသကာများ၊ ဒေဝါဝင်း ရာဇာဝင်းအဖွဲ့များသည် သတ်မှတ်နေရာအသီးသီးတို့၌ နေရာယူကြသည်။

ထို့နောက် သတ္တဋ္ဌာန မူလဋ္ဌာပနာတော်သွင်းခြင်း မင်္ဂလာအခမ်းအနားကို စေတီတော် မူလဋ္ဌာပနာတော်တိုက်ရှေ့၌ ကျင်းပပြီး အတွင်းရေးမှူး (၁) က မူလဋ္ဌာပနာတော်တိုက်၌ ကျောက်မျက်ရတနာ မျိုးစုံကို ကြဲဖြန့်ပူဇော်၍ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အေးမြင့်က သတ္တဋ္ဌာန မူလဋ္ဌာပနာတော်တိုက်ကို ပိတ်သိမ်းသည်။

www.dhammaransi.com

ထို့နောက် အတွင်းရေးမှူး (၁) က အလယ်ဌာပနာတော်တိုက်၌ ကျောက်မျက်ရတနာမျိုးစုံကို ကြဲဖြန့်ပူဇော်သည်။ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်မောင်ထွန်းက အလယ်ဌာပနာတော်တိုက်ကို ပိတ်သိမ်းပေးသည်။

ပန်းလည်တိုင်စိုက်ထူခြင်း မင်္ဂလာအခမ်းအနားကို စေတီတော်ငြိမ်းအထက်၌ မင်္ဂလာအချိန်တွင် အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦးသည် ပုရတ္တိမဒိသာ အရှေ့အရပ်၌ လည်းကောင်း၊ ဘုရားဒါယကာ နိုင်ငံတော်အကြီးအကဲမိသားစုသည် ဒက္ခိဏာဒိသာ တောင်အရပ်မှ လည်းကောင်း၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သူရမြင့်အောင်သည် ပစ္ဆိမဒိသာ အနောက်အရပ်မှ လည်းကောင်း၊ တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် သည် ဥတ္တရဒိသာ မြောက်အရပ်မှလည်းကောင်း၊ အသီးသီး နေရာယူကြပြီး ရတနာပန်းလည်တိုင်ကို စေတီတော်၌ တည်မတ်စွာစိုက်ထူကြကာ ပရိတ်နှံသာရည်ဖြင့် ပက်ဖျန်းပူဇော်ကြသည်။

ဆက်လက်၍ ဆရာတော်၊ သံဃာတော်များက ဦးဆောင်၍ 'ဇယန္တော ဗောဓိယာမူလေ'အစ ရှိသော ဇယမင်္ဂလာအောင်ဂါထာတော်ကို ရွတ်ဆိုပူဇော်ကြပြီး အခမ်းအနားမှူးက အောင်ဆုမင်္ဂလာ အမျှဝေစာတမ်းကို ဖတ်ကြား၍ အမျှပေးဝေကာ ဒေဝမနုဿလောဂါထာဖြင့် နတ်ဗြဟ္မာများအား ပြန်လည်ပို့ဆောင်သည်။ ဆရာတော်၊ သံဃာတော်များနှင့် ပရိသတ်တို့က 'ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု'သုံးကြိမ် ရွတ်ဆို ဆုတောင်းကြပြီး နံနက် ၉ နာရီ မိနစ် ၅၀ တွင် မဟာမင်္ဂလာအခမ်းအနား အောင်မြင်စွာ ကျင်းပပြီးစီးသည်။ ထို့နောက် အတွင်းရေးမှူး(၁) က မဟာမင်္ဂလာအခမ်းအနား အောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် ရတနာရွှေမိုးငွေမိုးများ ရွာသွန်းဖြိုးပေးသည်။

www.dhammaransi.com

သတ္တဌာန မူလဌာပနာတော်သွင်း၊ အလယ်ဌာပနာတော်သွင်းနှင့် ပန်းလည်တိုင် စိုက်ထူခြင်း မဟာမင်္ဂလာအခမ်းအနားတွင် သီကျူးပူဇော်သော ဇေယျမင်္ဂလာ ကပိုဒ်ရတုလင်္ကာ

၉-၂-၂၀၀၉

ဇေယျမင်္ဂလာ၊ အောင်ဟိတ်ဖြာသား၊ တေဇာခေါင်ထု၊ အောင်ရတုဖြင့်၊ ဇမ္ဗူအောင်မြေ၊ မြရောင်ဝေတည့်၊ သပြေလက်ယာ၊ ဟေဝန္တာမှ၊ သွယ်ဖြာတောင်ဦး၊ မြရည်လူးသည်၊ ပဲခူးရိုးမ၊ ရှမ်းရိုးမတို့၊ လယ်ကမင်္ဂြ၊ ရှင်းသန့် မြေဝယ်၊ မြန့်နေပြည်တော်၊ တိုင်းအကျော်၌၊ ပူဇော်ကြောင်းပြု၊ မြတ်ကောင်းမှုကို၊ ပြုကြစေရန်၊ စိတ်ရည်သန်၍၊ မြန်မာနိုင်ငံတော်အဓိပတိ၊ သီရိပဝရ၊ သာသနာ့ဒါယကာ၊ စေတနာအားသည်း၊ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၊ ခင်ပွန်းဆွေလျှင်၊ စွေသဒ္ဒါလိုင်၊ ဒေါ်ကြိုင်ကြိုင်တို့၊ ညီပြိုင်ရှေ့သွား၊ အမှူးထား၍၊ ထွတ်ဖျားဂုဏ်ထူး၊ သဒ္ဒါမြူးသည့်၊ အတွင်းရေးမှူး (၁)၊ ဗိုလ်ချုပ်ကြီး သိဟသူရ တင်အောင်မြင့်ဦး၊ ဆင့်ကူး ရှင်ကြည်၊ တောင်းဆုသည်သည့်၊ စာဂီဆင့်ပြ၊ ဥပထမ္ဘကစုံစွာ၊ ဘုရားဒါယကာတို့သည်၊ ဥပ္ပါတသန္တိစေတီ၊ မွေသရီ၏၊ သီဂီဝင်းလှော်၊ ဝမ်းတိုက်တော် ၌၊ ဌာပနာတော်သွင်း၊ စိမ်ကျင်း၍၊ ဖြောင့်စင်းသွယ်ပြိုင်၊ ပန်းလည်တိုင်ကို၊ မတ္တိုင်စိုက်ထူခြင်း၊ ပူဇော်ခင်းလျက်၊ ကောင်းခြင်း ဟိတ်ခံ၊ ဘဝဂ်လွှဲခဲ့၊ အောင်လံဆင့်ကမ်း၊ အောင်ရိပ်လွှမ်းသည် _ . . ။

အောင်ပန်း နိဗ္ဗာန် တိုင်စေသော်။

ဆောင်လှမ်း စိတ်ကြဲ ခိုင်စေသော်။

ခေါင်နန်း မိဒ္ဓာန် လှိုင်စေသော်။

(သာသနာရေးဦးစီးဌာနမှ ဦးစီးအရာရှိ၊ ဦးသူရရေးစပ်၍ နိဂုံးကျော် အဆိုတော် ဦးထွန်းရွှေ သီကျူး ပူဇော်သည်။)

www.dhammaransi.com

ရတနာပန်းလည်တိုင် စိုက်ထူရန် ပင့်ဆောင်ကြစဉ်။

www.dhammaransi.com

ဘုရားဒါယကာနိုင်ငံတော်အကြီးအကဲမိသားစုနှင့် အတွင်းရေးမှူး(၁)ဗိုလ်ချုပ်ကြီး သိဟသူရ
တင်အောင်မြင့်ဦးတို့က ရတနာပန်းလည်တိုင်ကို စေတီတော်၌ တည်မတ်စွာစိုက်ထူကြစဉ်။

www.dhammaransi.com

နိုင်ငံတော် အကြီးအကဲပိသားစုနှင့် အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရ တင်ဒေအောင်မြင့်ဦးတို့က
ပန်းလည်တိုင်အား အမွှေးနံ့သာရည် ပက်ဖျန်းပူဇော်စဉ်။

www.dhammaransi.com

မဟာမင်္ဂလာအာမိသအနားသို့ တက်ရောက်ကြသည်ကြသည့် ဟိုသတ်များကို တွေ့ရစဉ်။

www.dhammaransi.com



www.dhammaransi.com

အထက်ဌာပနာတော်သွင်း
ရွှေထီးတော်တင် မဟာမင်္ဂလာ

www.dhammaransi.com

အထက်ဌာပနာတော်သွင်း ရွှေထီးတော်တင် မဟာမင်္ဂလာ

နေပြည်တော်၌ တည်ထားကိုးကွယ်မည့် ဥပ္ပါတသန္တိစေတီတော် အထက်ဌာပနာတော်သွင်း၊ ရွှေထီးတော်တင် မဟာမင်္ဂလာအခမ်းအနားကို ၇-၃-၂၀၀၉ ရက်နေ့ နံနက်ပိုင်းတွင် အဆိုပါ စေတီတော် လိုဏ်တော်အတွင်း၌ သာသနာတော်ဆိုင်ရာ ထုံးတမ်းစဉ်လာများနှင့်အညီ စည်ကားသိုက်မြိုက်စွာ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင် မိသားစုတို့ တက်ရောက်ကြည်ညိုကြပြီး ရွှေထီးတော်အား စေတီတော်အထွတ်သို့ တင်လှူပူဇော်သည်။

တက်ရောက်ကြည်ညို

မဟာမင်္ဂလာအခမ်းအနားသို့ နိုင်ငံတော် ဩဝါဒိစရိယဆရာတော်များ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မကွေးဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဘဒ္ဒန္တကုမာရ၊ အကျိုးတော်ဆောင် ညောင်တုန်းဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တသြသဓာဘိဝံသတို့ အမှူးပြုတော်မူသော နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင်ဆရာတော်များ၊ ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်များ၊ တိပိဋကဓရ၊ တိပိဋကကောဝိဒဆရာတော်များ၊ နေပြည်တော် မြို့မ၊ နေပြည်တော်ပျဉ်းမနား၊ နေပြည်တော်တပ်ကုန်းနှင့် နေပြည်တော်လယ်ဝေးမြို့နယ်တို့မှ သံဃနာယက အဖွဲ့ဝင်ဆရာတော်များနှင့် ပဉ္စသံဃာတော်များ စုစုပေါင်း ၅၈၃ ပါး ကြွရောက်တော်မူကြပြီး နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီးဒေါ်မြမြစန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မှူးကြီး သိန်းစိန်နှင့်ဇနီးဒေါ်ခင်လေးသက်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်ဇနီးဒေါ်ခင်ခင်ဝင်း၊ ဥပ္ပါတသန္တိစေတီတော် တည်ဆောက်ရေးဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီး သိဟသူရ တင်အောင်မြင့်ဦးနှင့်ဇနီးဒေါ်ခင်စောနင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေးနှင့် ဇနီးဒေါ်ကြည်ကြည်အုန်း၊ ကာကွယ်ရေးဦးစီးချုပ် (ရေ)၊ ကာကွယ်ရေးဦးစီးချုပ် (လေ)၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်း စစ်ဌာနချုပ်တိုင်းမှူး၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်နှင့် ဝန်ထမ်းရွေးချယ်လှော်ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မြို့တော်ဝန်များ၊ ဒုတိယဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ဥပ္ပါတသန္တိစေတီတော် တည်ဆောက်ရေး ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ နေပြည်တော်ရှိ ဝန်ကြီးဌာနများမှ အရာထမ်း၊ အမှုထမ်းများ၊ ဒေသခံပြည်သူများ၊ ဘာသာရေးနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ တက်ရောက်ကြည်ညိုကြသည်။

မဟာမင်္ဂလာ အခမ်းအနားစတင်

မဟာမင်္ဂလာအခမ်းအနားတွင် သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနမှ ဦးစီးအရာရှိ သဒ္ဓမ္မဇောတိကဓဇ ဦးသူရက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်သည်။ ရှေးဦးစွာ အထက်ဌာပနာတော်သွင်း၊ ရွှေထီးတော်တင် မဟာမင်္ဂလာအခမ်းအနား ပထမပိုင်းအစီအစဉ်ဖြစ်သည့် ဒါန၊ သီလ၊ ဘာဝနာကုသိုလ်မှူ ဆည်းပူးခြင်းကို နံနက် ၇ နာရီ ၁၅ မိနစ်တွင် စေတီတော်လိုဏ်တော်အတွင်း၌ ကျင်းပသည်။ အစီအစဉ်အရ ဆရာတော်

www.dhammaransi.com

သံဃာတော်များနှင့် ပရိသတ်များက နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ကြသည်။ ထို့နောက် အဆိုတော် မဟာသဒ္ဓမ္မ ဇောတိကဓဇ ဦးထွန်းရွှေက စောင်း ဦးစိုးဝင်း(မန္တလေး)နှင့်တွဲဖက်၍ ထူးမခြားနား သီချင်းခံသုံးပိုဒ်ဖြင့် သီဆိုပူဇော်ပြီး နန်းရှေ့မဟာမင်္ဂလာစည်တော်အဖွဲ့က မင်္ဂလာငွေခရုနှင့် အောင်စည်အောင်မောင်း ကိုးကြိမ် တီးခတ်ပူဇော်ကြသည်။

ကိုးပါးသီလခံယူ

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မကွေးဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက ဘဒ္ဒန္တကုမာရထံမှ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြူင်ကြူင် တို့ အမှူးပြုသော ပရိသတ်များက ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။ ဆက်လက်၍ ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်ချည်၊ ပရိတ်သဲများကို သံဃာတော်များထံ ဆက်ကပ်ကြပြီး ပရိသတ်များက ဆရာတော် သံဃာတော်များ ရွတ်ဖွားသရဇ္ဈာယ်တော်မူသော မေတ္တာသုတ်၊ ရတနာသုံးပါးဂုဏ်တော်နှင့် ပုဗ္ဓဏှသုတ် ပရိတ်တရားတော်များကို နာယူကြကာ ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်ချည်နှင့် ပရိတ်သဲများကို စေတီတော်ရင်ပြင်၌ ပက်ဖျန်းကြဖြန့် ချည်နှောင်ကြသည်။

ဆက်ကပ်လှူဒါန်း

စေတီတော်တည်ဆောက်ရေး သြဝါဒိစရိယ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မကွေးဆရာတော်ထံ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၊ ဇနီး ဒေါ်ကြူင်ကြူင်နှင့် မိသားစုများက ရတနာ စိန်ဖူးတော်၊ ဥပ္ပါတသန္တိစေတီတော်ကို သာဟတ္ထိက ကိုယ်တိုင်လက်ရောက် ကာယကံမြောက်အောင် ဆက်သွယ်ထားသည့် ယပ်တော်၊ စာနမုဒြာ ဗုဒ္ဓပဋိမာနှင့် ဆင်ခံရုပ်ပွားတော်၊ ရွှေစင်ပဋိမာနှစ်ဆူ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဝရဒါဌာဓာတုစွယ်တော်မြတ်တစ်ဆူ၊ ရွှေစေတီတော် နှစ်ဆူ၊ ရွှေစင်ပရိက္ခရာ ရှစ်ပါးပုံစံတော်၊ ရွှေစင်အကွပ်တော်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့က ရတနာငွက်မြတ်နားတော်၊ သီရိလင်္ကာနိုင်ငံမှ ဝရဒါဌာဓာတုစွယ်တော်မြတ်တစ်ဆူ၊ ရွှေစေတီတော်နှစ်ဆူ၊ ရွှေပဒေသာပင်၊ ရွှေစင် အကွပ်တော်၊ ရတနာကျောက်စိမ်းဗုဒ္ဓရုပ်ပွားတော်များနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။ ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရ ရွှေမန်းနှင့်ဇနီး ဒေါ်ခင်လေးသက်တို့က ဥပ္ပါတသန္တိစေတီတော် ရွှေထီးတော်ကြီးကိုယ်စား ရွှေထီးတော်ငယ်တစ်ဆူ၊ ရွှေစင်အကွပ်တော်၊ အထက်ဌာပနာတော်ပစ္စည်းများဖြစ်သည့် ငွေဗောဓိပင်တော်၊ ရတနာကျောက်စိမ်းဗုဒ္ဓရုပ်ပွားတော်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။ ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းတို့က ရွှေစင်အကွပ်တော်၊ အထက်ဌာပနာတော်ပစ္စည်းများဖြစ်သည့် ရွှေစေတီတော်၊ ရတနာကျောက်စိမ်းဗုဒ္ဓ ရုပ်ပွားတော်၊ ပဋ္ဌကတ်သုံးပုံ ငွေပေလွာ၊ ဇာတာတော်ငွေကြုတ်လေးခုနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် စေတီတော်တည်ဆောက်ရေးဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦးနှင့် ဇနီးဒေါ်ခင်စောနှင်းတို့က အထက်ဌာပနာတော်ပစ္စည်းများဖြစ်သည့် ရွှေစေတီတော်၊ ရွှေစင်အကွပ်တော်၊ ရတနာကျောက်စိမ်း ဗုဒ္ဓရုပ်ပွားတော်၊ ငွေဗောဓိပင်၊ ဝိသုဂါမရွှေသိမ်တော်ကို သာဟတ္ထိက ကိုယ်တိုင်လက်ရောက် ကာယကံမြောက်အောင် ဆက်သွယ်

www.dhammaransi.com

ထားသည့် ယပ်တော်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး တင်အေးနှင့် ဇနီး ဒေါ်ကြည်ကြည်အုန်းတို့က ရွှေစင်အကွပ်တော်၊ အထက်ဌာပနာတော်ပစ္စည်းများဖြစ်သည့် ရွှေစေတီတော်၊ ငွေဗောဓိပင်တော်၊ ရတနာကျောက်စိမ်းဗုဒ္ဓရုပ်ပွားတော်၊ ဓာတ်တော်ငွေကြုတ်၊ ပရိက္ခရာရှစ်ပါးငွေပဒေသာပင်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ညောင်တုန်းဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဘဒ္ဒန္တသြသဓာဘိဝံသထံ စေတီယပါလ စံကျောင်းတော် အလှူရှင် ငွေဆင်ကုမ္ပဏီမှ ဦးစိုးမြင့်နှင့်ဇနီးဒေါ်နန်းမြင့်၊ သံဃာရာမကျောင်းဆောင်တော် အမှတ် (၁) အလှူရှင် အေစိအီးကုမ္ပဏီ ဥက္ကဋ္ဌ အဂ္ဂမဟာသီရိသုမွ မဏိဇောတဓရ ဦးတင့်ဆန်းနှင့်ဇနီး ဒေါက်တာ ဌေးဌေးငြိမ်း၊ သံဃာရာမကျောင်းဆောင် တော် အမှတ် (၂) အလှူရှင်ကမ္ဘောဇကုမ္ပဏီမှ ဦးအောင်ကိုဝင်းနှင့်ဇနီး အဂ္ဂမဟာသီရိသုဓမ္မသိရိဒေါနန်းသန်းထွေး၊ သံဃာရာမကျောင်းဆောင်တော် အမှတ်(၃)အလှူရှင် အေးရှားဝေါလ်ကုမ္ပဏီမှ ဦးထွန်းမြင့်နိုင်၊ သံဃာရာမ ကျောင်းဆောင်တော် အမှတ် (၄) အလှူရှင် ဒေဝ်ကုမ္ပဏီမှ ဦးချစ်ခိုင်၊ သာသနာ့မဟာဗိမာန်တော် အလှူရှင် ထူးထရေးဒင်းကုမ္ပဏီမှ ဦးတေဇ၊ ပြတိုက်၊ ပိဋကတ်တိုက်၊ မော်ကွန်းတိုက်အလှူရှင် မက်စ်မြန်မာ ကုမ္ပဏီမှ ဦးဇော်ဇော်နှင့်ဇနီး ဒေါ်ဌေးဌေးခိုင်၊ ဂေါပကရုံး အလှူရှင်များဖြစ်ကြသည့် အော်ရီဂျင်နယ် ကုမ္ပဏီ၊ ကေကုမ္ပဏီ၊ ဆောင်းဟေမာန်ကုမ္ပဏီ၊ တစ်ကောင်ဘွားကုမ္ပဏီနှင့် ယူအက်စ်အမ်ကုမ္ပဏီတို့ ကိုယ်စား အော်ရီဂျင်နယ်ကုမ္ပဏီမှ ဦးသာဌေးနှင့် ကေကုမ္ပဏီမှ ဦးခင်မောင်အေး၊ အရှေ့တောင်ဓာတ်လှေကား အလှူရှင် ဂိုးဒင်းဖလားဝါး ကုမ္ပဏီမှ ဦးအောင်ထွေး၊ဂေါတမဗုဒ္ဓရတနာကျောက်စိမ်း ရုပ်ပွားတော်အလှူရှင်များဖြစ်ကြသည့် ဦးသိန်းဆွေနှင့် ဦးခင်မောင် လတ်၊ ကောဏာဂမနဗုဒ္ဓနှင့် ဂေါတမဗုဒ္ဓရတနာကျောက်စိမ်းပလ္လင်တော်များ အလှူရှင် ကျောက်စိမ်းတောင် ကုမ္ပဏီမှ ဦးသိန်းဇော်၊ ကကုသန္ဓဗုဒ္ဓ ရတနာကျောက်စိမ်းရုပ်ပွားတော်နှင့် ကဿပဗုဒ္ဓရတနာကျောက်စိမ်း ပလ္လင်တော် အလှူရှင် ကံပွင့်ဦးကုမ္ပဏီမှ ဒေါ်နန်းကလျာချော၊ ကကုသန္ဓ ဗုဒ္ဓရတနာကျောက်စိမ်း ပလ္လင်တော် အလှူရှင် ရွှေဂေါင်ဂေါင်ကုမ္ပဏီမှ ဦးအောင်သွင်လေး၊ ကောဏာဂမနဗုဒ္ဓ ရတနာကျောက်စိမ်း ရုပ်ပွားတော်နှင့် ကဿပဗုဒ္ဓရတနာကျောက်စိမ်း ရုပ်ပွားတော် အလှူရှင် အဲဗားဝင်းနား ကုမ္ပဏီမှ ဒေါ်စန်းစန်းခိုင်တို့က သာဟတ္ထိက ကိုယ်တိုင်လက်ရောက် ကာယက် မြောက်အောင် ဆက်သွယ်ထားသည့် ယပ်တော်များနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ် လှူဒါန်းကြသည်။

ယင်းနောက် တက်ရောက်လာကြသူများက ဆရာတော် သံဃာတော်များထံ လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။ ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ညောင်တုန်းဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တသြသဓာဘိဝံသထံမှ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ အမှူးပြုသော ပရိသတ်များက အနုမောဒနာတရား နာကြားကြပြီး ရေစက်သွန်းချအမျှပေးဝေကြသည်။

ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်

နိုင်ငံတော်အကြီးအကဲနှင့်ဇနီး အမှူးပြုသော ဘုရားဒါယကာ ဒါယိကာမများကိုယ်စား စေတီတော် တည်ဆောက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သန်းဌေးက စေတီတော် တည်ဆောက်ရေး ဗိသုကာပညာရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် လက်ဆောင်ပစ္စည်းများကို ပေးအပ်ရာ ဗိသုကာပညာရှင်များကိုယ်စား ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးချုပ်ဉာဏ်ထွန်းက လက်ခံသည်။ ထို့နောက် ဥပ္ပါတသန္တိစေတီတော် ဗိသုကာပညာရှင်များက မူလ ဘုရားဒါယကာ ဒါယိကာမများထံ ပြန်လည်အပ်နှံခြင်းစာတမ်းကို ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးချုပ်ဉာဏ်ထွန်းက ဖတ်ကြားသည်။

www.dhammaransi.com

ဥပ္ပါတသန္တိစေတီတော် တည်ဆောက်ပူဇော်ရာ၌ မပြည့်စုံမှု၊ မှားယွင်းမှုများရှိပါက ခွင့်လွှတ်ပါရန် သမ္မာဒေဝနတ်ကောင်းနတ်မြတ်များထံ တောင်းပန်လွှာကို ဘုရားဒါယကာများကိုယ်စား သာသနာရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က ဖတ်ကြားသည်။

အထက်ဌာပနာတော် သွင်းလှူပူဇော်

မဟာမင်္ဂလာအခမ်းအနား ဒုတိယပိုင်းဖြစ်သည့် အထက်ဌာပနာတော် သွင်းလှူပူဇော်ခြင်း အစီအစဉ်ကို ကျင်းပရာ ရှေးဦးစွာ အလှပန်းစိုက်ငွေဖလားနှင့် သာသနာ့အလံကိုင် ဥပါသကာများ၊ ဒေဝါဝင်း၊ ရာဇာဝင်းအဖွဲ့များ၊ ပန်းဖလားကိုင်အမျိုးသမီးများ၊ ငွေဖလားကိုင်ဥပါသကာများသည် သတ်မှတ်နေရာ အသီးသီး၌ နေရာယူကြသည်။ ထို့နောက် ရတနာစိန်ဖူးတော်ကို နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် မိသားစုဝင်များက ဦးဆောင်၍ မင်္ဂလာဝေါယာဉ်ဖြင့် ပင့်ဆောင်ကြလျက် စေတီတော်အား လက်ယာရစ်တစ်ပတ် လှည့်လည်ပူဇော်သည်။

ထို့နောက် ရတနာငွေ့မြတ်နားတော်ကို ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်း တို့က မင်္ဂလာဝေါယာဉ်ဖြင့်လည်းကောင်း၊ ရွှေထီးတော်ငယ်တစ်ဆူကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့်ဇနီး ဒေါ်ခင်လေးသက်တို့က လည်းကောင်း၊ အထက်ဌာပနာတော်မြောက်အရပ် ဌာပနာတော်တိုက်တွင် သွင်းလှူပူဇော်မည့် ငွေဗောဓိပင်တော်နှင့် ကသိုဏ်းပုဒ္ဓ ကျောက်စိမ်းရုပ်ပွားတော်တို့ကို နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းတို့ကလည်းကောင်း၊ ရွှေစေတီတော်နှစ်ဆူကို စေတီတော်တည်ဆောက်ရေးဦးစီးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦးနှင့်ဇနီး ဒေါ်ခင်စောနှင်းတို့က လည်းကောင်း၊ ရွှေစင်အကွပ်တော်နှစ်ခုကို နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေးနှင့်ဇနီး ဒေါ်ကြည်ကြည်အုန်းတို့ကလည်းကောင်း၊ အထက်ဌာပနာတော်ပစ္စည်းများဖြစ်သည့် ရွှေစေတီတော် ခြောက်ဆူ၊ ငွေစေတီတော်လေးဆူ၊ ရွှေဗောဓိပင်သုံးပင်၊ ဓာတ်တော်ငွေကြွတ် လေးခု၊ အောင်မြေငွေကြွတ် လေးခု၊ ပရိက္ခရာရှစ်ပါး ငွေပဒေသာပင်လေးပင်၊ ကောဏာဂမန၊ ကသိုဏ်းနှင့် ဂေါတမကျောက်စိမ်းဗုဒ္ဓ ရုပ်ပွားတော်များ၊ အရှင်သာရဒတ္တ၊ အရှင်မေဓရ၊ အရှင်ဥပဂုတ္တနှင့် အရှင်သင်္ကောသာရ ရဟန္တာရုပ်ပွားတော်များ၊ ရွှေစင်အကွပ်တော်ခြောက်ခု၊ သာသနာ့အောင်လံတော်နှင့် ရွှေကြာသက်နန်းတော်တို့ကို ကာကွယ်ရေးဦးစီးချုပ် (ရွှေ)၊ ကာကွယ်ရေးဦးစီးချုပ် (လေ)၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ တိုင်းမှူးနှင့် အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီး မိသားစုများကလည်းကောင်း ငွေလင်ပန်းများဖြင့် အသီးသီး ပင့်ဆောင်ပူဇော်ကြသည်။

လှည့်လည်ပူဇော်

ထိုသို့ လှည့်လည်ပင့်ဆောင်ရာတွင် ရတနာစိန်ဖူးတော်၊ ရတနာငွေ့မြတ်နားတော်နှင့် အထက်ဌာပနာတော်ပစ္စည်းများကို ထီးဖြူဆောင်းမိုးပူဇော်သည့် ဥပါသကာများ၊ ဒေဝါဝင်း၊ ရာဇာဝင်းများ ခြံရံခင်းကျင်းလျက် နန်းရှေ့မဟာမင်္ဂလာစည်တော်အဖွဲ့က မင်္ဂလာစည်တော်သံများ တီးခတ်ပူဇော်ကြကာ သာသနာရေးဆိုင်ရာ ထုံးတမ်းစဉ်လာများနှင့်အညီ လှည့်လည်ပူဇော်ကြသည်။

ထို့နောက် ရတနာစိန်ဖူးတော်နှင့် ရတနာငွေ့မြတ်နားတော်တို့ကို စေတီတော်လိုဏ်တော်အတွင်း ယာယီအဖူးမြော်ခံစင်မြင့်ထက်သို့ ပင့်ဆောင်ကြပြီး အထက်ဌာပနာတော်တိုက်များ၌ သွင်းလှူပူဇော်မည့် ဌာပနာတော်ပစ္စည်းများကို အထက်ဌာပနာတော်တိုက်များသို့ ဆက်လက်ပင့်ဆောင်ကြသည်။ ဆက်လက်၍

www.dhammaransi.com

အထက်ဌာပနာတော်သွင်းနှင့် ရွှေထီးတော်တင်လှူပူဇော်ကြမည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး တင်အေး၊ ကာကွယ်ရေးဦးစီးချုပ် (ရေ)၊ ကာကွယ်ရေးဦးစီးချုပ် (လေ)၊ စစ်ရေးချုပ်နှင့် သာသနာရေး ဝန်ကြီးဌာန ဝန်ကြီးတို့သည် အထက်ဌာပနာတော်တိုက် သတ်မှတ်နေရာအသီးသီး၌ နေရာယူကြသည်။ ထို့နောက် ဥပ္ပါတသန္တိစေတီတော် အထက်ဌာပနာတော်တိုက်သို့ ဌာပနာတော်ပင့် ပဿန္နယာစနကထာကို သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးစံသင်းလှိုင်က ဖတ်ကြား လျှောက်ထားသည်။ ထိုအချိန်တွင် အနုပညာဦးစီးဌာန မဂ်လာစည်တော်အဖွဲ့က ဓမ္မပူဇာတေးများဖြင့် သီကျူးပူဇော်ကြသည်။

ဌာပနာတော်တိုက် ဖွင့်လှစ်

ယင်းနောက် အခမ်းအနားမှူး သဒ္ဓမ္မဇောတိကဓဇ ဦးသူရက မဂ်လာအခါတော်စာတမ်းကို ဖတ်ကြားပြီး အထက်ဌာပနာတော်တိုက်၏ ဒက္ခိဏာဒိသာ တောင်အရပ်မျက်နှာရှိ ဌာပနာတော်တိုက်ကို ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးချုပ် ဉာဏ်ထွန်း၊ ပိစ္ဆိမဒိတာ အနောက်အရပ်မျက်နှာရှိ ဌာပနာတော်တိုက်ကို ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးကြီးသက်စိုး၊ ဥတ္တရဒိသာ မြောက်အရပ်မျက်နှာရှိ ဌာပနာတော်တိုက်ကို ဒုတိယဗိုလ်မှူးကြီး တင်ဦးနှင့် ပုရတ္ထိမဒိသာ အရှေ့အရပ်မျက်နှာရှိ ဌာပနာတော်တိုက်ကို ဗိုလ်မှူး ဇော်နိုင်ဦးတို့က ဖွင့်လှစ်ပေးကြသည်။

ဌာပနာတော်ပစ္စည်းများ သွင်းလှူပူဇော်

ထို့နောက် အခမ်းအနားမှူးက မဂ်လာအချိန်ဖြစ်သော နံနက် ၈ နာရီ ၂၇ မိနစ် ၁၀ စက္ကန့် အချိန်တွင် ''မဂ်လာအခါတော်''ဟု ကြွေးကြော်လိုက်သည်နှင့်တစ်ပြိုင်နက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းက ဒက္ခိဏာဒိသာ တောင်ဘက်အရပ်ရှိ ဌာပနာတော်တိုက်၌ ငွေဖောဓိပင်တော်နှင့် ကကုသန္ဓဗုဒ္ဓ ရုပ်ပွားတော်၊ ရွှေစေတီနှစ်ဆူ၊ ငွေစေတီတစ်ဆူ၊ မြတ်စွာဘုရား ဓာတ်တော်နှင့် ရဟန္တာဓာတ်တော်များ၊ ဝိနယပိဋကက ငွေပေလွှာကြုတ်တော်၊ ဥပဂုတ္တ ရဟန္တာရုပ်ပွားတော်၊ ပရိက္ခရာရွှစ်ပါး၊ ငွေပဒေသာပင်နှင့် အောင်မြေငွေကြုတ်တော်တို့ကို သွင်းလှူပူဇော်သည်။

တစ်ချိန်တည်းတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေးက ပစ္ဆိမဒိသာ အနောက်ဘက်ရှိ ဌာပနာတော်တိုက်၌ ငွေဖောဓိပင်တော်နှင့် ကောဏာဂမနဗုဒ္ဓရုပ်ပွားတော်၊ ကျောက်စိမ်းဗုဒ္ဓရုပ်ပွားတော်ငါးဆူ၊ ရွှေစေတီတော် နှစ်ဆူ၊ ငွေစေတီတော်တစ်ဆူ၊ ရွှေဖောဓိပင်၊ မြတ်စွာဘုရားဓာတ်တော်နှင့် ရဟန္တာဓာတ်တော်များ၊ သုတ္တန္တ ပိဋကက ငွေပေလွှာကြုတ်တော်၊ အရှင်မေဓရ ရဟန္တာရုပ်ပွားတော်၊ ဓာတ်တော် ငွေကြုတ်တော်၊ ပရိက္ခရာရွှစ်ပါး ငွေပဒေသာပင်နှင့် အောင်မြေ ငွေကြုတ်တော်တို့ကို ဗိုလ်မှူး ဇော်နိုင်ဦးတို့က ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဌာပနာတော်ပစ္စည်းများကို ဗိုလ်မှူးဇော်နိုင်ဦးက ဌာပနာတော်တိုက်သို့ သွင်းလှူပူဇော်ကြသည်။ ဌာပနာတော်ပစ္စည်းများမှာ ဓမ္မာသောကမင်းကြီးက ဆောက်လုပ်ခဲ့သော ဥပ္ပါတသန္တိစေတီတော်ကြီး၏ ဌာပနာတော်ပစ္စည်းများ ဖြစ်ကြောင်း ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ဉာဏ်ထွန်းက ဥတ္တရဒိသာမြောက်အရပ်ရှိ ဌာပနာတော်တိုက်၌ ငွေဖောဓိပင်တော်နှင့် ကဿပဗုဒ္ဓရုပ်ပွားတော်၊ ရွှေစေတီတော်နှစ်ဆူ၊ ငွေစေတီတော်တစ်ဆူ၊ မြတ်စွာဘုရားဓာတ်တော်နှင့် ရဟန္တာ ဓာတ်တော်များ၊ အဘိဓမ္မပိဋကက ငွေပေလွှာကြုတ်တော်၊ သာရဒတ္တ ရဟန္တာ ရုပ်ပွားတော်၊ ဓာတ်တော် ငွေကြုတ်တော်၊ ပရိက္ခရာရွှစ်ပါး ငွေပဒေသာပင်နှင့် အောင်မြေငွေကြုတ်တော်တို့ကို လည်းကောင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦးက ပုရတ္ထိမဒိသာအရှေ့အရပ်ရှိ ဌာပနာတော်တိုက်၌ ငွေဖောဓိပင်တော်နှင့် ဂေါတမ ဗုဒ္ဓရုပ်ပွား ဟော်၊ ရွှေစေတီတော် နှစ်ဆူ၊ ငွေစေတီတော်တစ်ဆူ၊ မြတ်စွာဘုရားဓာတ်တော်နှင့် ရဟန္တာဓာတ်တော်များ၊ သက္ကောသာရ ရဟန္တာ

www.dhammaransi.com

ရုပ်ပွားတော်၊ ဓာတ်တော်ငွေကြေးတော်၊ ပရိက္ခရာရှစ်ပါး ငွေပဒေသာပင်နှင့် အောင်မြေ ငွေကြေးတော်တို့ကို လည်းကောင်း သွင်းလှူပူဇော်ကြသည်။

ယင်းနောက် တာဝန်ခံ ဗိသုကာအင်ဂျင်နီယာများက အထက်ဌာပနာတော်တိုက်များကို ပိတ်ပေးကြပြီး ဘုရားဒါယကာများက ပရိတ်နံ့သာရည်များ ပက်ဖျန်းပူဇော်ကြရာ ထိုအချိန်တွင် သံဃာတော်များ ဦးဆောင်၍ ပရိသတ်များက ''ဇယန္တော ဗောဓိယာမူလေ''အစချီသော ဇယမင်္ဂလာ အောင်ဂါထာတော်ကို သံပြိုင်ညီညာ သုံးကြိမ်ရွတ်ဆို ပူဇော်ကြသည်။

ရွှေထီးတော် တင်လှူပူဇော်

မဟာမင်္ဂလာအခမ်းအနား တတိယပိုင်း ဖြစ်သည့် ရွှေထီးတော်တင်လှူပူဇော်ခြင်း အစီအစဉ်ကို ကျင်းပရာ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦးနှင့် အဖွဲ့ဝင်များသည် ရွှေထီးတော်တင်လှူပူဇော်မည့် စေတီတော်အထွတ် ငြမ်းအထက်သို့ အသီးသီး တက်ရောက် နေရာယူကြသည်။ ဘုရားဒါယကာ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင် မိသားစုတို့သည် အခမ်းအနားမှူးက မင်္ဂလာအခါတော်ဟု ကြွေးကြော်သည့် နံနက် ၉ နာရီမှစတင်၍ ရွှေထီးတော် ပထမဘုံအဆင့်မှ စတင်ကာ ရွှေထီးတော် ဒုတိယ၊ တတိယ၊ စတုတ္ထ၊ ပဉ္စမ၊ ဆဋ္ဌမနှင့် သတ္တမဘုံဆင့်များ၊ ဆပ်သွားဖူးတော်နှင့် ဖွန်းဘုံများကို ရတနာရွှေကြိုး ငွေကြိုးများ ဆွဲ၍လည်းကောင်း၊ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦး၊ ဒုတိယ ဗိုလ်ချုပ်ကြီးတင်အေး၊ ဗိုလ်ချုပ်ဉာဏ်ထွန်း၊ ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ဒုတိယဗိုလ်ချုပ်ကြီး သူရမြင့်အောင်နှင့် ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်တို့သည် ရွှေထီးတော်၏ ပထမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထ၊ ပဉ္စမ၊ ဆဋ္ဌမနှင့် သတ္တမဘုံဆင့်များ၊ ဆပ်သွားဖူးတော်နှင့် ဖွန်းဘုံများကို စေတီတော်အထွတ်၌ ဘုရားဒါယကာ ဒါယိကာမများကိုယ်စား တပ်ဆင်ပေး၍လည်းကောင်း တင်လှူပူဇော် ပေးကြသည်။

အောင်မြင်စွာကျင်းပပြီး

ထို့နောက် ရွှေထီးတော်ဘုံဆင့်များအား ပရိတ်နံ့သာရည်ဖြင့် ပက်ဖျန်းပူဇော်ကြသည်။ ယင်းနောက် သံဃာတော်များဦးဆောင်၍ ပရိသတ်များက ''ဇယန္တော ဗောဓိယာမူလေ''အစချီသော ဇယမင်္ဂလာ အောင်ဂါထာတော်ကို သံပြိုင်ညီညာ သုံးကြိမ်ရွတ်ဆို ပူဇော်ကြသည်။ ဆက်လက်၍ အခမ်းအနားမှူးက အောင်ဆုမင်္ဂလာ အောင်ဩဘာစာတမ်းကို ဖတ်ကြားပူဇော်သည်။ ထို့နောက် ဥပါသကာများက အောင်စည်အောင်မောင်းကိုးချက်တီးခတ်ပူဇော်၍ မင်္ဂလာစည်တော်အဖွဲ့က အောင်စေပိုင်စေ မင်္ဂလာ ဓမ္မတေးဖြင့် သီကျူးတီးခတ်ပူဇော်ကြပြီး နံနက် ၁၀ နာရီ ၁၀ မိနစ်တွင် ပထမနေ့ မဟာမင်္ဂလာ အခမ်းအနား အောင်မြင်စွာ ကျင်းပပြီးစီးသည်။

www.dhammaransi.com

အထက်ဌာပနာတော်သွင်း ရွှေထီးတော်တင် မဟာမင်္ဂလာအကြို အသံမစဲ မဟာပဋ္ဌာန်းသိမ်း အောင်ပွဲမင်္ဂလာ အခမ်းအနားတွင် ဖတ်ကြားသော ဒေဝဂမနဝေလာ နတ်ပို့ ဂါထာ

ဇော္တာဝတာ စ အမှေဟိ၊ သမ္ဘတံ ပုညသမ္ပဒံ။
မဟာပုညံ နမောဒန္တာ၊ ဂစ္ဆန္တု ဒေဝတာ ဂတာ။

ဇော္တာဝတာ = ဥပ္ပါတသန္တိဘွဲ့ကျော် စေတီတော်အား ပူဇော်ညွှတ်တွား၊ ကိုးကွယ်သွားဖို့ ကြိုးစားရွင်ပျ ဤသို့ ပြုလုပ်ဆောင်ရွက်ကြရသဖြင့်။

အမှေဟိ = သာသနာထွန်းရန် အေးချမ်းရန်ဟု စိတ်ကြံကြိုးကုတ် အကျွန်ုပ်တို့သည်။

ပုညသမ္ပဒံ = ဥပ္ပါတသန္တိစေတီတော် ထွတ်ခေါင်ပေါ်၌ အကျော်စဉ်လာ အောင်ဇေယျာဖြင့် အထက်ဌာပနာ တော်သွင်း ပူဇော်ခင်း၍ ဝင်းဝင်းလျှံကျော် ရွှေထီးတော်တင် မဟာမင်္ဂလာ ဆင်ယင်ရာ အံ့မခန်းများလူရှင် သဒ္ဓါဟုန် လွှမ်းစေသည့် ပဋ္ဌာန်းဒေသနာ ကျမ်းရွှေစာကို ရွတ်ကာပူဇော် ယူမျှော်ကြောင်းပြု အပေါင်းစုမြှုပ် ကောင်းမှုထုပ်၏ မယုတ်မယွင်း ပြည့်စုံခြင်းကို။

သမ္ဘတံ = စေတနာမြူး သဒ္ဓါထူးဖြင့် ဆည်းပူးဆောင်ရွက်အပ်ခဲ့ပါပေပြီ။

အာဂတာ = ပဋ္ဌာန်းဓမ္မကွန် နာယူရန်ဟု အားသန်ဖွဲစိတ် ခဲအကျိတ်ဖြင့် တွဲမိတ်စုံပျော် ပူဇော်စောင့်ရှောက် လာရောက်ကြကုန်သော။

ဒေဝတာ = အကြောင်းဆက်ကာ သောင်းစကြာမှ ရောက်လာကြငြား နတ်ဗြဟ္မာအများတို့သည်။

မဟာပုညံ = ရတနာသုံးအင် ဦးထိပ်တင်၍ ကြည်လင်ဆောင်ပြု မြတ်ကောင်းမှုကို

အနမောဒန္တာ = ကြည်သာလျှမ်းတောက် စခန်းထောက်၍ ဝမ်းမြောက်နမော် သာဓုခေါ်ဆိုနိုင် ကြကုန် သည်ဖြစ်၍။

ဂစ္ဆန္တု = ကိုယ်စီကိုယ်စီ ဝမ်းမြောက်ကြည်လျက် ထိုဤရပ်ဆောင် ဓာတ်တန်ဆောင်နှင့် လျှပ်ရောင် လျှံသန်း ဗိမာန်နန်းသို့ စံမြန်းပြန်သွားနိုင်ကြပါကုန်ပြီတကား ။

ဦးသူရ
(သာသနာရေး)

www.dhammaransi.com

ဥပ္ပါတသန္တိ ကုန်းတော်ပြင်တွင် တည်ဆောက်ပြီးစီးခဲ့သော ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးကို ဗိသုကာ ပညာရှင်များကိုယ်စား၊ စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံး၊ ညွှန်ကြားရေးမှူး တပည့်တော် ဗိုလ်မှူးချုပ် ဉာဏ်ထွန်းက မူလဘုရားဒါယကာ၊ ဒါယိကာမများထံ ပြန်လည်အပ်နှံခြင်း စာတမ်းပါဘုရား

(ဘုရားဒါယကာ၊ ဒါယိကာမများက ချီးမြှင့်သော လက်ဆောင်များကို လက်ခံ၍ ပြီးပြီးချင်း)

သာဓု ၊ သာဓု ၊ သာဓု

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီးဒေါ်ကြိုင်ကြိုင်မိသားစုအမှူးပြုသည့် မြန်မာနိုင်ငံတစ်ဝန်းလုံး၌ အများပြည်သူ ဘုရားဒါယကာ၊ ဒါယိကာမများ ပါဝင်လှူဒါန်းမှုဖြင့် ဉာဏ်တော် ၃၂၅၅ ပေ အမြင့်ဆောင်သော ဥပ္ပါတသန္တိ စေတီတော်မြတ်ကြီးကို ရာဇာနီ နေပြည်တော်၊ ဥပ္ပါတသန္တိ ကုန်းတော်ပြင်တွင် ရှေးထုံးစဉ်လာ လိုက်နာခဲ့ကြသော ဌာပနာပုံကျမ်း၊ ဗိသုကာကျမ်း၊ သတ္ထုရူပက ဝိလာသနီကျမ်း၊ မြန်မာ့ရိုးရာ ပဋိမာ သိပ္ပံ မုဒြာကျမ်း အစရှိသော စာပေကျမ်းဂန်များနှင့်အညီ တပည့်တော်တို့ ဗိသုကာအင်ဂျင်နီယာများက ယခုဖူးတွေ့ရသည့်အတိုင်း အောင်မြင်စွာ တည်ဆောက်နိုင်ခဲ့ကြပါသည် ဘုရား။

သို့ဖြစ်ပါ၍ ဤ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးကို ၁၃၇၀ ပြည့်နှစ်၊ တပေါင်းလဆန်း ၁၂ ရက်၊ ၂၀၀၉ ခုနှစ်၊ မတ်လ ၇ ရက်နေ့တွင် ဤဥပ္ပါတသန္တိစေတီတော်ရင်ပြင်၌ သံဃာတော် အရှင်သူမြတ်များ ရှေ့မှောက်တွင် မူလအရင်းဖြစ်သည့် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ နှင့်ဇနီးဒေါ်ကြိုင်ကြိုင် မိသားစု အမှူးပြုသည့် မူလဘုရားဒါယကာ၊ ဒါယိကာမများထံ တပည့်တော်တို့ တည်ဆောက်ရေး ဗိသုကာ အင်ဂျင်နီယာများက ပြန်လည်အပ်နှံပါကြောင်းကို ရိုသေလေးမြတ်စွာ လျှောက်ထားအပ်ပါသည်ဘုရား။

www.dhammaransi.com

သိဒ္ဓမ်။ ဝန္ဒေ ဗုဒ္ဓဥ္စ ဥပ္ပါတ–သန္တိတိ စေတိယံ ဝရံ။
မောဒံ လဘန္တု ရာဇာနော၊ သုသုခံ စ သရဋ္ဌိကာ။

ရာဇဓာနီ မင်းနေပြည်တော်
ဥပ္ပါတသန္တိစေတီတော်
အထက်ဌာပနာတော်သွင်း ရွှေထီးတော်တင်
မဟာမင်္ဂလာ အခါတော်စာတမ်း

သိဒ္ဓိ ရတ္ထုဇယတု ဘဝတုသဗ္ဗမင်္ဂလံ

ဇမ္ဗူအောင်မြေ၊ မြရောင်ဝေတည့်၊ သပြေလက်ယာ၊
ဟေဝန္တာမှ၊ သွယ်ဖြာ တောင်ဦး၊ မြရည်လူးသည်။

ပဲခူးရိုးမ၊ ရှမ်းရိုးမတို့၊ လယ်ကမဇ္ဈေ၊ ရှင်းသန့်မြေဝယ်၊ မြန့်နေပြည်တော်၊ တိုင်းအကျော်၌၊ ရှင်တော်သာသနာ၊ လင်းရောင်ဖြာဖို့၊ ရည်ကာအားသည်း၊ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ခင်ပွန်းဆွေလျှင်၊ စွေသဒ္ဓါလှိုင်၊ ဒေါ်ကြိုင်ကြိုင်တို့၊ ညီပြိုင်ရှေ့သွား၊ အမှူးထားသည့်၊ များပြားဆွေညာ၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က၊ တွင်းပဘေးရန်၊ မကြွင်းကျန်အောင်၊ တွန်းလှန်ပယ်ချ၊ အေးချမ်းမြစေသည့်၊ ဥပ္ပါတသန္တိ စေတီတော်၊ ထွတ်ခေါင်ပေါ်၌၊ အကျော်စဉ်လာ၊ အောင်ဇေယျာဖြင့်၊ အထက်ဌာပနာတော်သွင်း၊ ပူဇော်ခင်း၍၊ ဝင်းဝင်းလျှံကျော်၊ ရွှေထီးတော်တင် မဟာမင်္ဂလာ၊ အတုလပူဇာပြုအံ့သော အချိန်အခါ သော်မူကား –

မင်္ဂလာရက် = သာသနာတော်နှစ် – ၂၅၅၂၊ ဟေမန္တရတု၊ ဖဂ္ဂုနမာသ၊
သုက္ကပက္ခ၊ ဒွါဒသမီ။
မြန်မာနှစ် ၁၃၇၀ ပြည့်နှစ်၊ တပေါင်းလဆန်း ၁၂ ရက်။
ခရစ်နှစ် ၂၀၀၉ ခုနှစ်၊ မတ်လ ၇ ရက်၊ စနေနေ့။

မင်္ဂလာအချိန် = (က) **အထက်ဌာပနာတော်သွင်းလှူခြင်း**
နံနက် (၀၈) နာရီ၊ (၂၇) မိနစ်၊ (၁၀) စက္ကန့်။
(ခ) **ရွှေထီးတော်တင်လှူခြင်း**
နံနက် (၀၉) နာရီ၊ (၀၀) မိနစ်၊ (၀၀) စက္ကန့် သမယဖြစ်သတည်း။

www.dhammaransi.com

မရမ္မရာဇဓာနီယံ ဥပ္ပါတသန္တိစေတိယသ္မ ဥပရိဂဗ္ဘေ နိဓာနသုဝဏ္ဏမယ သိလာလေခါ

သိဒ္ဓမ် ။ ။ ဝန္ဒေ ဗုဒ္ဓဿ ဥပ္ပါတ - သန္တိကံ စေတိယံ ဝရံ။
ပဿ ပဿသတေ ဝသေ ၊ ဒွယ ပညာသမေ ဝရေ။
ဖဂ္ဂုနသို့ ဒွါဒသမေ၊ ပဗ္ဗဏ္ဟေ သောရိဝါသရေ။
ဥပ္ပါတသန္တိ စေတိယာ၊ ဥပရိဂဗ္ဘေ သုသဓံတေ။
မရမ္မရဋ္ဌာဓိပါဒိဟိ၊ နိဟိတာ' ယံသုဘာ သိလာ။
အသ္မာ ဝေ သိရိဂဗ္ဘာ၊ ဒါတာန ပုညရံ သိယော။
ဥဒေန္တ သုခသောဘာယ၊ အသဒ္ဓမ္မတ မောနုဒါ'တိ ။

အောင်ပါစေသတည်း။

မြန်မာသက္ကရာဇ် ၁၃၇၀ ပြည့်နှစ်၊ တပေါင်းလဆန်း ၁၂ ရက်၊ စနေနေ့ နံနက်၊ နေတက်၊ မြန်မာစံတော်ချိန်၊ စက် ဝဓ နာရီ၊ ၂၇ မိနစ်၊ ၁၀ စက္ကန့် မင်္ဂလာအချိန်တော်တွင် ပြည်ထောင်စုမြန်မာနိုင်ငံ၊ နေပြည်တော်၊ ဥပ္ပါတသန္တိစေတီတော်အတွင်း၊ အထက်ဌာပနာတိုက်တော်၌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အမှူးပြုသော ဘုရားဒါယကာ၊ ဒါယိကာမများက အထက်ဌာပနာ ပဋိမာရုပ်ပွားဆင်းတုတော်များကို စီသွင်းလှူဒါန်း ကြပါကုန်၏။

သုံးလောကသားတို့၏ ကောင်းကျိုးချမ်းသာရကြပါစေရန် အလို့ငှာ ဤအထက်ဌာပနာ တိုက်တော်မှ ဘုရားဒါယကာ၊ ဒါယိကာမတို့၏ ကုသိုလ်စေတနာရောင်ခြည်တို့သည် မသူတော်တရားများကို ဖယ်ရှားလွှင့်ဖျောက်လျက် ပေါ်ထွက်ကွန့်မြူးလာကြပါစေကုန်သတည်း။

www.dhammaransi.com

အထက်ဌာပနာတော်သွင်းနှင့် ရွှေထီးတော်တင် မဟာမင်္ဂလာအခမ်းအနားတွင် ဖတ်ကြားသော အောင်ဆုမင်္ဂလာ အောင်သြဘာစာတမ်း

(၇-၃-၂၀၀၉)

ရတနာအနုတ္တရ၊ ဘဂဝါဗုဒ္ဓ၏ နှုတ်ဟသာသနာ၊ လင်းရောင်ဖြာ၍၊ ခေမာပြည်အဋ္ဌစခန်းဆီသို့၊ အတူ လှမ်းမည် ကြောင်းဟိတ်ဖော်ပြီး၊ သောင်းနှိမိတ်ကျော် တေဇာလွင်လျက်၊ ပြည်မြန်မာတစ်ခွင် ဘေးမသန်းစေဘဲ၊ အေးချမ်းရဝေ အောင်သံကျူးပါတဲ့၊ ပဲခူးရိုးမ တောင်မြတ်ရဂုံနှင့်၊ အောင်ဓာတ်ဆုံ ရှမ်းရိုးမတို့ရဲ့၊ မဖျိမချက်ပွေ့၊ ကနက်မြေဝယ်၊ ပန္နက်ရဝေ အညီဆောင်ပြု၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် အဓိပတိ၊ သီရိပဝရ ဥက္ကဋ္ဌ၊ သာသနာ့ဒါယကာ၊ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၊ ခင်ပွန်းဆွေနှင့် စွေသဒ္ဓါလှိုင်၊ ဒေါ်ကြိုင်ကြိုင်မိသားစုတို့အား အမှူးထား၍

ထွတ်ဖျားဂုဏ် အာရုံယူ၊ စေတနာသဒ္ဓါ၊ လွန်ကြည်ဖြူပါတဲ့၊ များဆွေလူ ဘုရားဒါယကာ၊ ဒါယိကာမ များက၊ တွင်းပဘေးရန်၊ မကြွင်းကျန်အောင်၊ တွန်းလှန်ဖြိုချ၊ ကိုယ်စိတ်နှစ်ဖြာ၊ အေးချမ်းမြစေသည့်၊ ဥပ္ပါတ သန္တိစေတီတော်၊ ထွတ်ခေါင်ပေါ်၌၊ အထက်ဌာပနာတော်သွင်း၊ ပူဇော်ခင်း၍၊ ဝင်းဝင်းရွှေလော်၊ ရွှေထီးတော်တင် မဟာမင်္ဂလာပွဲ၊ ဆင်ကာနွဲ့ သိမ့်သိမ့်တုန်၊ ဆန်းကြယ်မှုအဖုံဖုံ၊ မှန်းရွယ်ပြုအစုံစုံ၊ အောင်မြင်မှု ကြီးကျယ်ပုံကို စိတ်အာရုံ မျှော်ကာမှန်းလျက်၊ လူ့ဘုံခန်း ဤရပ်ရွာမှ၊ ဘဝဂ္ဂါ ပြဟ္မာထိအောင်၊ မဟိဒ္ဓိဂုဏ်ပေါင်းလျှံ၊ အဆက်ဆက် ဘဝဂ်လျှံအောင်၊ အောင်နိမိတ်ခံ အောင်နရီမှီးပြီး၊ အောင်ဟိတ်သံ အောင်စည်တီး၍၊ အောင်ကောင်းချီးပေး နိုင်ကြပါစေကုန်သော်။

(သာဓု ။ ။ ။ သာဓု ။ ။ ။ သာဓု)

ဦးသူရ

(သာသနာရေး)

www.dhammaransi.com

ဇေယျတီတော်မြတ်ကြီး အထက်ဌာပနာတိုက်သို့
ဌာပနာတော်ပင့် ပဿနယာစနကထာ

ဌာနံ ယာစာမ စာရိကံ ၊ ရာဇာနိယ မဖ္ဂြမေ။
ဥပ္ပါတသန္တိ ကုဋ္ဌဂ္ဂေ ၊ သေ ကာလော မဟာမုနိ။

ရာဇာနိယာ – ပြည်ထောင်စုဖွား တိုင်းရင်းသားတို့ အထွတ်အမြတ်ထားရာ ရာဇဓာနီ မင်းနေပြည်တော်၏၊

မဖ္ဂြမေ – ကျက်သရေရွှန်းစို အလယ်ဗဟို ဖြစ်ပေထသော၊

ဥပ္ပါတသန္တိကုဋ္ဌဂ္ဂေ – ဥပ္ပါတသန္တိ ရွှေစေတီတော်မြတ်ကြီး၏ အမြင့်ဆုံးခေါ် အထွတ်တော်၌၊

ဋ္ဌိတံ – မဟာကြင့်နှံ စံမြန်းတည်ရှိသော၊

ဌာနံ – အထက်ဌာပနာတိုက်ခန်း အမြင့်နန်းသို့၊

စာရိကံ (စာရိကာယ) – ဒေသစာရီ ကြွချီစံမြန်းတော်မူပါစေရန် အလိုငှာ၊

သမ္မာ ယာစာမ – လေးစားကော်ရော် အပူဇော်ဖြင့် ရည်မျှော်ဆပွား သဒ္ဓါအားဖြင့် ညွှတ်တွား တောင်းပန် ကြပါကုန်၏ဘုရား၊

မဟာမုနီ – ကကုသန်နှင့် ကောဏာဂမန ကဿပဟု ဂေါတမဘုရား အစထား၍ ရှင်လေးပါး မွေသရီ ရွှေစေတီထွတ်ထား ရှင်တော်မြတ်ဘုရား၊

သေ ဇသော – သာသနာနှစ် ၂၅၅၂ ခု၊ မြန်မာနှစ် ၁၃၇၀ ပြည့် ဥတုဟေမန္တတပေါင်းလ၏ ဆန်းပရေတွက် (၁၃) ရက်နေ့ ရောက်ရာ ဤယခုအခါသည်ကား၊

ကာလော – ဥပ္ပါတသန္တိ မြတ်စေတီသို့ အညီမျှော်မှန်း ကြွမြန်းတော်မူပါရန် လျော်ကန် လျောက်ပတ် ကောင်းမြတ်သော အချိန်အခါကြီး ဖြစ်ပါတော့သည်ဘုရား။

ဦးစံသင်းလှိုင်
ဒုတိယညွှန်ကြားရေးမှူး
သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန

www.dhammaransi.com

အထက်ဌာပနာတော်သွင်းနှင့်
ရွှေထီးတော်တင် မဟာမင်္ဂလာ အခမ်းအနားတွင်
သီကျူးပူဇော်သည့် ဖေယျမင်္ဂလာ ဂကပိဒ်ရတုလက်ာ

ဖေယျမင်္ဂလာ၊ အောင်ဟိတ်ဖြာသား၊ သိဂ်ိနန်းမြင့်၊ ကြင့်နန်းလွှင့်၍၊ အောင်ခွင့်ရည်မျှော်၊ နေပြည်တော်၌၊ နေသာသာသနာ၊ လင်းရောင်ဖြာဖို့၊ မြန်မာနိုင်ငံတော် အဓိပတိ၊ သီရိပဝရ၊ သာသနာ့ ဒါယကာ၊ တေဇာခေါင်ထီး၊ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ခင်ပွန်းဆွေနှင့်၊ စွေသဒ္ဓါလှိုင်၊ ဒေါ်ကြိုင်ကြိုင်တို့၊ ညီပြိုင်ရှေ့သွား၊ အမှူးထားသည့်၊ ထူးခြားစေတနာ၊ များဒကာတို့၊ ဘယာဘေးဒကာ၊ ကင်းဝေးရန်နှင့်၊ နိဗ္ဗာန်မှန်းဆ၊ ပူဇော်ကြသည့်၊ ဥပ္ပါတသန္တိစေတီတော်၊ ထွတ်ခေါင်ပေါ်၌၊ အကျော်စည်လာ၊ အောင်ဖေယျာဖြင့်၊ သိဂ်ိဝင်းလော်၊ ရောင်လျှံကျော်သည့်၊ ရွှေထီးတော်ဘင်ပွဲ၊ သဘင်ဝဲ၍၊ ဆင်နွှဲကြည်ဖြူ။ များဗိုလ်လူတို့၊ မြိုက်ဂူခေမာ၊ မော်ကွန်းဖြာသည်။

ခေမာ နန်းမြင့် ခိုင်စေသောဝ်။

ဖေယျာ ကမ်းလင့် မြိုင်စေသောဝ်။

ဆွေညာ စန်းတင့် ပိုင်စေသောဝ်။

ဦးသူရ (သာသနာရေး) ရေးစပ်၍ ဦးကျော်ဆွေ (အနုပညာဦးစီး) သီကျူးပူဇော်သည်။

• • • • • • • • •• •

www.dhammaransi.com

အထက်ဌာပနာတော်သွင်းနှင့် ရွှေထီးတော်တင်လှူပွဲတွင် သီကျူးပူဖော်သော မင်္ဂလာစည်တော်သံများ

(ကောဇာသက္ကရာဇ် ၁၃၇၀ ပြည့်နှစ် တပေါင်းလဆန်း (၁၂)ရက်နေ့မှ (၁၄)ရက်နေ့ထိ ဆင်ယင်ကျင်းပသည့် မင်္ဂလာပွဲများ)

– မင်္ဂလာအခါတော်ရောက်ပြီမို့ ရွှင်ဝမ်းမြောက်ညီတညာ တွေးပိတိဖြာ × × × (ရာဇာနီ နေပြည်တော်တည်နေရာ – ကြည်စေတနာကြွ များရွှင်မြူး)၂ × × × ဥပ္ပါတသန္တိစေတီတော် အထက်ဌာပနာတော်သွင်းနှင့် ရွှေထီးတော်တင်လှူ မင်္ဂလာပွဲမှာဖြင့် မငြီးပျော်ရွှင်သဒ္ဓါ အခါခါမြဲပါလို့ စေတနာဝေဖြာ ကဲလို့ရယ် (ကွယ်) နွဲစိတ်ကြည်နူး × × ×

– ထောင့်သုံးရာခုနစ်ဆယ်ပြည့်မှာဖြင့် လွန်တကယ်မမေ့ကြည်သဒ္ဓါ ရွှက်ဟောင်းဝါ စွာန်ယာဉ် ပြောင်းပါတဲ့ ရွှက်သစ်ဖြာ ညွှာလက်မောင်းတွေနဲ့ မိန်ရာသီလတပေါင်းမှာကွယ် ကောင်းမြတ်ချိန်ခါ × × × (လဆန်း (၁၂)ရက်မှ (၁၄)ရက်ထိ သည်နေရာ ကြည်စေတနာကြွများစိတ်ထဲ)၂ × × အထက်ဌာပနာတော်သွင်း လှူပွဲရယ်နဲ့ ရွှေထီးတော်တင် မင်္ဂလာပွဲကိုဖြင့် × × × ပြည်နိဗ္ဗာန် ရောက်ရန် မလွဲဖို့ရယ်ကွယ် အားခဲဆင်နွဲ × × ×

– ကျက်သရေ တက်နေလင်းပါလို့ ထက်ဇွေခင်းပုံပမာ ရာဇာဌာနီနေပြည်တော်အတွင်းမှာကွယ် သင်းပုံ့ဝေဆာ (ဘေးဘယာတွေအဖြာဖြာ ဝေးကွာလို့ မြူမသန်း × × ×)၂ × × အထက်ဌာပနာ တော်သွင်း လှူတန်ရယ်နဲ့ ရွှေထီးတော်တင်မင်္ဂလာပွဲကိုကွယ် နွဲခြိမ့်ခြိမ့်ဆင်မြန်း × × ×

– နိုင်ငံတော်အကြီးအကဲရဲ့စေတနာ လမ်းညွှန်ကာ ဦးဆောင်ပေးပါလို့၊ များပြည်သူ ပါဝင်မနေးပါဘဲ သဒ္ဓါရွှင်လေးနက်စွာ ဝမ်းပန်းတသာ × × × ရွှေထီးတော်တွေ ပင့်ဆောင်ကာလှမ်းပြီမို့ (ဝမ်းမြောက်၍ ပိတိဖြာ × × × လက်ယာရစ်လှည့်ဆဲ)၂× × × အထက်ဌာပနာတော်သွင်းလှူခန်း ရယ်နဲ့ × × × ရွှေထီးတော်တင်လှူပူဖော်ပန်းကို (ကွယ်) မြန်းဆင်တဲ့ပွဲ × × × ×

– များသူငါသဒ္ဓါကြွပါလို့ ပါဝင်ကြခုချိန်ခါ အောင်ပန်းသပြေတွေကိုင်ယူလှမ်းပါလို့၊ ဥပါသကာနှင့် ယောကိတွေ စီကာတန်းလို့ရယ် (ကွယ်) ဝမ်းမြောက်ကြည်သာ × × (လက်ယာရစ်လှည့်လည်ကာ သဒ္ဓါကြွရွှင်စိတ်အထူး)၂ × × ရွှေထီးတော်တွေလှည့်လည်ပွဲကိုလ ကုသိုလ်ရိုန်ထုံထုံကဲအောင်ကွယ် နွဲလို့ရွှင်မြူး × ×

– ယဉ်ကျေးပုံဇာတိသွင်းပါလို့ ရှေးထုံးစံ ဒေဝါဝင်းရယ်နှင့်၊ ရာဇာဝင်း နှစ်ရပ်ဖော် သုံးပြုရွှင်ပျော် (ဥပ္ပါတသန္တိစေတီတော် × × × ကုသိုလ်ဖော်လို့ စေတနာသွင်း)၂ × ရွှေထီးတော်တွေ ပင့်ဆောင်ခန်းမှာဖြင့် လက်တွဲညီလှည့်လည်လှမ်းပါလို့ ကနက္ကဒဏ် ထီးဖြူတွေလွှမ်းလို့ရယ် (ကွယ်) ပျားပန်းခပ်၊ ဆောင်ကြဉ်း

– အောင်ပန်းကို လှမ်းခွေပို့က်ပါလို့ × × နန်းမြေထိုက်မြတ်စေတီ အောင်ဆုယူ အောင်စခန်းကို (ကွယ်) လှမ်းဖို့ရွှယ်ရည် × × × (အောင်တေးကိုသီ × အောင်စည်နဲ့ ဆော်ရွှမ်း ×)၂ × × ဥပ္ပါတသန္တိစေတီကို အောင်လံဆင်တယ်ကွယ် သောင်းထက်ကျော်လွှမ်း × ×

www.dhammaransi.com

အောင်ဘိသေ စက်အာယုရယ်နှင့် လက်ယာခရုငွေသခါ သွန်းဆုချွေကာ နိုင်ငံတော်အကြီးအကဲတို့ စေတနာတွေ ထုံထုံကဲပြီမို့ ရွှေထီးတော်တင် အောင်မြင်ပွဲကိုလ ပေါင်းစုညီ ရွှေလက်တွဲလို့ရယ် (ကွယ်) နွဲ့ကြည်ညာ (ဥပ္ပါတသန္တိကုန်းတော်မှာ × × တန္ခူန်းပေါ်လာတဲ့ စေတီတော်ကြီး) × × ကမ္ဘာတည် တာရည်ခရီးပေမို့ × ပြည်နိဗ္ဗာန်ရောက်ရန် နီးအောင်လို့ များပိုလ်လူ ကုသိုလ်ကြီးကို (ကွယ်) ဆည်းကပ်ခြင့်ညီး × ×

[အဆိုတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဦးထွန်းရွှေ (လူမှုထူးချွန်ပထမအဆင့်) ရေးဖွဲ့၍ ကိုယ်တိုင် သီဆိုပူဇော်သည်။]

. . . . . .

မင်္ဂလာသဘင်မော်ကွန်းတင် ပုလဲသွယ်တေးထပ်

ပြည်ထောင်စု ဂုဏ်ဆောင် လှုံသဒ္ဓါရည်ဟပ်၊
ဉာဏ်ပဏာတည်ကပ် ကြောင်းပြုဖော်တည်။
မြန်မာ ပြည်မြတ် ကောင်းမှုပျော်ညီ
တောင်းဆုမျှော်ရည် အောင်သံကဲ့။
နိုင်ငံတော် ရဲ့ အောင်ပွဲဇေယျာ၊
ခေါင်နွဲ့တေဇာ ဥဒါန်းတွင်မည့်ပွဲ။
နေပြည်တော် ရဲ့ ကနက်ပွေမဟီမှာ၊
ကျက်သရေညီဖြာ ယှဉ်မျှော်နွဲ့။
ဥပ္ပါတသန္တိ စေတီမဟာ ပူဇော်ပွဲမှာလ၊
တူပျော်ဝဲသဘင်ညီ။
စေတီတော် အံ့ဖွယ် ဇေယျာဂုဏ်ဟပ်ပြီမို့၊
ရွှေတိဂုံမြတ် ကိုယ်ဖွားယှဉ်လို့တည် ။
ဌာပနာတော်သွင်း ဆွေသမုဆောင်ရည်၊
ဇေယျတုအောင်စည် ပဏာယှဉ်ကာတွဲပါလို့။
မဟာမင်္ဂလာ ပွဲ ကောင်းမြတ် ကနက်နန်းအသွင်
သောင်းဓာတ် ဘဝဂ်လွှမ်းဆင်။
အခမ်းအနား အဆင့်ဆင့် တေဇာလွင်သည်၊
ပြည်မြန်မာအစဉ်တည် မော်ကွန်းတင်ဖျာ့လေး။ ။

(သာသနာရေးဦးစီးဌာန၊ ဦးသူရ ရေးဖွဲ့ပြီး အဆိုတော် ဦးထွန်းရွှေ သီကျူးပူဇော်သည်။)

www.dhammaransi.com

အထက်ဌာပနာသွင်းနှင့် ရွှေထီးတော်တင် မဟာမင်္ဂလာ အခမ်းအနားတွင် သီကျူးပူဇော်သော မင်္ဂလာစည်တော်သံများ

(ကောဇာသင်္ကရာဇ် ၁၃၇၀ ပြည့်နှစ် တပေါင်းလဆန်း ၁၂ ရက်မှ လပြည့်နေ့အထိ ဆင်ယင်ကျင်းပသောပွဲများ)

– အောင်ပါပြီ အောင်စည်ရွှမ်းပါလို့ အောင်မဟီကျွန်းလက်ယာတော်
(နေပြည်တော်မှာ စေတီတော်ကြီးတည်ကာထားတယ်ကွယ် ချီးအံ့မကုန်သော်)

– အောင်ကြောင်းကို မျှော်တယ်လေး အောင်မောင်းသံတကြော်ကြော်နှင့် (အောင်စည်တော်မြည်ကာ ဟိန်းတယ်ကွယ် ဘေးရန်ပင်မြိမ်း)

– ပုဏ္ဏာမီ စန်းရောင်ဆိုင် လင်းသလိုပ ခန်းဆောင်လိုဏ်တွင်းမှာဖြင့် ဝင်းထိန်ဝါမြတ်ဗုဒ္ဓဘိသေကာ သဘင်ကျင်းတယ်ကွယ် မင်းမင်းမြတ်ဗိုလ်ပါ – – –
(ဒေါင်းဖန်လ်ဝါ / ယုန်စန္ဒာ ရောင်ဖြာလို့ ထိန်လင်း)၂ × × ဤမင်္ဂလာသဘင်ခန်းမှာလ ဝတီသာ ထက်ခွင် နန်းဆီက နတ်ဒေဝါ ကူညီလှမ်းလို့ရယ် (ကွယ်) လမ်းပြဆောင်နှင်း × × ×

– အောင်ခြင်း မင်္ဂလာအခါတော်လင်းပြီမို့ × × အောင်သတင်းကြေညာ × × × အောင်ဩဘာသံ ဆူလှိုက်ကြွေးတယ် (ကွယ်) အေးမြချိန်ခါ × ×
(လူနတ်ပြဟ္မာ ထပ်ခါတည့်ဆုတောင်း)၂ × × အထက်ဌာပနာတော်သွင်းလှူကြောင်းရယ်နဲ့ × × ရွှေထီးတော်တင် အောင်မြင်ကြောင်းကိုလ × × အောင်သပြေ ညောင်ရေလောင်းတယ် (ကွယ်) ပြီးမြောက်စေကြောင်း × × ×

– ဗုဒ္ဓသာသနာတော် ကမ္ဘာတည်စေဖို့၊ တာရှည်ကွဲ. ရွှယ်ရည် × အထက်ဌာပနာတော်တွေ ပင့်ဆောင်လှမ်းလို့ရယ် (ကွယ်) ဝမ်းမြောက်သာကြည် × × ×
(လက်ယာရစ်လှည့်လည်သည် ရွှင်ကြည်စိတ်သဒ္ဓါထဲ)၂× × မြတ်အာရုံ ရည်ကာမှန်းပါလို့ ရွှေထီးတော်တင်ပူဇော်ပန်းကို (ကွယ်) မြှန်းဆင်တဲ့ပွဲ × × ×

– ရွှေရည်ဖော် တောင်တံတိုင်းတွေ ဝန်းရံသိုင်းပါလို့ နေပြည်တော်တိုင်း သည်နေရာ × × ဗုဒ္ဓသာသနာတော် အရှည်ခန့်စေဖို့ ဥပ္ပါတသန္တိစေတီတော်တည်ကာ ထားတယ်ကွယ် × × ထူးခြားတည်ကမ္ဘာ × × အထက်ဌာပနာတော် × × သွင်းလှူပါတဲ့ မဟာမင်္ဂလာပွဲ × × ရွှေထီးတော်တွေ တင်လှူပါတဲ့ မဟာမင်္ဂလာပွဲ × × ရွှေထီးတော် တင်အောင်မြင်မလွဲပါဘု × × ပြည်နိဗ္ဗာန်ရောက်စေရန် အာရုံစွဲပါလို့ များဗိုလ်လူ ရွှေလက်တွဲလို့ရယ် (ကွယ်) နွဲ့ကြခြိမ့်သဲ × × ×

× × × ×

[အဆိုတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဦးထွန်းရွှေ (လူမှုထူးချွန်ပထမဆင့်) ရေးဖွဲ့သီကုံး၍ ကိုယ်တိုင် သီကျူးပူဇော်သည်။]

www.dhammaransi.com

အထက်ဌာပနာတော်သွင်း ရွှေထီးတော်တင် မဟာမင်္ဂလာ



ဥပ္ပါတသန္တိစေတီတော် အထက်ဌာပနာတော်သွင်း ရွှေထီးတော်တင် မဟာမင်္ဂလာအခမ်းအနား
ကျင်းပချိန်၌ စေတီတော်ကြီးအား ညပိုင်းတွင် ကြည်ညိုဖွယ်ဖူးမြော်ရစဉ်။

www.dhammaransi.com

အထက်ဗျာပနာတော်သွင်း၊ ရွှေထီးတော်တင် မဟာမင်္ဂလာအခမ်းအနားသို့ နိုင်ငံတော်ဒေးဂျမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီးဒေါ်ကြင်ကြင်တို့ တက်ရောက်ကြသည်ကို၊ကြစဉ်။

www.dhammaransi.com

မဟာမင်္ဂလာအခမ်းအနားသို့ နိုင်ငံတော်ဩဝါဒစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော်
သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အမှူးပြုသော ဆရာတော်ကြီးများ၊ တိပိဋကဓရ
တိပိဋကဓရကောဝိဒ ဆရာတော်ကြီးများ ကြွရောက်ပူဇော်စဉ်။

www.dhammaransi.com

အထက်ဗျာပနာတော်သွင်း၊ ရွှေထီးတော်တင် မဟာမင်္ဂလာအခမ်းအနားတွင် မကွေးဆရာတော် ဘဒ္ဒန္တကုမာရထံမှ
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်
ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့ အမှူးပြုသော ပရိသတ်များက
ကိုးပါးသီလ ခံယူဆောက်တည်ကြစဉ်။

www.dhammaransi.com

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မကွေးဆရာတော် အဘိဓဇမဟာရဋ္ဌဝုရ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရထံ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် မိသားစုများက ဥပ္ပါတသန္တိစေတီတော်ကို သာဟတ္ထိက ကိုယ်တိုင်လက်ရောက် ကာယကံမြောက်အောင် ဆက်သွယ်ထားသည့် ယပ်တော်၊ ဈာနမုဒြာဗုဒ္ဓပဋိမာနှင့် ဆင်ခံရှပ်ပွားတော်၊ ရွှေစင်ပဋိမာနှစ်ဆူ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဝရဒါဌာဓာတုစွယ်တော်မြတ်တစ်ဆူ၊ ရွှေစေတီတော်နှစ်ဆူ၊ ရွှေစင်ပရိကွရာရှစ်ပါးပုံစံတော်၊ ရွှေစင်အကွပ်တော်တို့ကို ဆပ်ကပ်လှူဒါန်းကြစဉ်။

www.dhammaransi.com

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မကွေးဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရထံ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် မိသားစုများက ရတနာစိန်ဖူးတော်ကို ဆက်ကပ်လှူဒါန်းကြစဉ်။

www.dhammaransi.com

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီးဒေါ်မြမြစန်းတို့ ရတနာငှက်မြတ်နားတော်၊ သီရိလင်္ကာနိုင်ငံမှ ဝရဒါဌာဓာတုစွယ်တော်မြတ်တစ်ဆူ၊ ရွှေစေတီတော်နှစ်ဆူ၊ ရွှေပဒေသာပင်၊ ရွှေစင် အကွပ်တော်၊ ရတနာကျောက်စိမ်း ဗုဒ္ဓရုပ်ပွားတော်များကို ဆရာတော်ထံ ဆက်ကပ်လှူဒါန်းစဉ်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့်ဇနီး ဒေါ်ခင်လေးသက်တို့ ဥပါဟသန္တိစေတီတော် ရွှေထီးတော်ကြီးကိုယ်စားရွှေထီးတော်ငယ်တစ်ဆူ၊ ရွှေစင်အကွပ်တော်၊ အထက်ဌာပနာတော်ပစ္စည်းများဖြစ်သည့် ငွေဗောဓိပင်၊ ရတနာကျောက်စိမ်း ဗုဒ္ဓရုပ်ပွားတော်တို့ကို ဆရာတော်ထံဆက်ကပ်လှူဒါန်းစဉ်။

www.dhammaransi.com

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းတို့ ရွှေစင်အကွပ်တော်၊ အထက်ဌာနာတော်
ပစ္စည်းများပြစ်သည့် ရွှေစေတီတော်၊ ရတနာကျောက်စိမ်းဗုဒ္ဓရုပ်ပွားတော်၊ ပိဋကတ်သုံးပုံငွေပေလွှာနှင့်
ဇာတာတော်ငွေကြုတ်လေးခုကို ဆရာတော်ထံ ဆက်ကပ်လှူဒါန်းစဉ်။

ဥပါဒာသန္တိစေတီတော်တည်ဆောက်ရေးဦးစီးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ပွံ့ပြိုးရေးကောင်စီ
အတွင်းရေးမှူး(၁)ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့်ဇနီး ဒေါ်ခင်စောနွဲ့တို့ အထက်ဌာနာတော်
ပစ္စည်းများ ဖြစ်သည့် ရွှေစေတီတော်၊ ရွှေစင်အကွပ်တော်၊ ရတနာကျောက်စိမ်း ဗုဒ္ဓရုပ်ပွားတော်၊
ငွေဖောမိပင်တို့ကို ဆရာတော်ထံ ဆက်ကပ်လှူဒါန်းစဉ်။

www.dhammaransi.com

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေးနှင့်
ဇနီး ဒေါ်ကြည်ကြည်အုန်းတို့ ရွှေစင်အကွပ်တော်၊ အထက်ဌာပနာတော်ပစ္စည်းများဖြစ်သည့် ရွှေစေတီတော်၊
ငွေဗောဓိပင်တော်၊ ရတနာကျောက်စိမ်းဗုဒ္ဓရုပ်ပွားတော်၊ ဓာတ်တော်ငွေကြုတ်၊ ပရိကွရာရှစ်ပါး
ငွေပဒေသာပင်တို့ကို ဆရာတော်ထံ ဆက်ကပ်လှူဒါန်းစဉ်။

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့, ဒုတိယဥက္ကဋ္ဌ၊ ရန်ကုန်မြို့, ရန်ကင်းမြို့နယ် ဓမ္မိကာရုံပရိယတ္တိစာသင်တိုက် ကျိုက်ပိကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိစာသနထံ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့ သက်နှံးအစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြစဉ်။

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့, ဒုတိယဥက္ကဋ္ဌ၊ မကွေးတိုင်း ရေနံချောင်းမြို့, ရွှေတောင်ပါဠိဓဇဂ္ဂသိုလ်ကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တတေဇနိယထံ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနင်းတို့ သက်နှံးအစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြစဉ်။

www.dhammaransi.com

နိုင်ငံတော်သြဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများ၊ တိုင်ရင်းကဓရ တိုင်ရင်းကကောဝိဒ ဆရာတော်ကြီးများနှင့် ဘွဲ့ခံဆရာတော်ကြီးများအား နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြင်ကြင်တို့က နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြစဉ်။

www.dhammaransi.com

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များက နိုင်ငံတော်သြဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော်ဗဟိုသံယာ့ဝန်ဆောင် ဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒ ဆရာတော်ကြီးများနှင့် ဘွဲ့ခံဆရာတော်ကြီးများအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြစဉ်။

www.dhammaransi.com

ဥပ္ပါတသန္တိစေတီတော်
တည်ဆောက်ရေးလုပ်ငန်းများနှင့်
စပ်လျဉ်း၍ ဆောင်ရွက်ချက်များ

www.dhammaransi.com

ဥပ္ပါတသန္တိစေတီတော်ဆိုင်ရာ အချက်အလက်များ

၁။ **စေတီတော်အကျယ်အဝန်း**

(က) အောက်ပစ္စယာ အကျယ် – ၁၀၀၈ ပေပတ်လည်

(ခ) အလယ်ပစ္စယာ အကျယ် – ၈၅၅ ပေပတ်လည်

(ဂ) ရင်ပြင်တော် အကျယ် – ၇၀၂ ပေပတ်လည်

(ဃ) ပန်းတည်ခုံထိပ် အကျယ် – ၃၂၅ ပေပတ်လည်

(င) ပန်းတည်ခုံအောက်ခြေ အကျယ် – ၃၄၂ ပေပတ်လည်

(စ) ပန်းတည်ခုံအောက်ခြေမှ မဟာရံတံတိုင်းအထိ အကျယ် – ၁၈၀ ပေပတ်လည်

၂။ **စေတီတော်၏ ဉာဏ်တော်အမြင့်**

(က) ရင်ပြင်တော်မှ ပန်းတည်ခုံအထိ – ၁၉ ပေ ၈ လက်မ

(ခ) ပန်းတည်ခုံမှ ငှက်ပျောဖူးအထိ – ၂၆၀ ပေ ၉ လက်မ

(ဂ) ထီးတော်အမြင့် – ၄၃ ပေ ၅ လက်မ

(ဃ) ရင်ပြင်တော်မှ စိန်ဖူးတော်အထိ – ၃၂၅ ပေ

၃။ **စောင်းတန်းများ**

(က) မြောက်ဘက်စောင်းတန်း – အရှည် ၁၉၆ ပေ၊ ၆ လက်မ

(ခ) အရှေ့ဘက်စောင်းတန်း – အရှည် ၂၂၆ ပေ၊ ၆ လက်မ

(ဂ) တောင်ဘက်စောင်းတန်း – အရှည် ၂၇၉ ပေ

(ဃ) အနောက်ဘက်စောင်းတန်း – အရှည် ၂၂၆ ပေ၊ ၆ လက်မ

၄။ **ဓာတ်လှေကား** – အရှေ့တောင်ဘက်နှင့် အနောက်တောင်ဘက်တွင် လူ၂၀ဦးဆန့် ဓာတ်လှေကားနှစ်စီး

၅။ **တံခွန်တိုင်** – အမြင့် ၁၀၈ ပေ (အရှေ့တောင်ထောင့်)

၆။ **အောင်မြေ** – အချင်း ၄၉ ပေ ၄ ½ လက်မ (အနောက်မြောက်ထောင့်)

၇။ **မုခ်ဦး** – လေး ခု

၈။ **ဗောဓိညောင်** – စေတီတော်အောက်ဘက် အရှေ့မြောက်အရပ်တွင်တစ်ပင်

၉။ **အတွင်းလိုဏ်အမြင့်** – ၇၃ ပေ၊ ၈ လက်မ

၁၀။ **လိုဏ်အတွင်းဆင်းတု** – လေးဆူ

(က) ပစ္စည်း – ကျောက်စိမ်း

(ခ) ဉာဏ်တော် – ၃ ပေ၊ ၂ လက်မ

၁၁။ **လိုဏ်အတွင်းမွမ်းမံမှု**

(က) နံရံ – ဖွား၊ ပွင့်၊ ဟော၊ စံ အစရှိသည့် ဗုဒ္ဓဝင်ပန်းချီကားများအား တစ်ခြမ်း ဖောင်းကွဖြင့် ပုံဖော်ပါမည်။

(ခ) ကြမ်းခင်း – မာဘယ်ကျောက်ပြားကြမ်းခင်း

www.dhammaransi.com

သြဝါဒါစရိယဆရာတော်ကြီးများထံမှ သြဝါဒခံယူခြင်း

၂၀၀၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက်နေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ဥပ္ပါတသန္တိ စေတီတော် ရင်ပြင်တော်ရှိ ဓမ္မာရုံ၌ ဥပ္ပါတသန္တိစေတီတော် တည်ထားပူဇော်ခြင်းနှင့် စပ်လျဉ်း၍ ဥပ္ပါတသန္တိ စေတီတော် တည်ဆောက်ရေး သြဝါဒါစရိယဆရာတော်ကြီးများထံမှ သြဝါဒခံယူခြင်း မင်္ဂလာ အခမ်းအနားကို ကျင်းပခဲ့သည်။ ထိုမင်္ဂလာအခမ်းအနားသို့ ဥပ္ပါတသန္တိ စေတီတော်တည်ဆောက်ရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦးတက်ရောက်ကြည်ညိုပြီး ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

တက်ရောက်ကြည်ညို

အခမ်းအနားသို့ ဥပ္ပါတသန္တိစေတီတော်တည်ဆောက်ရေး သြဝါဒါစရိယ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်နေပြည်တော်တပ်ကုန်း ငွေတောင်တောရကျောင်းတိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ပညာသီရိ အမှူးပြုသော သြဝါဒါစရိယဆရာတော်ကြီးများ ကြွရောက်တော်မူကြသည်။ ထို့ပြင် နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် ဝေလွင်၊ စေတီတော်တည်ဆောက်ရေး ဦးစီးကော်မတီဝင်များ၊ လုပ်ငန်းကော်မတီဥက္ကဋ္ဌနှင့် ဆပ်ကော်မတီဝင်များ၊ ဖိတ်ကြားထားသူများနှင့် အလှူရှင်များ တက်ရောက်ကြည်ညို့ကြသည်။

အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး ဥပ္ပါတသန္တိ စေတီတော် တည်ဆောက်ရေး သြဝါဒါစရိယ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် နေပြည်တော် တပ်ကုန်း ငွေတောင်တောရကျောင်းတိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ပညာသီရိထံမှ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦး အမှူးပြုသော ပရိသတ်တို့က ငါးပါးသီလ ခံယူဆောက်တည်ကြသည်။ ထို့နောက် အတွင်းရေးမှူး (၁) နှင့် ပရိသတ်တို့က ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

သြဝါဒခံယူ

အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦးက ဥပ္ပါတသန္တိစေတီတော် တည်ထားပူဇော်ခြင်းနှင့်စပ်လျဉ်း၍ သြဝါဒါစရိယ ဆရာတော်ကြီးများအား ရှင်းလင်းလျှောက်ထား သြဝါဒခံယူသည်။ ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးချုပ် ဉာဏ်ထွန်းက စေတီတော် တည်ဆောက်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ပြီးစီးမှုများကိုလည်းကောင်း၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်က စေတီတော်နှင့် စပ်လျဉ်းသည့် သာသနာရေးဆိုင်ရာ ဆောင်ရွက်မှု အခြေအနေများကိုလည်းကောင်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ် သန်းဌေးက စေတီတော်မဟာမင်္ဂလာ အခမ်းအနားများ ကျင်းပခြင်းနှင့်စပ်လျဉ်း၍ စီစဉ်ထားရှိမှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းလျှောက်ထားပြီး သြဝါဒခံယူသည်။

ထို့နောက် ဥပ္ပါတသန္တိစေတီတော်တည်ဆောက်ရေး သြဝါဒါစရိယ နိုင်ငံတော်သြဝါဒါစရိယ နေပြည်တော် ပျဉ်းမနား မဟာဝိသုတာရာမ စေ့းကုန်းကျောင်းတိုက် ပဓာန နာယကဆရာတော် အဘိဓဇမဟာ ရဋ္ဌဂုရာဘဒ္ဒန္တ ကဝိသာရထံမှ အတွင်းရေးမှူး (၁)နှင့် ပရိသတ်တို့သည် ဥပ္ပါတသန္တိစေတီတော် တည်ထားပူဇော်ခြင်း နှင့်စပ်လျဉ်း၍ သြဝါဒကထာ နာယူကြသည်။ ယင်းနောက် ဆရာတော်၊ သံဃာတော်များဦးဆောင်၍ အတွင်းရေးမှူး (၁) နှင့် ပရိသတ်တို့က ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရှုပ်သိမ်းလိုက်သည်။

www.dhammaransi.com

အခမ်းအနားအပြီးတွင် စေတီတော်တည်ဆောက်ရေး သြဝါဒါစရိယဆရာတော်ကြီးများသည် ဥပ္ပါတသန္တိ စေတီတော်တွင် တင်လှူပူဇော်မည့် စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ထည့်သွင်းပူဇော်မည့် ဌာပနာပစ္စည်းများကို ကြည့်ရှုကြည်ညိုကြပြီး စေတီတော်လိုဏ်အတွင်းနှင့် တည်ဆောက်ရေး လုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှု ကြည်ညိုကြရာ အတွင်းရေးမှူး(၁)က ရှင်းလင်းလျှောက်ထားသည်။

www.dhammaransi.com

သြဝါဒိဓိရိယ ဆရာတော်ကြီးများထံမှ သြဝါဒစံယူခြင်း

ဥပါဟသန္တိစေတီတော်တည်ဆောက်ရေး သြဝါဒါစရိယ နိုင်ငံတော်ဗဟိုသံဃာဝန်ဆောင် နေပြည်တော် တစ်ကုန်း
ဌေးတောင်တောရကျောင်းတိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပညာသီရိထံမှ
အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး အမှူးပြုသော ဗရိသတ်တို့က
ငါးပါးသီလခံယူဆောက်တည်ကြစဉ်။

JEE

www.dhammaransi.com



ဥပုဂိတသန္ဓိစေတီတော်တည်ဆောက်ရေး ဩဝါဒါစရိယ ဆရာတော်ကြီးများ စေတီတော်လိုက်အတွင်းနှင့်
တည်ဆောက်ရေးလုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုကြသည်ကို ကြရာ ဥပုဂိတသန္ဓိစေတီတော်တည်ဆောက်ရေး
ဦးစီးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ပဲ့ ပြုံးရေးကောင်စီ အတွင်းရေးမှူး(၁)
ဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦးက ရှင်းလင်းလျှောက်ထားစဉ်။

www.dhammaransi.com

ဥပါတသန္တိစေတီတော်တည်ဆောက်ရေး ဩဝါဒါစရိယ ဆရာတော်ကြီးများက ဥပါတသန္တိစေတီတော်တွင်
တင်လှူပူဇော်မည့် စိန်ပူးတော်၊ ငှက်မြတ်နားတော်နှင့် ဌာပနာပစ္စည်းများအား ကြည့်ရှုကြည်ညိုကြစဉ်။

www.dhammaransi.com

ဥပ္ပါတသန္တိစေတီတော်တည်ဆောက်ရေး ဩဝါဒါစရိယ ဆရာတော်ကြီးများက တည်ဆောက်ရေး
လုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှု ကြည်ညိုကြစဉ်။

www.dhammaransi.com

ကုန်းတော်အား အရှေ့ဘက်မှ တွေ့မြင်ရစဉ်။

ကုန်းတော်အား အနောက်ဘက်မှ တွေ့မြင်ရစဉ်။

www.dhammaransi.com

ကုန်းတော်အား တောင်ဘက်မှ တွေ့မြင်ရစဉ်။

ကုန်းတော်အား မြောက်ဘက်မှ တွေ့မြင်ရစဉ်။

www.dhammaransi.com

တည်ဆောက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်
ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဥပ္ပါတသန္တိစေတီတော်တည်ဆောက်ရေးလုပ်ငန်းများ
ကြည့်ရှုစစ်ဆေးစဉ်။

www.dhammaransi.com

ဥပ္ပါတသန္တိစေတီတော် ပုံစံငယ်အား တွေ့မြင်ရစဉ်နှင့် နိဂံးတော်အေးချမ်းသာယာရေးနှင့်
ပွဲ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
ဥပ္ပါတသန္တိစေတီတော်၏ ပုံစံငယ်အား ကြည့်ရှုစဉ်။

www.dhammaransi.com

ပွင့်ရာဗောဓိဥယျာဉ်တော်၌ ပွင့်ရာဗောဓိပင် ၂၈ ပင်နှင့် ဗောဓိညောင် ၁၀၈ ပင် အောင်မြင်စွာ စိုက်ပျိုးခြင်း

၂၀၀၈ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက်နေ့ နံနက်ပိုင်းတွင် ဥပ္ပါတသန္တိစေတီတော် ပရိဝုဏ်အတွင်းရှိ ပွင့်ရာဗောဓိဥယျာဉ်တော်၌ မြတ်စွာဘုရားရှင်တို့၏ ပွင့်တော်မူရာ ဗောဓိပင် ၂၈ ပင်နှင့် ဗောဓိညောင် ၁၀၈ ပင် စိုက်ပျိုးပွဲအခမ်းအနားကို ကျင်းပသည်။ နိဒ်ဒေါအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ တက်ရောက်စိုက်ပျိုးပေးသည်။

ပါဝင်စိုက်ပျိုး

ပွင့်တော်မူရာ ဗောဓိပင် ၂၈ ပင်နှင့် ဗောဓိညောင် ၁၀၈ ပင် စိုက်ပျိုးပွဲအခမ်းအနားသို့ နိဒ်ဒေါအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး၊ နိဒ်ဒေါအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီး သူရရွှေမန်း၊ နိဒ်ဒေါဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်၊ နိဒ်ဒေါအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦး၊ နိဒ်ဒေါအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ကာကွယ်ရေး ဦးစီးချုပ် (ရေ)၊ ကာကွယ်ရေးဦးစီးချုပ် (လေ)၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ ပြည်နယ်နှင့်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ မြို့တော်ဝန်များ၊ ဒုတိယဝန်ကြီးများနှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးများ တက်ရောက်၍ ပါဝင်စိုက်ပျိုးပေးကြသည်။

အသီးသီးစိုက်ပျိုး

နိဒ်ဒေါအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ အမှူးပြုသော အဖွဲ့ဝင်များသည် မင်္ဂလာအချိန် နံနက် ၉ နာရီ ၉ မိနစ်တွင် စေတီတော် ပရိဝုဏ်အတွင်းရှိ ပွင့်ရာဗောဓိဥယျာဉ်တော်၌ ပွင့်တော်မူရာဗောဓိပင် ၂၈ ပင် စိုက်ပျိုးမည့် သတ်မှတ်နေရာများ၌ အသီးသီးနေရာယူကြသည်။ နိဒ်ဒေါအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေက အမှတ်(၁)နေရာ၌ သတ်မှတ်အပင်ကို လည်းကောင်း၊ နိဒ်ဒေါအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးက အမှတ် (၂) နေရာ၌ သတ်မှတ်အပင်ကို လည်းကောင်း၊ နိဒ်ဒေါအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီး သူရရွှေမန်းက အမှတ်(၃)နေရာ၌ သတ်မှတ်အပင်ကို လည်းကောင်း၊ နိဒ်ဒေါဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်က အမှတ်(၄) နေရာ၌ သတ်မှတ်အပင်ကို လည်းကောင်း၊ နိဒ်ဒေါအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦးက အမှတ် (၅)နေရာ၌ သတ်မှတ်အပင်ကို လည်းကောင်း အသီးသီး စိုက်ပျိုးပေးကြသည်။

ထို့နောက် ပွင့်ရာဗောဓိဥယျာဉ်တော်အတွင်းရှိ ကျန်ရှိသောနေရာများတွင် မြတ်စွာဘုရားရှင်တို့၏ ပွင့်တော်မူရာ ဗောဓိပင်များကို နိဒ်ဒေါအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော် အရာရှိကြီးများက သတ်မှတ်နေရာများ၌ သတ်မှတ်အပင်များကို တစ်ပြိုင်နက်စိုက်ပျိုးပေးကြသည်။ ထို့အတူ မင်္ဂလာအချိန်တွင်ပင် ဥပ္ပါတသန္တိစေတီတော်ပရိဝုဏ်အတွင်းရှိ ဗောဓိညောင်ပင် စိုက်ပျိုးမည့် သတ်မှတ်

www.dhammaransi.com

နေရာများ၌လည်း ဗောဓိညောင် ၁၀၈ ပင်ကို ပြည်နယ်နှင့်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ မြို့တော်ဝန်များနှင့် ဒုတိယဝန်ကြီးများ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး များက တစ်ပြိုင်နက်တည်း စိုက်ပျိုးပေးကြသည်။

www.dhammaransi.com

ပွင့်ရာဇာဓိဥယျာဉ်တော်၌ ပွင့်တော်မူရာ ဗောဓိပင် ၂၈ ပင်နှင့်
ဗောဓိညောင် ၁၀၈ ပင် စိုက်ပျိုးပွဲအခမ်းအနား

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
ဥပ္ပါတသန္ဓိစေတီတော် ပရိဝုဏ်အတွင်းရှိ ပွင့်ရာဇာဓိဥယျာဉ်တော်၌ မြတ်စွာဘုရားရှင်တို့၏ ပွင့်တော်မူရာ
ဗောဓိပင် ၂၈ ပင်နှင့် ဗောဓိညောင် ၁၀၈ ပင် စိုက်ပျိုးပွဲ အခမ်းအနားတွင်
အမှတ်(၁) နေရာ၌ သတ်မှတ်အပင်ကို စိုက်ပျိုးပေးနေစဉ်။

www.dhammaransi.com

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဥပုဒ်တသန္တိစေတီတော် ပရိဝုဏ်အတွင်းရှိ ပွင့်ရာဇာမိ
ဥယျာဉ်တော်၌ မြတ်စွာဘုရားရှင်တို့၏ပွင့်တော်မူရာဇာမိပင် ၂၈ ပင် နှင့် ဇာမိညောင်၁၀၈ပင်
စိုက်ပျိုးပွဲ အခမ်းအနားတွင် အမှတ်(၄)နေရာ၌ သတ်မှတ်အပင်ကို စိုက်ပျိုးပေးနေစဉ်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး
ဥပုဒ်တသန္တိစေတီတော် ပရိဝုဏ်အတွင်းရှိ ပွင့်ရာဇာမိဥယျာဉ်တော်၌ မြတ်စွာဘုရားရှင်တို့၏ ပွင့်တော်မူရာ
ဇာမိပင် ၂၈ပင်နှင့် ဇာမိညောင်၁၀၈ပင် စိုက်ပျိုးပွဲအခမ်းအနားတွင်
အမှတ်(၅)နေရာ၌ သတ်မှတ်အပင်ကို စိုက်ပျိုးပေးနေစဉ်။

www.dhammaransi.com

ဥပ္ပါတသန္နီ စေတီတော် ပရိဝုဏ်အတွင်းရှိ ပွင့်ရာတေမိဉယျာဉ်တော်၌
မြတ်စွာဘုရားရှင် တို့၏ ပွင့်တော်မူရာ တေမိပင် ၂၈ ပင်နှင့် တေမိညောင်
၁၀၈ ပင် စိုက်ပျိုးပွဲ အခမ်းအနား၊ တွင် ကာကွယ်ရေးဦးစီးချုပ်(ရေ) က
သတ်မှတ်အပင်ကို စိုက်ပျိုးပေးစဉ်။

ဥပ္ပါတသန္နီ စေတီတော် ပရိဝုဏ်အတွင်းရှိ ပွင့်ရာတေမိဉယျာဉ်တော်၌
မြတ်စွာဘုရားရှင် တို့၏ ပွင့်တော်မူရာ တေမိပင် ၂၈ ပင်နှင့်
တေမိညောင် ၁၀၈ ပင် စိုက်ပျိုးပွဲ အခမ်းအနား၊ တွင်
ကာကွယ်ရေးဦးစီးချုပ်(လေ) က သတ်မှတ်အပင်ကို
စိုက်ပျိုးပေးစဉ်။

ဥပ္ပါတသန္နီ စေတီတော် ပရိဝုဏ်အတွင်းရှိ ပွင့်ရာတေမိဉယျာဉ်တော်၌
မြတ်စွာဘုရားရှင် တို့၏ ပွင့်တော်မူရာ တေမိပင် ၂၈ ပင်နှင့် တေမိညောင်
၁၀၈ ပင် စိုက်ပျိုးပွဲ အခမ်းအနား၊ တွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး
ဗိုလ်မှူးချုပ်ဝင်းမြင့်က သတ်မှတ်အပင်ကို စိုက်ပျိုးပေးစဉ်။

www.dhammaransi.com

ဥပါတသန္တိစေတီတော်ပရိဝုဏ်အတွင်းရှိ ပွင့်ဂဟေမိဉယျဉ်တော်၌မြတ်စွာဘုရားရှင်တို့၏ပွင့်တော်မူရာ
ဗောဓိပင် ၂၈ပင်နှင့် ဗောဓိညောင် ၁၀၈ပင် စိုက်ပျိုးပွဲအခမ်းအနားတွင် တိုင်းမှူးများနှင့်
အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများတ သတ်မှတ်အပင်များကို စိုက်ပျိုးပေးကြစဉ်။



www.dhammaransi.com

စေတီတော်ပရိဝုဏ်အတွင်းရှိ ပွင့်ရာဟောဓိဉာဏ်တော်၌
မြတ်စွာဘုရားရှင်တို့၏ ပွင့်တော်မူရာဟောဓိပင် ၂၈ပင်နှင့်
ဟောဓိညောင် ၁၀၈ပင် စိုက်ပျိုးပွဲအခမ်းအနားတွင်
အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများက သတ်မှတ်
အပင်များကို စိုက်ပျိုးပေးကြစဉ်။

ဥပါတသန္တိစေတီတော် ပရိဝုဏ်အတွင်းရှိ ပွင့်ရာဟောဓိဉာဏ်တော်၌ မြတ်စွာဘုရားရှင်တို့၏ ပွင့်တော်မူရာ ဟောဓိပင် ၂၈ပင်နှင့်
ဟောဓိညောင် ၁၀၈ပင် စိုက်ပျိုးပွဲအခမ်းအနားတွင် ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ
အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများက သတ်မှတ်အပင်များကို စိုက်ပျိုးပေးကြစဉ်။

www.dhammaransi.com

စိန်ဖူးတော်၊ ဂုက်မြတ်နားတော်တို့အား
လှည့်လည်ကိန်းဝပ်ပူဇော်ခြင်း မင်္ဂလာအခမ်းအနား

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင်နှင့် နိုင်ငံတော်ဩဝါဒိစရိယဆရာတော်များက
ဥပ္ပါတသန္တိစေတီတော်တွင် တင်လှူပူဇော်မည့် စိန်ဖူးတော်နှင့် ဂုက်မြတ်နားတော်
ကိန်းဝပ်အပူဇော်ခံခြင်း မင်္ဂလာအခမ်းအနားကို ဘုရားကန်တော့ ဖွင့်လှစ်စဉ်။

www.dhammaransi.com

ဥပါတသန္တီစေတီတော်တွင် တင်လှူပူဇော်မည့် စိန်ဖူးတော်ကို ရွှေတိဝုံစေတီတော်မြတ်ကြီး၌
ကိန်းဝပ်အပူဇော်ခံခြင်း မဟာမင်္ဂလာအခမ်းအနားတွင် ဖူးတွေ့ရစဉ်။

www.dhammaransi.com



ဥပါဒါတသန္ဓိစေတီတော်မြတ်တွင် တင်လှူပူဇော်မည့် ငှက်မြတ်နားတော်အား ရွှေတိဝုံစေတီတော်မြတ်ကြီး၌
ကိန်းဝပ်ပူဇော်ခဲ့ခြင်း မဟာမင်္ဂလာအခမ်းအနားတွင် တွေ့ရစဉ်။

www.dhammaransi.com

ဥပါတသန္တိစေတီတော်မြတ်တွင် တင်လှူပူဇော်မည့် စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့အား
ဂုန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့် ပူဇော်ကြည်ညိုနေစဉ်။

www.dhammaransi.com

ဥပါဒါတသန္ဓိစေတီတော်မြတ်တွင် တင်လှူပူဇော်မည့် စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့ကို
ရွှေတိဂုံစေတီတော်ရင်ပြင်တော်တွင် လက်ယာရစ်တစ်ပတ် ပူဇော်စဉ်။

www.dhammaransi.com

ဥပ္ပါတသန္နီစေတီတော်မြတ်တွင် တင်လှူပူဇော်မည့် စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့ကို
ရွှေတိဝုံစေတီတော်မြတ်၏ အထက်ပစ္စယာတွင် လက်ယာရစ်တစ်ပတ် ပူဇော်စဉ်။

www.dhammaransi.com

စိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့အား လှည့်လည်ကိန်းဝပ်ပူဇော်ခံခြင်း

နေပြည်တော်၌ တည်ထားကိုးကွယ်မည့် ညပ္ပါတသန္ဓိစေတီတော်တွင် တင်လှူပူဇော်မည့် စိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့အား မဟာမုနိရုပ်ရှင်တော်မြတ်ကြီး၌ ကိန်းဝပ်ပူဇော်ခံနိုင်ရေးအတွက် နေပြည်တော်မှ မော်တော်ယာဉ်ဖြင့်ပင့်ဆောင်လာခဲ့ရာ မဟာမုနိရုပ်ရှင်တော်မြတ်ကြီး အရှေ့ဘက်စောင်းတန်းသို့ ၄-၂-၂၀၀၉ ရက်နေ့ ညနေ ၄ နာရီ အချိန်တွင် ရောက်ရှိလာရာ တိုင်းမှူး၊ မြို့တော်ဝန်နှင့် တာဝန်ရှိသူများက အခမ်းအနားဖြင့် မဟာမုနိရုပ်ရှင်တော်မြတ်ကြီး ဝင်းအတွင်းရှိ မိုးကောင်းဓမ္မာရုံသို့ ပင့်ဆောင်ကြသည်။

ထို့နောက် မဟာမုနိရုပ်ရှင်တော်မြတ်ကြီး၌ ကိန်းဝပ်အပူဇော်ခံခြင်း မင်္ဂလာအခမ်းအနားကို ၅-၂-၂၀၀၉ ရက်နေ့ နံနက် ၈ နာရီက မန္တလေးမြို့ မဟာမုနိရုပ်ရှင်တော်မြတ်ကြီး မိုးကောင်းဓမ္မာရုံ မင်္ဂလာမဏ္ဍပ်၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်သြဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ရွှေကျင် သာသနာပိုင် ဝါဆိုကျောင်းဆရာတော်ကြီး ဘဒ္ဒန္တအဂ္ဂိယအမှူးပြုသော ဆရာတော်၊ သံဃာတော် ၁၈ ပါး ကြွရောက်တော်မူကြသည်။ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် တင်ငွေနှင့်ဇနီး၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် ဖုန်းဇော်ဟန်နှင့်ဇနီး၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် သန်းထွန်းအောင်နှင့်ဇနီး၊ အထက်မြန်မာပြည်နှင့် တိုင်းအဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဝတ်အသင်းအဖွဲ့များ၊ ဘုရားကြီးဂေါပကအဖွဲ့များ၊ ဘုရားဖူးလာပြည်သူများ စုစုပေါင်း အင်အား ၃၀၀၀ ကျော် တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ တိုင်းမှူးသည် မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုပြီး တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ခြေတော်ရာပြတိုက်တွင် ဆရာတော်ကြီးများအား အရက္ခာမုန့်တီဆွမ်း ဆက်ကပ်ကြသည်။ ထို့နောက် မင်္ဂလာအခမ်းအနားကို မိုးကောင်းဓမ္မာရုံ၌ကျင်းပရာ ရှေးဦးစွာ ကြွရောက်တော်မူကြသော ဆရာတော် ကြီးများ၊ တိုင်းမှူးနှင့်ဇနီး၊ ညပ္ပါတသန္ဓိစေတီတို့က နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ကြသည်။ ထို့နောက် နိုင်ငံတော်သြဝါဒါစရိယ ရွှေကျင် သာသနာပိုင် ဝါဆိုကျောင်းဆရာတော်ကြီးထံမှ တိုင်းမှူးနှင့်ဇနီး၊ ညပ္ပါတသန္ဓိစေတီတို့က ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်ကြီးတို့က ပရိတ် တရားတော် များ ရွတ်ဖွားသရဇ္ဈာယ်တော်မူကြရာ ရိုသေစွာနာယူကြည်ညိုကြသည်။ ထို့နောက် တိုင်းမှူးက သာသနာရေး ဆိုင်ရာများကို လျှောက်ထားသည်။

ထို့ပြင် တိုင်းမှူးနှင့်ဇနီးတို့က ဝါဆိုကျောင်းဆရာတော်ကြီးအား လည်းကောင်း၊ မြို့တော်ဝန်နှင့် ဇနီးတို့က ရွှေဝါဝင်းကျောင်းဆရာတော်ကြီးအား လည်းကောင်း၊ ဒုတိယတိုင်းမှူးနှင့် ဇနီးတို့က သရက်တောကျောင်းဆရာတော်ကြီးအား လည်းကောင်း၊ တာဝန်ရှိသူများက ဆရာတော်ကြီးများအား လည်းကောင်း လှူဖွယ်ပစ္စည်းများ အသီးသီး ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် မန္တလေးတိုင်း သံဃနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ရွှေဝါဝင်းကျောင်းဆရာတော်ကြီး ဘဒ္ဒန္တသာသနာဘိဝံသထံမှ အနုမောဒနာနှင့် ရေစက်ချ တရားနာကြားပြီး တိုင်းမှူးနှင့်ဇနီး၊ တာဝန်ရှိသူများက လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်အား ရင်ပြင်တော်တွင် လှည့်လည်ပူဇော်ခြင်း အစီအစဉ်ကို ဆက်လက်ကျင်းပရာ သာသနာ့အလံဖလားကိုင်မှ ဦးဆောင်ပြီး ပန်းစိုက်ဖလားကိုင်အဖွဲ့၊ နဖူးစည်းဆိုင်းဘုတ်ကိုင်အဖွဲ့၊ သာသနာ့အလံကိုင်အဖွဲ့၊ ပန်းကြဲအဖွဲ့၊ အောင်သပြေပန်းဖလားအဖွဲ့တို့က အစဉ်လိုက်နေရာယူကြပြီး စိန်ဖူးတော်ကို တိုင်းမှူးနှင့် တာဝန်ရှိသူများက လည်းကောင်း၊ ငှက်မြတ်နားတော်ကို တိုင်းအဆင့်

www.dhammaransi.com

တာဝန်ရှိသူများက လည်းကောင်း အစီအစဉ်အတိုင်း အသီးသီးပင့်ဆောင်၍ မဟာမုနိရုပ်ရှင်တော်မြတ်ကြီး ရင်ပြင်တော်ပေါ်တွင် လက်ယာရစ် သုံးပတ် လှည့်လည်ပူဇော်သည်။

ထို့နောက် စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့အား မဟာမုနိရုပ်ရှင်တော်မြတ်ကြီး ရှေ့မောက်၌ ပူဇော်ခဲ့ပြီးနောက် ဆရာတော်ကြီးများက ''ဇယန္တော'' အစချီသော ဆုတောင်းဂါထာများကို ရွတ်ဆိုပူဇော်ကြသည်။ တိုင်းမှူးနှင့် ဧည့်ပရိသတ်အပေါင်းတို့က ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်းပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

နေပြည်တော်တွင် တည်ထားကိုးကွယ်မည့် ဥပ္ပါတသန္တိစေတီတော်တွင် တင်လှူပူဇော်မည့် စိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့အား မဟာမုနိရုပ်ရှင်တော်မြတ်ကြီး၌ ကိန်းဝပ်ပူဇော်ခံခြင်းကို ၁၇-၂-၂၀၀၉ ရက်နေ့အထိ ပူဇော်ခံထားရှိမည်ဖြစ်သည်။

. . . . . .

www.dhammaransi.com

စိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့အား
ကိန်းဝပ်ဖူဖော်ခံခြင်း မဟာမင်္ဂလာ

စိန်ဖူးတော်ကို မဟာမုနိရုပ်ရှင်တော်မြတ်ကြီး၌ ကိန်းဝပ်အပူဖော်ခံခြင်း
မဟာမင်္ဂလာအခမ်းအနားတွင် အနီးကပ်ဖူးတွေ့ရစဉ်။

www.dhammaransi.com

ဥပါတသန္တိစေတီတော်တွင် တင်လှူပူဇော်မည့် စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့အား မန္တလေးမြို့ မဟာမုနိ
ရုပ်ရှင်တော်မြတ်ကြီး၌ ကိန်းဝပ်ပူဇော်ခြင်း မဟာမင်္ဂလာအခမ်းအနားတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်
တိုင်းမှူးဗိုလ်ချုပ်တင်ငွေနှင့် ဧည့်ပရိသတ်တို့က ငါးပါးသီလ ခံယူဆောက်တည်ကြပြီး
တိုင်းမှူးက သာသနာရေးဆိုင်ရာများကို လျှောက်ထားစဉ်။

www.dhammaransi.com

ဥပ္ပါတသန္နိစေတီတော်တွင် တင်လှူပူဇော်မည့် စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့အား
မန္တလေးမြို့ မဟာမုနိရုပ်ရှင်တော်မြတ်ကြီး ရင်ပြင်တော်ပေါ်တွင်
လက်ယာရစ် လှည့်လည်အပူဇော်ခံစဉ်။

www.dhammaransi.com

ဥပ္ပါတသန္တိစေတီတော်တွင် တင်လှူပူဇော်မည့် စိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့အား မန္တလေးမြို့
မဟာမုနိရုပ်ရှင်တော်မြတ်ကြီးတွင် ကိန်းဝပ်အပူဇော်ခံစဉ်။

www.dhammaransi.com

မဟာဆုတောင်းပြည့် ဘုရားကြီးနှင့် ရတနာစိန်ဖူးတော် ၎က်မြတ်နားတော်တို့အား ပင့်ဆောင်ခြင်း

နေပြည်တော် ဥပ္ပါတသန္တိကုန်းတော်ပြင်၌ တည်ထားကိုးကွယ်သည့် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ရင်ပြင်တော် အရှေ့မြောက်ထောင့်ရှိ မဟာပါသာဒဘုမ္မိဂန္ဓကုဋိကျောင်းဆောင်တော်အတွင်း၌ ကိန်းဝပ် စံပယ်အပူဇော်ခံတော်မူမည့် မဟာဆုတောင်းပြည့်ဘုရားကြီးနှင့် ဥပ္ပါတသန္တိစေတီတော်အထွတ်၌ တင်လှူ ပူဇော်မည့် ရတနာစိန်ဖူးတော်၊ ၎က်မြတ်နားတော်တို့အား ပင့်ဆောင်ခြင်း အခမ်းအနားကို ၂၁-၂-၂၀၀၉ ရက်နေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော်၌ ကျင်းပသည်။

ထိုမင်္ဂလာအခမ်းအနားသို့ ဥပ္ပါတသန္တိစေတီတော်တည်ဆောက်ရေး ဩဝါဒါစရိယ ဆရာတော်ကြီးများဖြစ်ကြသည့် နိုင်ငံတော် ဩဝါဒါစရိယ နေပြည်တော် ဟျဉ်းမနား မဟာဝိသုတာရာမ ဈေးကုန်း ကျောင်းတိုက် ပဓာန နာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂရု ဘဒ္ဒန္တ ကဝိသာရနှင့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် နေပြည်တော် တပ်ကုန်း ငွေတောင်တောရကျောင်းတိုက် ပဓာန နာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ပညာသိရိတို့ အမှူးပြုတော်မူသော ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူကြသည်။ ဥပ္ပါတသန္တိ စေတီတော် တည်ဆောက်ရေး ဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သိဟသူရ တင်အောင်မြင့်ဦး၊ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ဝေလွင်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ စေတီတော် တည်ဆောက်ရေး ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများ၊ အလှူရှင်များ၊ ဘာသာရေးနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ တက်ရောက်ကြည်ညိုကြသည်။

စတင်ပင့်ဆောင်

မင်္ဂလာအခမ်းအနားတွင် သာသနာရေးဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာနမှ ဦးစီးအရာရှိ သဒ္ဓမ္မဇောတိကဓဇ ဦးသူရက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်သည်။ ရှေးဦးစွာ မဟာဆုတောင်းပြည့် ဘုရားကြီး၊ ရတနာစိန်ဖူးတော်နှင့် ၎က်မြတ်နားတော်တို့အား ခေတ္တကိန်းဝပ်စံပယ် ရာနေရာတွင် အခမ်းအနားမှူးက မဟာဆုတောင်းပြည့်ဘုရားကြီး ရတနာစိန်ဖူးတော်နှင့် ၎က်မြတ်နားတော်တို့အား ပင့်ဆောင်ပေးရန် ရဋ္ဌယာစနကထာကို ဖတ်ကြားသည်။

ထို့နောက် မဟာဆုတောင်းပြည့်ဘုရားကြီးအား အောင်ဘိုးကိုင် ဥပါသကာများ၊ ထီးဖြူတော်များ ဆောင်းမိုး ပူဇော်ကြသည့် သိကြား၊ ဗြဟ္မာ၊ နတ်ဒေဝါများခြံရံလျက် ကရိုက်ဖောင်တော်ယာဉ်ဖြင့် လည်းကောင်း၊ ရတနာစိန်ဖူးတော်နှင့် ၎က်မြတ်နားတော်တို့အား ဥပါသကာများ၊ ထီးဖြူတော်များ ဆောင်းမိုးပူဇော်ကြသည့် နတ်ဒေဝါများခြံရံလျက် အထူးမော်တော်ယာဉ်ဖြင့် လည်းကောင်း စတင် ပင့်ဆောင်ပူဇော်ရာ ယဉ်ကျေးမှုဝန်ကြီးဌာန မင်္ဂလာရွှေစောင်းတော်အဖွဲ့ယာဉ်၊ သာသနာ့အလံကိုင် ဥပါသကာများနှင့် ဒေဝါဝင်း၊ ရာဇာဝင်းအဖွဲ့ယာဉ်နှင့် ဝတ်ရွတ်အဖွဲ့ယာဉ်တို့က အစဉ်အတိုင်း လိုက်ပါပူဇော်ကြပြီး ပရိသတ်တို့က နမောတဿနှင့် ဗုဒ္ဓံသရဏံဂစ္ဆာမိ အစချီသော အရိယာသာဝိတ္ထိဂါထာတော်တို့ကို သံပြိုင်ညီညာ သုံးကြိမ်ရွတ်ဆိုပူဇော်ကြသည်။

ထို့သို့ မဟာဆုတောင်းပြည့်ဘုရားကြီးအား ပင့်ဆောင်လာသော ကရိုက် ဖောင်တော်ယာဉ်နှင့် ပင့်ဆောင်ရေးအဖွဲ့ယာဉ်များသည် ခေတ္တကိန်းဝပ်စံပယ် ရာနေရာမှ ရန်ကုန်-မန္တလေးပြည်ထောင်စုလမ်းမကြီး ပင်လောင်းလမ်းဆုံ ကိုဖြတ်၍ ရာဇဌာနီလမ်းအတိုင်း ဥပ္ပါတသန္တိစေတီတော်ရင်ပြင်သို့ ပင့်ဆောင်လာကြရာ ပရိသတ်တို့က နမောတဿနှင့် ဗုဒ္ဓံသရဏံဂစ္ဆာမိအစချီသော အရိယာသာဝိတ္ထိဂါထာတော်တို့ကို သံပြိုင်ညီညာ ရွတ်ဆိုကြလျက် လည်းကောင်း၊

www.dhammaransi.com

မင်္ဂလာရွှေစောင်းတော်အဖွဲ့က သာယာငြိမ့်ညောင်းသော မင်္ဂလာဓမ္မသံစဉ်များ တီးခတ်ကြလျက် လည်းကောင်း၊ လမ်းတစ်လျှောက်၌ ဒေသခံပြည်သူများက ပန်းမန်နှံသာ ပူဇော်ဖွယ်ရာများဖြင့် ပူဇော်ကြလျက် လည်းကောင်း အသီးသီးသဒ္ဓါကော်ရော် ပင့်ဆောင်လှူဒါန်းကြသည်။

ကြိုဆိုပူဇော်

ထို့ပြင် မဟာဆုတောင်းပြည့်ဘုရားကြီး ရတနာစိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့အား ပင့်ဆောင်လာသော ပင့်ဆောင်ရေးယာဉ်များသည် ဥပ္ပါတသန္တိစေတီတော် ရင်ပြင်တော် မြောက်ဘက်မုခ်ဦးသို့ ရောက်ရှိလာရာ မြောက်ဘက်မုခ်ဦးမှ ဂန္ဓကုဋိကျောင်းဆောင်တော်အထိ လျှောက်လမ်းဝဲယာတို့၌ အောင်အိုးကိုင် ဥပါသကာများ၊ သာသနာ့အလံကိုင် ဥပါသကာများ၊ ထီးဖြူတော်မိုး သိကြား၊ ဗြဟ္မာ၊ နတ်ဒေဝါများ၊ ဒေဝါဝင်း၊ ရာဇာဝင်းအဖွဲ့များနှင့် ဝတ်ရွတ်အဖွဲ့များက ကြိုဆိုပူဇော်ကြသည်။

ထိုမှတစ်ဖန် ရတနာစိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့ကို ပင့်ဆောင်ရေးအဖွဲ့များက ရင်ပြင်တော်ရှိ ဓမ္မာရုံတော်ကြီးသို့ ပင့်ဆောင်ကြသည်။ ထို့နောက် အခမ်းအနားမှူးက ဂန္ဓကုဋိပဝေသန ကျောင်းဆောင်တော် ပင့်ဂါထာကို ဖတ်ကြား၍ မဟာဆုတောင်းပြည့်ဘုရားကြီးအား ဂန္ဓကုဋိ ကျောင်းဆောင်တော်သို့ ကြွရောက်အပူဇော် ခံတော်မူပါရန် တောင်းပန်လျှောက်ထားပြီး ပရိသတ်တို့က နမောတဿနှင့် ဗုဒ္ဓံ သရဏံဂစ္ဆာမိ အစချီသော အရိယာသာဝိတ္ထိဂါထာတော်တို့ကို သံပြိုင်ညီညာ သုံးကြိမ်ရွတ်ဆိုပူဇော်ကြသည်။

ထို့နောက် အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၊ တိုင်းမှူးနှင့် ဝန်ကြီးများသည် မဟာဆုတောင်းပြည့်ဘုရားကြီးအား အောင်အိုးကိုင် ဥပါသကာများ၊ သာသနာ့အလံကိုင် ဥပါသကာများ၊ ထီးဖြူတော်မိုး သိကြား၊ ဗြဟ္မာ၊ နတ်ဒေဝါများနှင့် ဒေဝါဝင်း၊ ရာဇာဝင်းများ ခြံရံခင်းကျင်းလျက် ဂန္ဓကုဋိကျောင်းဆောင်တော်အတွင်းရှိ ဗုဒ္ဓါသနပလ္လင်တော်ဌာနသို့ ပင့်ဆောင်ကြသည်။

အခမ်းအနားမှူးက ရောင်ခြည်တော်ဖွင့် ပလ္လင်ပင့်ဂါထာကို ဖတ်ကြားပြီးနောက် ဥပါသကာများက မဟာဆုတောင်းပြည့်ဘုရားကြီးအား ထီးဖြူတော်နှစ်လက်ဖွင့်၍ ဆောင်းမိုးပူဇော်ကြပြီး မဟာဆုတောင်းပြည့်ဘုရားကြီးအား ဗုဒ္ဓါသနပလ္လင်တော်ဌာန၌ အပူဇော်ခံ ပင့်ဆောင်ထားရှိကြပြီး စေတီတော်တည်ဆောက်ရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၊ တိုင်းမှူးနှင့် ဝန်ကြီးများသည် မဟာဆုတောင်းပြည့်ဘုရားကြီးအား ဆွမ်းတော်၊ သစ်သီး၊ ပန်းမန်နှင့် သောက်တော်ရေတို့ကို ဆက်ကပ်လှူဒါန်းပူဇော်ကြသည်။

ထို့နောက် ဆရာတော်၊ သံဃာတော်များက ဘဝတူသဗ္ဗမင်္ဂလံနှင့် ဇယန္တော ဗောဓိယာမူလေ အစရှိသော ပလ္လင်တော်အောင်ခြင်းဂါထာတော်တို့ကို ရွတ်ဖွားသရဇ္ဈာယ် ပူဇော်တော်မူကြပြီး ပရိသတ်တို့က နမောတဿနှင့် ဗုဒ္ဓံသရဏံဂစ္ဆာမိ အစချီသော အရိယာသာဝတ္ထိဂါထာတို့ကို သံပြိုင်ညီညာ သုံးကြိမ် ရွတ်ဆိုပူဇော်ကန်တော့ကြသည်။ အဆိုပါ မင်္ဂလာအခမ်းအနားမကျင်းပမီ အကြိုလုပ်ငန်းအဖြစ် ကိန်းဝပ် စံပယ်တော်မူမည့် ဗုဒ္ဓါသန ပလ္လင်တော် ဌာပနာသွင်း မင်္ဂလာအခမ်းအနားကို နံနက် ၇ နာရီ မိနစ် ၅၀ တွင် ဥပ္ပါတသန္တိစေတီတော် ရင်ပြင်၌ကျင်းပသည်။

ဌာပနာသွင်း မင်္ဂလာကျင်းပ

ရှေးဦးစွာ ရန်ကုန်မြို့ ရွှေသုဝဏ္ဏကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ သဒ္ဓိယန္ဒှင့် မုံရွာမြို့နယ် ဗောဓိတစ်ထောင် ကျောင်းတိုက်မှ ဆရာတော် ဘဒ္ဒန္တ သောဘိတတို့ အမှူးပြု၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၊ တိုင်းမှူးဗိုလ်ချုပ် ဝေလွင်၊ ဝန်ကြီးများ၊ ဒုတိယ ဝန်ကြီးများ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော် အရာရှိကြီးများ၊ အလှူရှင်များက ဗုဒ္ဓါသနပလ္လင်တော်တွင် ထည့်သွင်းပူဇော်မည့် ဌာပနာတော်များကို စေတီတော်ရင်ပြင်ရှိ ဓမ္မာရုံတော်ကြီးမှ ဥပ္ပါတသန္တိစေတီတော် မဟာဆုတောင်းပြည့်ဘုရားကြီး ဂန္ဓကုဋိကျောင်းဆောင်တော်သို့ ပင့်ဆောင်ကြသည်။

www.dhammaransi.com

ထိုနောက် ဆရာတော်ကြီးများနှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးတို့က ဗုဒ္ဓါသန ပလ္လင်တော်အတွင်းသို့ ဌာပနာတော်များကို အစီအစဉ်အတိုင်း ထည့်သွင်းပူဇော်ကြပြီး အတွင်းရေးမှူး (၁) က ဌာပနာတော်တိုက်အတွင်း ကျောက်သံပတ္တမြားများအား ထည့်သွင်းပူဇော်ကာ ဌာပနာတော်တိုက်ကို ဖုံးအုပ်ပေးပြီး ကြွရောက်တော်မူလာကြသော ဆရာတော်၊ သံဃာတော်များက ဘဝတု သဗ္ဗမင်္ဂလံ သုံးဂါထာကို ရွတ်ဖွားချီးမြှင့်ကြသည်။

အဆိုပါ ဥပ္ပါတသန္နိစေတီတော် ဂန္ဓကုဋိကျောင်းဆောင်တော်၌ ကိန်းဝပ်စံပယ်တော်မူသည့် မဟာဆုတောင်းပြည့်ဘုရားကြီးသည် စစ်ကိုင်းတိုင်း၊ မုံရွာမြို့နယ် ဗောဓိတစ်ထောင်ကျောင်းတိုက် ဦးစီးပဓာနနာယက အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ နာရဒဆရာတော်ကြီး ပျံလွန်တော်မမူမီ ဥပ္ပါတသန္နိစေတီတော်တွင် တည်ထားကိုးကွယ်နိုင်ရန်အတွက် ရည်စူး၍ ထုလုပ်ပူဇော်ခဲ့သော ပန်းပေါင်းစုံ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးဖြစ်သည်။

. . . . . .

www.dhammaransi.com

သေနဏ်ထာဝရ မဟာပါသာဒဘုမ္မိ၊ ဂန္ဓကုဋိကျောင်းဆောင်တော်သို့ မဟာဆုတောင်းပြည့်ဘုရားကြီးအား ပင့်ဆောင်ပူဇော်ခြင်း မဟာမင်္ဂလာအခမ်းအနားတွင် ဖတ်ကြားသော အောင်ဆုမင်္ဂလာ အောင်သြဘာစာတမ်း

[၁၃၇၀ ပြည့်နှစ်၊ တပို့တွဲလပြည့်ကျော် ၁၂ ရက်၊ (၂၁-၂-၂၀၀၉) စနေနေ့]

အောင်ခွင့်စုံရာ၊ မင်္ဂလာတည့်၊ တေဇာခေါင်ထု၊ အောင်ရတုဖြင့်၊ အောင်မှုစုံဖော်၊ နေပြည်တော်၌၊ ပူဇော်တည်ပြု၊ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏။ အရှေ့မြောက်အရပ်ဌာန်၊ သေနဏ်ထာဝရ၊ မဟာပါသာဒဘုမ္မိဂန္ဓကုဋိကျောင်းတော်ဗဟိုခွင်၊ ရွှေပလ္လင်တော်ထက်၌။

လေးစက်ဂုဏ်ဖြာ၊ ကြည်သဒ္ဓါဖြင့်၊ စေတနာဝင်းလျှံ၊ မြန်မာနိုင်ငံတော် အဓိပတိ၊ သီရိပဝရ၊ သာသနာ့ဒါယကာ၊ ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်မိသားစုတို့အား ကောင်းမှုအမျှား၊ တိုးပွားစေရန်၊ စေတနာမှန်ဖြင့်၊ ရည်သန်ညွှန်ပို့၊ မုံရွာမြို့၊ ဗောဓိတစ်ထောင်ဆရာတော် ဘဒ္ဒန္တ နာရဒမှ၊ ဓမ္မအမွေ၊ မှန်ဂုဏ်၌၊ အသရေပေါင်းစု၊ အောင်ကြောင်းမှုဖြင့်၊ တောင်းဆုအဖြာဖြာ၊ ပြည့်စုံပါသဖြင့် ''မဟာဆုတောင်းပြည့်ဘုရားကြီး'' ဂုဏ်မှု၊ ဘွဲ့တော်ထူ၍ ဇမ္ဗူထိပ်ခေါင်၊ နိမိတ်ဆောင်သည့်၊ ပင့်ဆောင် ပူဇော်၊ ကုသိုလ်တော်ကြောင့် ဖွင့်ဖော်ထိုးဖြူ မော်ကွန်းထူသည်။

နတ်လူ သာဓု ခေါ်စေသော်။

ထပ်တူ ဝဠာထု ကျော်စေသော်။

ဓာတ်ဖြူ သဒ္ဓါမှူ ပျော်စေသော်။

www.dhammaransi.com



မဟာပါသာဒဘုမ္မိဂန္ဓကုဋိကျောင်းဆောင်တော်အတွင်း၌ ကိန်းဝပ်စံပယ်အပူတော်ခံတော်မူသည့်
မဟာဆုတောင်းပြည့်ဘုရားကြီးကို ဖူးမြော်ရစဉ်။

www.dhammaransi.com

မဟာဆုတောင်းပြည့်ဘုရားကြီးနှင့် ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့အား ကရဝိက်မော်တော်ယာဉ်နှင့်
ပင့်ဆောင်ရေးအဖွဲ့ယာဉ်များက ရန်ကုန်–မန္တလေး ပြည်ထောင်စုလမ်းမကြီး၊ ပင်လောင်းလမ်းဆုံ၊
ရာဇဌာနီလမ်းအတိုင်း ဥပ္ပါတသန္တိစေတီတော်ရင်ပြင်သို့ ပင့်ဆောင်လာကြစဉ်။

www.dhammaransi.com

မဟာဆုတောင်းပြည့်ဘုရားကြီးအား ပင့်ဆောင်လာသော ကရဝိက်မော်တော်ယာဉ်နှင့် ပင့်ဆောင်ရေးအဖွဲ့ယာဉ်များက
ရန်ကုန်-မန္တလေး ပြည်ထောင်စုလမ်းမကြီး၊ ပင်လောင်းလမ်းဆုံ၊ ဂုဇ္ဇာနီလမ်းအတိုင်း ပင့်ဆောင်လာစဉ်
ပရိသတ်တို့က နမောတဿနှင့် ဗုဒ္ဓံသရဏံဂစ္ဆာမိ အစချီသော ဂါထာတော်ကို သံပြိုင်ညီညာရွတ်ဆိုပူဇော်ကြစဉ်။

www.dhammaransi.com

မဟာဆုတောင်းပြည့်ဘုရားကြီးအား အောင်အိုးကိုင် ဥပါသကာများ၊ ထီးဖြူတော်များ ဆောင်းမိုးပူဇော်ကြသည့် သီကြား၊ ဗြဟ္မာ၊ နတ်ဒေဝါများ ခြံရံလျက် ပင့်ဆောင်လာသော ကရိတ်ဖောင်တော်ယာဉ်ကို တွေ့ရစဉ်။

www.dhammaransi.com

မဟာဆုတောင်းပြည့်ဘုရားကြီးနှင့် ဂတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့အား
ဥပါတသန္ဓိစေတီတော်ရင်ပြင်တော်တွင် ပင့်ဆောင်စဉ်။

www.dhammaransi.com



ဥပါတသန္တိစေတီတော် တည်ဆောက်ရေးဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ
အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သိဟသူရ တင်အောင်မြင့်ဦးနှင့် အဖွဲ့ဝင်များ မဟာဆုတောင်းပြည့်ဘုရားကြီးအား
ဂန္ဓကုဋိကျောင်းဆောင်တော်အတွင်းရှိ ဗုဒ္ဓါသနပလ္လင်တော်ဌာနသို့ ပင့်ဆောင်ကြစဉ်။

www.dhammaransi.com



ဥပါဟသန္ဓိစေတီတော်တည်ဆောက်ရေးဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ
အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး ဗုဒ္ဓါသနပလ္လင်တော်အတွင်းသို့
ဌာပနာတော်များကို ထည့်သွင်းပူဇော်စဉ်။

www.dhammaransi.com

အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး အမှူးပြုသော ပရိသတ်များ မဟာဆုတောင်းပြည့်
ဘုရားကြီးနှင့် ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့အား ပင့်ဆောင်ခြင်း၊ မဟာတံခွန်တိုင်တော်
ဖွင့်လှစ်ခြင်းနှင့် ဗုဒ္ဓဝေယျာဝစ္စကုသိုလ်တော် ရေစက်ချမဂ်လာအခမ်းအနားတွင်
ဆရာတော်ထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြစဉ်။

www.dhammaransi.com

ဥပုဂါတသန္ဓိစေတီတော်အထက်၌ တင်လျှူပူဇော်မည့် ရတနာစိန်ဖူးတော်ကို တွေ့ရစဉ်။

www.dhammaransi.com

မဟာတံခွန်တိုင်တော် ဖွင့်လှစ်ခြင်းနှင့် ဗုဒ္ဓဝေယျာဝစ္စကုသိုလ်တော် ရေစက်ချမင်္ဂလာအခမ်းအနား ကျင်းပခြင်း

နေပြည်တော် ဥပဂုတ္တသန္တိကုန်းတော်ပြင်၌ တည်ထားကိုးကွယ်သည့် ဥပဂုတ္တသန္တိစေတီတော်မြတ်ကြီး ရင်ပြင်တော် အရှေ့တောင်ထောင့်ရှိ မဟာတံခွန်တိုင်ဖွင့်လှစ်ခြင်းနှင့် ဗုဒ္ဓဝေယျာဝစ္စကုသိုလ်တော် ရေစက်ချမင်္ဂလာအခမ်းအနားကို ၂၁-၂-၂၀၀၉ ရက်နေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဥပဂုတ္တသန္တိ စေတီတော်၌ ကျင်းပသည်။

ထိုမင်္ဂလာအခမ်းအနားသို့ ဥပဂုတ္တသန္တိစေတီတော်တည်ဆောက်ရေး ဩဝါဒါစရိယ ဆရာတော်ကြီးများ ဖြစ်တော်မူကြသည့် နိုင်ငံတော်ဩဝါဒါစရိယ နေပြည်တော်ပျဉ်းမနား မဟာဝိသုတာရာမ စေ့းကုန်းကျောင်းတိုက် ပဓာန နာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ ကဝိသာရနှင့် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် နေပြည်တော် တပ်ကုန်း ငွေတောင်တောရကျောင်းတိုက် ပဓာန နာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ပညာသိရိတို့ အမျှူးပြုတော်မူသော ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူကြပြီး ဥပဂုတ္တသန္တိစေတီတော် တည်ဆောက်ရေး ဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီး သိဟသူရ တင်အောင်မြင့်ဦး၊ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ဝေလွင်၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ စေတီတော် တည်ဆောက်ရေး ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ခရိုင်နှင့်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများ၊ အလှူရှင်များ၊ ဘာသာရေးနှင့် လူမှုရေး အသင်းအဖွဲ့ဝင်များ တက်ရောက်ကြည်ညိုကြသည်။

မဟာတံခွန်တိုင်တော် ဖွင့်လှစ်ခြင်းမင်္ဂလာကျင်းပခြင်း

မဟာတံခွန်တိုင်တော် ဖွင့်လှစ်ခြင်းမင်္ဂလာအခမ်းအနားကို စေတီတော် အရှေ့တောင်ထောင့်ရှိ မဟာတံခွန်တိုင်တော်ရှေ့၌ ကျင်းပရာ စေတီတော်တည်ဆောက်ရေး ဦးစီးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီး သိဟသူရ တင်အောင်မြင့်ဦး၊ တိုင်းမှူးနှင့် အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများသည် ဒေဝါဝင်း၊ ရာဇာဝင်းများ ခြံရံလျက် မဟာတံခွန်တိုင်တော်ရှေ့၌ နေရာယူကြသည်။

ထို့နောက် အခမ်းအနားမှူး သဒ္ဓမ္မဇောတိကဓဇ ဦးသူရက သာသနမဟာဓဇဂုဝိဝရဏပူဇာ မဟာတံခွန်တိုင်တော် ဖွင့်လှစ်ပူဇော်ခြင်းမင်္ဂလာ ဇကပိဒ်ရတုကို ဖတ်ကြားပူဇော်ပြီး နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ဝေလွင်နှင့် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်တို့က မဟာတံခွန်တိုင်တော်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီး သိဟသူရတင်အောင်မြင့်ဦးသည် မဟာတံခွန်တိုင်တော် မော်ကွန်းကမ္ဘည်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး နံ့သာရည်ဖြင့် ပက်ဖျန်းပူဇော်ကာ အခမ်းအနားမှူးက အောင်ဩဘာစာတမ်းကို ဖတ်ကြားသည်။

ရေစက်ချမင်္ဂလာ အခမ်းအနားကျင်းပ

မဟာတံခွန်တိုင်တော်ဖွင့်လှစ်ခြင်းနှင့် ဗုဒ္ဓဝေယျာဝစ္စကုသိုလ်တော် ရေစက်ချမင်္ဂလာအခမ်းအနားကို စေတီတော်ရင်ပြင်ရှိ ဓမ္မာရုံတော်ကြီး၌ ဆက်လက်ကျင်းပရာ ဆရာတော်၊ သံဃာတော်များနှင့် ပရိသတ်တို့က နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ကြသည်။ ထို့နောက် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် နေပြည်တော်တပ်ကုန်း ငွေတောင်တောရကျောင်းတိုက် ပဓာနနာယကဆရာတော်

www.dhammaransi.com

အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ပညာသိရိထံမှ အတွင်းရေးမှူး (၁)နှင့်အဖွဲ့ဝင်များ ပရိသတ်တို့က ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။ ဆရာတော်၊ သံဃာတော်များထံမှ မေတ္တာသုတ် ပရိတ်တရားတော်ကို နာယူကြပြီး ဆရာတော်ထံ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦးက လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။ ဆက်လက်၍ တိုင်းမှူးနှင့် ဝန်ကြီးများ၊ ဧည့်သည်တော်များက ဆရာတော်၊ သံဃာတော်များထံ လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော် သြဝါဒိစရိယ နေပြည်တော် ပျဉ်းမနား မဟာဝိသုတာရာမ ဈေးကွန်း ကျောင်းတိုက် ပဓာနနာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ ကဝိသာရထံမှ အတွင်းရေးမှူး (၁) နှင့် အဖွဲ့ဝင်များ၊ ပရိသတ်များက အနုမောဒနာတရားနာယူကြပြီး ရေစက်သွန်းချ အမျှပေးဝေကြကာ ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ မင်္ဂလာအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ မင်္ဂလာအခမ်းအနားအပြီးတွင် အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးသည် မင်္ဂလာအခမ်းအနား အောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် ရတနာရွှေမိုး ငွေမိုး ရွာသွန်းဖြိုးပေးသည်။

. . . . . .

www.dhammaransi.com

မဟာသာသနာ့ တံခွန်တိုင်တော်ဖွင့်ပွဲ မင်္ဂလာအခမ်းအနားတွင် ဖတ်ကြားပူဇော်သော သာသနမဟာဓဇဂ္ဂ ဝိဝရဏပူဇာ ကေပိုဒ်ရတုလင်္ကာ

[၁၃၇၀ ပြည့်နှစ်၊ တပို့တွဲလပြည့်ကျော် ၁၂ ရက်၊ (၂၁-၂-၂၀၀၉) စနေနေ့]

အောင်ဟိတ်တေဇာ၊ မင်္ဂလာတည့်၊ ဇေယျာနန်းမြင့်၊ ကြငှန်းဆင့်ဖို့၊ အောင်ခွင့်ရည်မျှော်၊ နေပြည်တော်၌ ပူဇော်တည်ပြ၊ ဥပ္ပါတသန္တိစေတီတော်၊ ရင်ပြင်ပေါ်ဝယ်၊ ပူဇော်မြဲခိုင်၊ မိုးထိလှိုင်သား၊ စောင့်ပိုင် ဒေဝါ၊ နတ်လေးဖြာနှင့်၊ ရွှေဟင်္သာငှက်မင်း၊ ထိပ်ပေါ်ချဉ်းလျက်၊ ရှုခင်းဝေဆာ၊ ဝတီသာသို့၊ ဒဿနာနုတ္တရ၊ ဒုလ္လဘနှင့် ဓမ္မအမွေ၊ မှန်ငှဝေဖို့ ထူးထွေအံ့မခန်း၊ လက်ရာဆန်းသည့်၊ တင့်လျှမ်းမြိုင်ဆိုင်၊ တံခွန်တိုင်ဖြင့်၊ မဏ္ဍိုင် သာသန – ဓဇဂ္ဂဟု၊ ဘွဲ့သပူဇော် ကုသိုလ်တော်ကို၊ ရွှင်ပျော်ခေါင်နန်း၊ အောင်ဆုမှန်းသည် – – – ။

အောင်ပန်း နိဗ္ဗာန်တိုင်စေသောဝ်။

ခေါင်နန်း ဓိဋ္ဌာန် ခိုင်စေသောဝ်။

ဆောင်လှမ်းစိတ်ကြံ မြိုင်စေသောဝ်။

www.dhammaransi.com

မဟာတံခွန်တိုင်တော် ဖွင့်လှစ်ခြင်း
မင်္ဂလာအခမ်းအနားတွင် ဖတ်ကြားသော
အောင်ဆုမင်္ဂလာ အောင်သြဘာ စာတမ်းလွှာ

(၂၁-၂-၂၀၀၉)

ရာဇာနီခေါ်၊ မင်းနေပြည်တော်တွင်၊ ပူဇော်ရာ အဲ့ချီး၊ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏၊ ခြံရံမှီး ကုသိုလ်တော်၊ အရှေ့တောင်ထောင့်၊ ရင်ပြင်ပေါ်ဝယ်၊ ပူဇော်သဒ္ဒါ၊ စေတနာဖြင့်၊ ရောက်လာသူ မှန်သမျှ၊ ဇဝနဟံသ၊ ရွှေဟသ်ာမင်း ဇာတ်တော်လာအတိုင်း၊ ထိပ်ပိုင်းက ရွှေဟသ်ာ၊ တစ်ဖြာစံပြု၊ မြန်မာမှု အနုလက်ရာ သုခုမ၊ စတုလောကပါလနတ်မင်းကြီး လေးပါးပုံ၊ တံခွန်လုံးအစုံပါဝင်သည့်၊ ကြည်လင်သာစွာ၊ ပြည်ခွင် အမတ၊ ရည်အသွင်ထာဝရ၊ မဟာသာသနဓဇာ၊ မဟာတံခွန်တိုင်တော် ဖွင့်လှစ်ပြု၊ ဆန်းကြယ်မှု အဖုံဖုံ၊ မှန်းရွယ်ပြုအစုံစုံ၊ အောင်မြင်မှု ကြီးကျယ်ပုံကို၊ စိတ်အာရုံမျှော်ကာ မှန်းလျက်၊

လူဘုံခန်း၊ ဤရပ်ရွာမှ၊ ဘဝဂ္ဂါ ဗြဟ္မာထိအောင်၊ မဟိဒ္ဓိ ဂုဏ်ပေါင်းလျှံ၊ အဆက်ဆက်ဘဝဂ် လျှံအောင်၊ အောင်ဟိတ်သံ အောင်စည်တီး၍၊ အောင်ကောင်းချီးပေးကြစေကုန်သောဝ်။

ဦးသူရ
(သာသနာရေး)

www.dhammaransi.com



ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး အရှေ့တောင်ထောင့်ရှိ မဟာတံခွန်တိုင်တော်ကို တွေ့ရစဉ်။

www.dhammaransi.com

ဥပဓိတသန္တိစေတီတော်တည်ဆောက်ရေးဦးစီးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်
ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး
မဟာတံခွန်တိုင်တော် မော်ကွန်းကမ္မည်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။

www.dhammaransi.com

လုပ်ဝန်းညီနှိုင်းအစည်းအဝေးနှင့် အလှူငွေပေးအပ်ပွဲ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦး ဥပါတာသန္တိစေတီတော်တည်ဆောက်ရေး လုပ်ဝန်းညီနှိုင်း အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

www.dhammaransi.com

ဥပါဟသန္တိစေတီတော် ပရိဝုဏ်အတွင်း တည်ဆောက်ပြီးစီးခဲ့သော သာသနိကအဆောက်အအုံများ
လှူဒါန်းပေးအပ်ပွဲအခမ်းအနားတွင် ငွေဆင်ကုမ္ပဏီက စေတီယပါလစံကျောင်းတော်အား
ပေးအပ်လှူဒါန်းစဉ်။

ဥပါဟသန္တိစေတီတော်ဟိဝုဏ်အတွင်း တည်ဆောက်ပြီးစီးခဲ့သော သာသနိကအဆောက်အအုံများ
လှူဒါန်းပေးအပ်ပွဲအခမ်းအနားတွင် အေစီအီးကုမ္ပဏီက သံဃာရာမအဆောင်(၁)ကို
ပေးအပ်လှူဒါန်းစဉ်။

www.dhammaransi.com

ဥပါဒါတသန္ဓိစေတီတော် ပရိဝုဏ်အတွင်း တည်ဆောက်ပြီးစီးခဲ့သော သာသနိကအဆောက်အအုံများ လှူဒါန်းပေးအပ်ပွဲ
အခမ်းအနားတွင် ကမ္ဘောဇဘော်လီမိတက်က သံဃာရာမအဆောင်(၂)ကို ပေးအပ်လှူဒါန်းစဉ်။

ဥပါဒါတသန္ဓိစေတီတော် ပရိဝုဏ်အတွင်း တည်ဆောက်ပြီးစီးခဲ့သော သာသနိကအဆောက်အအုံများ လှူဒါန်းပေးအပ်ပွဲ
အခမ်းအနားတွင် အေးရှားဝေါကမ္ဘဏီက သံဃာရာမအဆောင်(၃)ကိုပေးအပ်လှူဒါန်းစဉ်။

www.dhammaransi.com

ဥပါဟသန္တိစေတီတော် ပရိဝုဏ်အတွင်း တည်ဆောက်ပြီးစီးခဲ့သော သာသနိကအဆောက်အအုံများ လှူဒါန်းပေးအပ်ပွဲ
အခမ်းအနားတွင် ဒေဝကုမ္ပဏီက သံယာရာမအဆောင်(၄)ကို ပေးအပ်လှူဒါန်းစဉ်။

ဥပါဟသန္တိစေတီတော် ပရိဝုဏ်အတွင်း တည်ဆောက်ပြီးစီးခဲ့သော သာသနိကအဆောက်အအုံများ လှူဒါန်းပေးအပ်ပွဲ
အခမ်းအနားတွင် ထူးကုမ္ပဏီက သာသနာ့မဟာဗိမာန်တော်ကို ပေးအပ်လှူဒါန်းစဉ်။

www.dhammaransi.com

ဥပ္ပါတသန္တိစေတီတော် ပရိဝုဏ်အတွင်း တည်ဆောက်ပြီးစီးခဲ့သော သာသနိကအဆောက်အအုံများ လှူဒါန်းပေးအပ်ပွဲ
အခမ်းအနားတွင် မက်စ်မြန်မာကုမ္ပဏီက ပြတိုက်၊ ပိဋကတ်တိုက်၊ မော်ကွန်းတိုက်ကို ပေးအပ်လှူဒါန်းစဉ်။

ဥပ္ပါတသန္တိစေတီတော် ပရိဝုဏ်အတွင်း တည်ဆောက်ပြီးစီးခဲ့သော သာသနိကအဆောက်အအုံများ လှူဒါန်းပေးအပ်ပွဲ
အခမ်းအနားတွင် Original Group၊K ဆောက်လုပ်ရေးကုမ္ပဏီ၊ ဆောင်းဟေမာန်ကုမ္ပဏီ၊ USM ကုမ္ပဏီနှင့်
တကောင်ဘွားဆောက်လုပ်ရေးကုမ္ပဏီတို့က ပူးပေါင်းဆောက်လုပ်လှူဒါန်းသည့်
စေတီတော်ဂေါပကရုံးကို ပေးအပ်လှူဒါန်းစဉ်။

www.dhammaransi.com

ဥပါတသန္တိစေတီတော် ပရိဝုဏ်အတွင်း တည်ဆောက်ပြီးစီးခဲ့သော သာသနိကအဆောက်အအုံများ
လှူဒါန်းပေးအပ်ပွဲ အခမ်းအနားတွင် နေပြည်တော်ပျဉ်းမနား သီတာမြင့်ဆန်ပွဲရုံပိုင်ရှင်
ဦးကိုဝင်းမိသားစုက အလှူတော်ငွေကျပ်သိန်း(၁၅၀)ကို ပေးအပ်လှူဒါန်းစဉ်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ပွဲ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁)
ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး ဥပါတသန္တိစေတီတော်
တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။

www.dhammaransi.com

သံဃာရာမကျောင်းဆောင်တော်လေးဆောင်

အနန္တရာယိကပရိတ်တရားတော်နှာ မင်္ဂလာအခမ်းအနား

ဧစတီတော်ဟိဂုဏ်အတွင်း တည်ဆောက်သည့် သံဃာရာမကျောင်းဆောင်တော်လေးဆောင် အနန္တရာယိက ပရိတ်တရားတော်နှာ
မင်္ဂလာအခမ်းအနားတွင် ဆရာတော်သံဃာတော်များက တရားချီးမြှင့်စဉ်။

ဧစတီတော်ပရိဝုဏ်အတွင်း တည်ဆောက်သည့် သံဃာရာမကျောင်းဆောင်တော်လေးဆောင် အနန္တရာယိက ပရိတ်တရားတော်နှာ
မင်္ဂလာအခမ်းအနားတွင် ပရိသတ်များက တရားနာယူကြစဉ်။

www.dhammaransi.com

စေတီတော်ပရိဝုဏ်အတွင်း တည်ဆောက်သည့် သံဃာရာမကျောင်းဆောင်တော်လေးဆောင်
အနန္တရာယိက ပရိတ်တရားတော်နှာ မင်္ဂလာအခမ်းအနားတွင်
ဆရာတော်များ ကမ္မဝါဖတ်ကြားစဉ်။

စေတီတော်တည်ဆောက်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ထောက်ပံ့နှင့်ပို့ဆောင်ရေး ညွှန်ကြားရေးမှူးရုံး၊
ညွှန်ကြားရေးမှူး ဗိုလ်ချုပ်သန်းဌေး ပရိတ်အိုးများ ဆက်ကပ်စဉ်။

www.dhammaransi.com

တည်ဆောက်ရေးလုပ်ငန်းများ

စေတီတော် သံကူကွန်ကရစ်လုပ်ငန်း
ဆောင်ရွက်မှု

စေတီတော် ပစ္စယာအုတ်စီလုပ်ငန်း
ဆောင်ရွက်မှု

ဝိသုဂါမရွှေသီမိတော် တည်ဆောက်ပြီးစီးမှုအခြေအနေ။

www.dhammaransi.com

စေတီယပါလစံကျောင်းတော် ဆောက်လုပ်ပြီးစီးမှုအခြေအနေ

ပြတိုက်၊ မော်ကွန်းတိုက်၊ ပိဋကတ်တိုက်
ဆောက်လုပ်နေမှု

သာသနာ့မဟာဗိမာန်တော်
ဆောက်လုပ်နေမှု

သံဃာရာမ အဆောက်အအုံ ၁၊ ၂၊ ၃၊ ၄ အား တွေ့မြင်ရစဉ်။

www.dhammaransi.com

တောင်ဘက်စောင်းတန်း ဆောက်လုပ်နေမှု

အရှေ့ဘက်စောင်းတန်း ဆောက်လုပ်နေမှု

မြောက်ဘက်စောင်းတန်း ဆောက်လုပ်နေမှု

အရှေ့ဘက်မုခ်ဦးဆောက်လုပ်နေမှု

www.dhammaransi.com

အနောက်ဘက်မှခ်ဉ်း ဆောက်လုပ်နေမှု

တောင်ဘက်မှခ်ဉ်း ဆောက်လုပ်နေမှု

မြောက်ဘက်မှခ်ဉ်း ဆောက်လုပ်နေမှု

www.dhammaransi.com

ဂေါပကရုံး ဆောက်လုပ်နေမှု

အနောက်တောင်ဓာတ်လှေကား ဆောက်လုပ်နေမှု

အရှေ့တောင်ဓာတ်လှေကား ဆောက်လုပ်နေမှု

အနောက်တောင်မြေထိန်းနံရံလုပ်ငန်း ဆောင်ရွက်နေမှု

www.dhammaransi.com



ပွင့်ရာဗောဓိပင် ပလ္လင်လုပ်ငန်းဆောင်ရွက်နေမှု

ပွင့်ရာဗောဓိ(၂၈)ပင်၏ ပလ္လင်လုပ်ငန်း ဆောင်ရွက်ထားမှု

၁၀၈ ပင် ဗောဓိတောလုပ်ငန်း ဆောင်ရွက်ထားမှု

www.dhammaransi.com

စေတီတော်ကြီး၏ ပန်းပေါင်းစေတီ အမိုးလုပ်ငန်းဆောင်ရွက်နေမှု

တံခွန်တိုင် တည်ဆောက်မှုလုပ်ငန်း ဆောင်ရွက်နေမှု

အလယ်ဗဟိုတိုင်များ ဆောင်ရွက်နေမှု

www.dhammaransi.com

အရှေ့ဘက်မုခ်လုပ်ငန်း
ဆောင်ရွက်မှု

တောင်ဘက်မုခ်လုပ်ငန်း
ဆောင်ရွက်မှု

မဟာရံတံတိုင်းလုပ်ငန်း
ဆောင်ရွက်မှု

www.dhammaransi.com

ရာဇဂြာနီ အဝင်လမ်းကို တွေ့ရစဉ်။

ညောင်ရွက်ပုံစေတီ ဝင်းခြံကာရံထားမှုကို တွေ့ရစဉ်။

စေတီတော်ပရိဝုဏ်အတွင်း သံပန်းခြံစည်းရိုးလှပငန်း
ဆောင်ရွက်နေမှုကို တွေ့ရစဉ်။

www.dhammaransi.com

သာသနာ့မဟာဗိမာန်တော်ကို တွေ့ရစဉ်။

ပြတိုက်၊ ပိဋကတ်တိုက်၊ မော်ကွန်းတိုက်ကို တွေ့ရစဉ်။

ဝါပတရုံးကို တွေ့ရစဉ်။

www.dhammaransi.com

ဝိသုဂါမဌေသိမ်တော်

စေတီယပါလ စံကျောင်းတော်

သံဃာရာမကျောင်းဆောင်တော် အမှတ်(၄)

www.dhammaransi.com

ပန်းပေါင်းစေတီ



အနောက်တောင်ထောင့် ဓာတ်လှေကား

မဂ်လာရေကန်တော်တူးဖော်မှုလုပ်ငန်း ဆောင်ရွက်နေစဉ်။

www.dhammaransi.com

ဥပဓိတသန္တိ ဝိသုဂါမရွှေသိမ်တော်

၁။ အလျား - ၇၅ ပေ

၂။ အနံ - ၇၅ ပေ

၃။ အမြင့် - ၁၆ ပေ

၄။ ဘုံဆင့် - ၃ ဆင့်

၅။ ကြမ်းခင်းဧရိယာ - ၅၆၂၅ စ/ပေ

၆။ ပန္နက်တော်တင် တွင်းတော်ဝန်းရက် - ၁၂-၁၁-၂၀၀၆

၇။ အုတ်မြစ်စိုရက် - ၄-၁၂-၂၀၀၆

၈။ သိမ်နှုတ်ရက် - ၅-၁၂-၂၀၀၆ မှ ၇-၁၂-၂၀၀၆ ထိ

၉။ အလှူရှင်အမည် - နိုင်ငံတော်မှဦးစီး၍အများပြည်သူစုပေါင်း လှူဒါန်းသည်။

၁၀။ဂါမဘောဇကာပုဂ္ဂိုလ် - စစ်ထောက်ချုပ်

၁၁။အခွန်လွတ်ဗုဒ္ဓသိမ်မြေဂရမ်ခွင့်ပြုမိန့် - ပြည်ထဲရေးဝန်ကြီးဌာန၏ ၂၀၀၆ ခုနှစ် သြဂုတ်လ ၁၁ ရက်စွဲပါ၊ စာအမှတ်၊ ၃၀၀/၁-စဉ်း ၁

www.dhammaransi.com

သာသနာ့မဟာဗိမာန်တော်

၁။	စုစုပေါင်းအလျား	– ၄၃၀ ပေ
၂။	စုစုပေါင်းအနံ	– ၃၅၆ ပေ
၃။	အမြင့်	– ၁၉ ပေ၊ ၆ လက်မ
၄။	ကြမ်းခင်းဧရိယာ	– ၁၅၀၉၆ စ/ပေ
၅။	ခန်းမ	
	(က) အလျား	– ၂၀၀ ပေ
	(ခ) အနံ	– ၁၀၀ ပေ
	(ဂ) လူဝင်ဆံ့မှု	– ၁၀၀၀ဦး
၆။	ဘုံဆင့် ၅ ဆင့်အထိအမြင့်	– ၉၂ ပေ
၇။	ပန္နက်တော်တင် တွင်းတော်ဝန်းရက်	– ၁၂-၁၁-၂၀၀၆
၈။	အုတ်မြစ်စိုရက်	– ၄-၁၂-၂၀၀၆
၉။	အလှူရှင်အမည်	– ဦးတေဇ (ထူးထရေးဒင်းကုမ္ပဏီ)

www.dhammaransi.com

စေတီယပါလ စံကျောင်းတော်

၁။ စုစုပေါင်းအလျား - ၁၁၇ ပေ

၂။ စုစုပေါင်းအနံ - ၅၀ ပေ

၃။ အမြင့် - ၁၅ ပေ

၄။ ဆွမ်းချက်ဆောင်

(က) အလျား - ၆၀ ပေ

(ခ) အနံ - ၄၂ ပေ

(ဂ) အမြင့် - ၁၅ ပေ

၅။ စုစုပေါင်းကြမ်းခင်းဧရိယာ - ၆၅၅၀ စ/ပေ

၆။ ပန်ခက်တော်တင် တွင်းတော်ဝန်းရက် - ၁၂-၁၁-၂၀၀၆

၇။ အုတ်မြစ်တော်စိုရက် - ၄-၁၂-၂၀၀၆

၈။ အလှူရှင်အမည် - ဦးစိုးမြင့်(ငွေဆင်ကုမ္ပဏီ)

www.dhammaransi.com

ပြတိုက်၊ ပိဋကတ်တိုက်နှင့် မော်ကွန်းတိုက်

၁။ အလျား - ၂၅၁ ပေ ၄ လက်မ

၂။ အနံ - ၇၉ ပေ ၈ လက်မ

၃။ အမြင့် - ၃၂ ပေ

၄။ ကြမ်းခင်းဧရိယာ - ၃၈၃၄ စ/ပေ

၅။ အထပ် - ၂ ထပ်

၆။ အလှူရှင်အမည် - ဦးဇော်ဇော် (Max Myanmar)

ဦးအောင်သက်မန်း(ဇော်ဘွဲ့ဝါကုမ္ပဏီ)

www.dhammaransi.com



သံဃာရာမ ကျောင်းဆောင်တော်

၁။	အလျား	– ၄၅၆ ပေ
၂။	အနံ	– ၉၀ ပေ
၃။	အမြင့်	– ၁၄ ပေ
၄။	အိပ်ခန်း	– ၁၅ ခန်း
၅။	ကြမ်းခင်းဧရိယာ	– ၂၃၅၆၈ စ/ပေ
၆။	ပန္ဒက်တော်တင် တွင်းတော်ဝန်းရက်	– ၁၂-၁၁-၂၀၀၆
၇။	အုတ်မြစ်စိုရက်	– ၄-၁၂-၂၀၀၆
၈။	အလှူရှင်အမည်	
	(က) ပထမကျောင်းဆောင်	– ဦးတင့်ဆန်း(အေစီအီးကုမ္ပဏီ)
	(ခ) ဒုတိယကျောင်းဆောင်	– ဦးအောင်ကိုဝင်း(ကမ္ဘောဇဘဏ်လီမိတက်)
	(ဂ) တတိယကျောင်းဆောင်	– ဦးထွန်းမြင့်နိုင်(အေးရှားဝေါကုမ္ပဏီ)
	(ဃ) စတုတ္ထကျောင်းဆောင်	– ဦးချစ်ခိုင်(ဒေဝဂရုကုမ္ပဏီ)

www.dhammaransi.com

ဂေါပကရုံး

၁။ အလျား	–	၁၉၅ ပေ
၂။ အနံ	–	၈၆ ပေ
၃။ အမြင့်	–	၂၄ ပေ
၄။ ကြမ်းခင်းဧရိယာ	–	၁၀၂၀၈ စ/ပေ
၅။ အထပ်	–	၂ ထပ်
၆။ အလှူရှင်အမည်	–	ဦးသာဌေး (Original Group)
		ဦးထွန်းထွန်းလွင် (တစ်ကောင်ဘွားကုမ္ပဏီ)
		ဦးတိုးအောင်ချို (ဆောင်းဟေမာန်ကုမ္ပဏီ)
		ဦးခင်မောင်အေး (K Construction)

www.dhammaransi.com

မဂ်လာအခမ်းအနားများ ကျင်းပရေး ညှိနှိုင်းအစည်းအဝေး

နေပြည်တော်၌ တည်ထားကိုးကွယ်မည့် ဥပ္ပါတသန္တိစေတီတော် အထက်ဌာပနာတော်သွင်း၊ ရွှေထီးတော်တင်၊ မြသပိတ်၊ ရွှေကြာသက်နန်းတော်ကပ်၊ ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာ အခမ်းအနားနှင့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းခြင်း မင်္ဂလာအခမ်းအနား ကျင်းပရေး လုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ၂၄-၂-၂၀၀၉ ရက်နေ့ မွန်းလွဲ ၃ နာရီတွင် နေပြည်တော်ရှိ ဥပ္ပါတသန္တိ စေတီတော် ဓမ္မာရုံ၌ကျင်းပရာ ဥပ္ပါတသန္တိစေတီတော် တည်ဆောက်ရေး ဦးစီးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦး တက်ရောက်၍ အမှာစကားပြောကြားသည်။ အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ဝေလွင်၊ စေတီတော်တည်ဆောက်ရေး ဦးစီးကော်မတီဝင်များ၊ လုပ်ငန်းကော်မတီဝင်များနှင့် ဆပ်ကော်မတီဝင်များ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော် အရာရှိကြီးများနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဥပ္ပါတသန္တိစေတီတော်တည်ဆောက်ရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦးက အဖွင့်အမှာစကားပြောကြားရာ၌ မဟာမင်္ဂလာအခမ်းအနားများတွင် ဆောင်ရွက်ကြမည့် သက်ဆိုင်ရာ ကော်မတီများအနေဖြင့် မိမိတို့လုပ်ငန်းများအလိုက် ချို့ယွင်းချက်မဖြစ်အောင် စနစ်တကျ ကြပ်မတ်ဆောင်ရွက်ကြရန်၊ အထူးသဖြင့် ဆရာတော်များ သီတင်းသုံးနိုင်ရေးအတွက် နေရာချထားရေး အဖွဲ့များက အလေးထား ဆောင်ရွက်ရန်၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ အဆင်ပြေချောမွေ့စေရေး ကြပ်မတ် ဆောင်ရွက်ရန်၊ ယခုကျင်းပမည့် သာသနာရေးဆိုင်ရာ အခမ်းအနားများသည် နေပြည်တော်၌ ပထမဦးဆုံး ကျင်းပဆောင်ရွက်ခြင်းဖြစ်၍ ဝန်ကြီးဌာနများနှင့် ကော်မတီအသီးသီးတို့အနေဖြင့် ဝိုင်းဝန်းညှိနှိုင်း ကူညီဆောင်ရွက်ကြရန်၊ ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များကိုလည်း စနစ်တကျ စစ်ဆေးဆောင်ရွက်ကြရန်နှင့် သက်ဆိုင်ရာကော်မတီအသီးသီးနှင့် ဝန်ကြီးဌာနများမှ ဆောင်ရွက်မှု အခြေအနေနှင့် လိုအပ်သည်များ ဝိုင်းဝန်းအကြံဉာဏ်ပေး ညှိနှိုင်းဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် စေတီတော် တည်ဆောက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သန်းဌေးက စေတီတော်၌ ကျင်းပမည့် မဟာမင်္ဂလာအခမ်းအနားများနှင့် စပ်လျဉ်း၍ ရှင်းလင်း တင်ပြသည်။ ယင်းနောက် လုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေးဆပ်ကော်မတီဥက္ကဋ္ဌ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ဝေလွင်က ဆပ်ကော်မတီ၏ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ သာသနာရေးဆိုင်ရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်က လုပ်ငန်းကော်မတီ၏ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကိုလည်းကောင်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး သိန်းညွန့်က သံဃာတော်များ သီတင်းသုံးနေထိုင်ရေးနှင့် နေစဉ်ဆွမ်းဆက်ကပ် လှူဒါန်းရေး ဆောင်ရွက်ပြီးစီးမှုအခြေအနေများကိုလည်းကောင်း၊ သယ်ယူပို့ဆောင်ရေးဆပ်ကော်မတီ ဥက္ကဋ္ဌ၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် သိန်းဆွေ၊ ပြန်ကြားရေးနှင့်မှတ်တမ်းတင်ရေး ဆပ်ကော်မတီ ဥက္ကဋ္ဌ၊ ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီး ကိုယ်စား သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်း၊ ကြည့်ချင်ပွဲများဖြင့် ဖျော်ဖြေရေး ဆပ်ကော်မတီဥက္ကဋ္ဌ၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် ခင်အောင်မြင့်နှင့် ကျန်းမာရေးဆပ်ကော်မတီဥက္ကဋ္ဌ၊ ကျန်းမာရေး ဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်တို့က ဆပ်ကော်မတီအလိုက် လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကိုလည်းကောင်း၊ တွဲဖက်စစ်ထောက်ချုပ် ဗိုလ်ချုပ် ခင်မောင်ထွန်းက

www.dhammaransi.com

ဘွဲ့ခံဆရာတော်များအား တပ်မတော် (ကြည်း၊ ရေ၊ လေ) အရာရှိ၊ စစ်သည်မိသားစုများက ဆွမ်းဆက်ကပ် လှူဒါန်းခြင်း အခမ်းအနား နှင့် စပ်လျဉ်းသည်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက မဟာမင်္ဂလာအခမ်းအနားများ ကျင်းပရေး နှင့်စပ်လျဉ်း၍ ဝိုင်းဝန်းညှိနှိုင်းဆွေးနွေးကြသည်။ ယင်းနောက် ဥပ္ပါတသန္တိစေတီတော် တည်ဆောက်ရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦးက နိဂုံးချုပ် အမှာစကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ညှိနှိုင်းအစည်းအဝေးအပြီးတွင် အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးသည် ဥပ္ပါတသန္တိစေတီတော် ပရိဝုဏ်အတွင်းရှိ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ် လှူဒါန်းပွဲ မင်္ဂလာအခမ်းအနားကျင်းပမည့် သာသနာ့ဗိမာန်တော်ကြီးအတွင်း၌ ခင်းကျင်းပြင်ဆင် စီမံထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ တွဲဖက်စစ်ထောက်ချုပ် ဗိုလ်ချုပ် ခင်မောင်ထွန်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ် သန်းဌေးတို့က လိုက်လံရှင်းလင်းပြသတင်ပြကြပြီး အတွင်းရေးမှူး(၁)က လိုအပ်သည်များကို မှာကြားသည်။ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းခြင်း မင်္ဂလာအခမ်းအနားသို့ ကြွရောက်တော်မူလာကြသော ဆရာတော် သံဃာတော်များအား တပ်မတော် (ကြည်း၊ ရေ၊ လေ)မိသားစုများက ဆွမ်းဆက်ကပ် လှူဒါန်းခြင်း အခမ်းအနားကို ကောဇာသက္ကရာဇ် ၁၃၇၀ ပြည့်နှစ်၊ တပေါင်းလဆန်း ၁၁ ရက် (၆-၃-၂၀၀၉) တွင်လည်းကောင်း၊ ဥပ္ပါတသန္တိစေတီတော် အထက်ဌာပနာတော်သွင်းနှင့် ရွှေထီးတော်တင် မဟာမင်္ဂလာ အခမ်းအနားကို တပေါင်းလဆန်း ၁၂ ရက် (၇-၃-၂၀၀၉) တွင်လည်းကောင်း၊ ရတနာစိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တင် မဟာမင်္ဂလာ အခမ်းအနားကို တပေါင်းလဆန်း ၁၃ ရက် (၈-၃-၂၀၀၉) တွင်လည်းကောင်း၊ မြသပိတ်၊ ရွှေကြာသင်္ကန်းတော်ကပ်နှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာ အခမ်းအနားကို တပေါင်းလဆန်း ၁၄ ရက် (၉-၃-၂၀၀၉) တွင်လည်းကောင်း၊ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆပ်ကပ်လှူဒါန်းခြင်းနှင့် ဆွမ်းဆန်စိမ်းလောင်းလှူခြင်း မင်္ဂလာအခမ်းအနားကို တပေါင်းလပြည့်နေ့ (၁၀-၃-၂၀၀၉)တွင်လည်းကောင်း အထူးစည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

အဆိုပါ မဟာမင်္ဂလာအခမ်းအနားများသို့ ကြွရောက်တော်မူကြမည့် နိုင်ငံတော် သြဝါဒိစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော် သံဃမဟာနာယက ဆရာတော်များ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များ၊ တိပိဋကဆရာတော်များ၊ ဘွဲ့တံဆိပ်တော် အလှူခံတော်မူကြမည့် ဆရာတော် သံဃာတော်များအား ပင့်လျှောက်ထားပြီးဖြစ်သည်။

ဥပ္ပါတသန္တိစေတီတော် ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့တွင် ရတနာပစ္စည်းများ တပ်ဆင် လှူဒါန်းလိုသူ အလှူရှင်များအတွက် စေတီတော်၌ သီးသန့်အလှူခံဌာန ဖွင့်လှစ်ထားရှိသည်။ ပွဲတော် အပြီး ကာလများတွင်လည်း ရတနာစိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့တွင် ရတနာပစ္စည်းများ တပ်ဆင်လှူဒါန်းလိုပါက လာရောက်လှူဒါန်းနိုင်ကြပြီး ရတနာစိန်ဖူးတော်တို့တွင် တပ်ဆင်နိုင်ရန် စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်သည်။

ဥပ္ပါတသန္တိစေတီတော်၏ မဟာမင်္ဂလာအခမ်းအနားများ ကျင်းပမည့် ဘုရားပွဲတော်ကာလနှင့် ပွဲတော်အကြိုကာလဖြစ်သည့် ဖေဖော်ဝါရီလ ၂၈ ရက်မှ မတ်လ ၉ ရက်အထိ ကြည့်ချင်ပွဲများဖြစ်သည့် အာဇာနည် စန်းစန်းဆပ်ကပ်၊ နန်းအငြိမ့်၊ သစ်လွင်အငြိမ့်၊ မိုးမင်းဇာတ်သဘင်နှင့် ဖိုးချစ်ဇာတ်သဘင်များဖြင့် လည်းကောင်း၊ မြန်မာ့ရုပ်ရှင်လုပ်ငန်းမှ မြန်မာရုပ်ရှင်ဇာတ်ကားများနှင့် မော်ကွန်းရုပ်ရှင်များဖြင့် လည်းကောင်း အသီးသီး တင်ဆက်ဖျော်ဖြေခဲ့သည်။

www.dhammaransi.com

မဂ်လာအဝမ်းအနားများ ကျင်းပရေး
လုပ်ငန်းညှိနှိုင်းအစည်းအဝေး

ဥပုဒ်တသန္တိစေတီတော်တည်ဆောက်ရေး ဦးစီးကော်မတီဥတ္တဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်
ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦးက
စေတီတော်ပရိဝုဏ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။

www.dhammaransi.com

သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲ၊ မဟာမင်္ဂလာအခမ်းအနား
ကျင်းပမည့် သာသနာ့မဟာဗိမာန်တော်ကြီးကို တွေ့ရစဉ်။

မဟာမင်္ဂလာအခမ်းအနားကျင်းပမည့် သာသနာ့မဟာဗိမာန်တော်ကြီးအတွင်း
ခင်းကျင်းပြင်ဆင်ထားမှုကို တွေ့ရစဉ်။

www.dhammaransi.com

အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦးက ဥပါဒါသန္ဓိစေတီတော်
ပရိဝုဏ်အတွင်းရှိ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်း၍
မဟာမင်္ဂလာအခမ်းအနားကျင်းပမည့် သာသနာ့မဟာဗိမာန်တော်ကြီးအတွင်း၌
ခင်းကျင်းပြင်ဆင် စီမံထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

www.dhammaransi.com

ဥပါဟသန္တိစေတီတော်ပရိဝုဏ်အတွင်းရှိ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်း၍
မင်္ဂလာအာခံ့အနားကျင်းပမည့် သာသနာ့မဟာဝိမာန်တော်ကြီးအတွင်း
ခင်းကျင်းပြင်ဆင် စီမံထားမှုများကို တွေ့ရစဉ်။



www.dhammaransi.com

လုံခြုံရေးနှင့်စည်းကမ်းထိန်းသိမ်းရေးဆပ်ကော်မတီ
ဥက္ကဋ္ဌ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး
ဗိုလ်ချုပ်ဝေလွင်က ဆောင်ရွက်ပြီးစီးမှု
အခြေအနေများကို တင်ပြစဉ်။

စေတီတော်တည်ဆောက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ
ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သန်းဌေးက
ကျင်းပမည့် မဂ်လာအခမ်းအနားများနှင့်စပ်လျဉ်း၍
ရှင်းလင်းတင်ပြစဉ်။

www.dhammaransi.com

သာသနာရေးဆိုင်ရာလုပ်ငန်းကော်မတီဥက္ကဋ္ဌ သာသနာရေးဝန်ကြီးဌာန
ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က ဆောင်ရွက်ပြီးစီးမှု
အခြေအနေများကို ရှင်းလင်းတင်ပြစဉ်။

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့်
စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်က
သဲယာတော်များ သီတင်းသုံးတည်ခိုရေးနှင့် ဆွမ်းဆက်ကပ်
လှူဒါန်းမှုအခြေအနေများကို ရှင်းလင်းတင်ပြစဉ်။

www.dhammaransi.com

သယ်ယူပို့ဆောင်ရေးဆပ်ကော်မတီဥက္ကဋ္ဌ ပို့ဆောင်ရေးဝန်ကြီးဌာန
ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ
လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို
ရှင်းလင်းတင်ပြစဉ်။

ဖျော်ဖြေရေးဆပ်ကော်မတီဥက္ကဋ္ဌ
ယဉ်ကျေးမှုဝန်ကြီးဌာန
ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်
ရှင်းလင်းတင်ပြစဉ်။

www.dhammaransi.com

ကျန်းမာရေးဆပ်ကော်မတီဥက္ကဋ္ဌ၊ ကျန်းမာရေးဝန်ကြီးဌာန
ဝန်ကြီး ဒေါက်တာကျော်မြင့်က
ရှင်းလင်းတင်ပြစဉ်။

အကြံပေးပုဂ္ဂိုလ် ဦးအုံမောင်က ရှင်းလင်းတင်ပြစဉ်။

www.dhammaransi.com

ဥပ္ပါတသန္တိစေတီတော် ရှေ့သင်္ကန်းကပ်လှူရန် ရှေ့ပြားများနှင့် အလှူငွေများ
လှူဒါန်းပွဲအခမ်းအနားသို့ တက်ရောက်သူများကို တွေ့ရစဉ်။

www.dhammaransi.com

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး ထံ တပ်မတော်သားများ လှူဒါန်းသော ရွှေစင်ရွှေဖြာများအား ဗိုလ်ချုပ်ခင်မောင်ထွန်းက ပေးအပ်လှူဒါန်းစဉ်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး တင်အေးထံ ရွှေသင်္ကန်းတပ်လှူရန် Rising Sun Co.Ltd မှ Chairman ဦးစိန်သောင်းဦးက One K Gold ရေဆေး ၁၅၁၂ ဂါလန် လှူဒါန်းစဉ်။

www.dhammaransi.com

ဥပ္ပါတသန္တိစေတီတော်တည်ဆောက်ရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ
အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးထံ တပ်မတော်သားများ လှူဒါန်းသော
ရွှေစင်ရွှေပြားများအား တပ်မတော်သားများကိုယ်စား နိုင်ငံတော်အေးချမ်းသာယာရေးနှင့်
ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေးက
ပေးအပ်လှူဒါန်းစဉ်။

www.dhammaransi.com

မဟာမင်္ဂလာအခမ်းအနားများ ကျင်းပမည့် အထိမ်းအမှတ်အဖြစ် ကြည့်ချင်ပွဲများကျင်းပခြင်း

နေပြည်တော်ရှိ ဥပ္ပါတသန္တိကုန်းတော်ပြင်၌ တည်ထားကိုးကွယ်သည့် ဥပ္ပါတသန္တိစေတီတော် ရွှေထီးတော်၊ စိန်ဖူးတော်တင်လျှပ္ပဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနား ကျင်းပမည့် အထိမ်းအမှတ်အဖြစ် ကြည့်ချင်ပွဲများကို ဥပ္ပါတသန္တိစေတီတော် တောင်ဘက် ရာဇဌာနီလမ်းအနီးရှိ ပွဲတော်ကွင်း၌ ဖျော်ဖြေတင်ဆက်လျက်ရှိရာ ဖေဖော်ဝါရီလ ၂၈ ရက်နေ့ ည ၈ နာရီ ခွဲတွင် ဥပ္ပါတသန္တိ စေတီတော်တည်ဆောက်ရေး ဦးစီးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သိဟသူရ တင်အောင်မြင့်ဦးသည် နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ဝေလွင်၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် ခင်အောင်မြင့်နှင့် တာဝန်ရှိသူများ လိုက်ပါလျက် ပွဲတော်ကွင်းသို့ ရောက်ရှိလာသည်။ ထို့နောက် အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သိဟသူရ တင်အောင်မြင့်ဦးနှင့်အဖွဲ့ဝင်များသည် ပွဲတော်ကွင်းအတွင်း ဖျော်ဖြေတင်ဆက်လျက်ရှိသည့် ''အာဇာနည်စန်းစန်း'' ဆပ်ကပ်အဖွဲ့၏ ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ပွဲတော်ကွင်းအတွင်း စျေးဆိုင်ခန်းများ ခင်းကျင်းရောင်းချနေမှုနှင့် ဒေသခံပြည်သူများ ပျော်ရွှင်စွာ လာရောက်ကြည့်ရှုနေမှုတို့ကို လှည့်လည် ကြည့်ရှု စစ်ဆေးပြီး ပြန်လည်ထွက်ခွာသွားကြသည်။ ပွဲတော်ကာလအတွင်း မြန်မာ့ရုပ်ရှင်လုပ်ငန်း မော်ကွန်းရုပ်ရှင်ကလည်း မြန်မာ့ရုပ်ရှင်ဇာတ်ကားများဖြင့် နေ့စဉ်ပြသသွားမည်ဖြစ်ရာ ဖေဖော်ဝါရီလ ၂၇ ရက်နေ့ညက ''အမေ့နို့ဖိုး'' ဇာတ်ကားနှင့် ''နေကမွေးတဲ့လ'' ဇာတ်ကားများဖြင့် ပြသဖျော်ဖြေခဲ့သည်။

ပွဲတော်လာပြည်သူများ အဆင်ပြေချောမွေ့စွာ လာရောက်ကြည့်ရှုနိုင်ရန်အတွက် မော်တော်ယာဉ်လိုင်းများ၊ ဖျော်ပွဲ ရှွင်ပွဲများ၊ ယာဉ်ရပ်နားရန် နေရာများနှင့် စျေးဆိုင်ခန်းများ စီစဉ်ထားရှိပြီး ဘုရားပွဲတော် အကြိုကာလ၏ ပထမနေ့ဖြစ်သော ဖေဖော်ဝါရီလ ၂၈ ရက်နေ့ညတွင် ဒေသခံပြည်သူ ၅၀၀၀ ကျော် တပျော်တပါး လာရောက်ကြည့်ရှုလျက်ရှိရာ ပွဲတော်ကွင်းအတွင်း ပွဲကြည့်ပရိသတ်များဖြင့် အထူးစည်ကားလျက်ရှိသည်။

ညပိုင်းတွင် ကြည့်ချင်ပွဲများအဖြစ် ''အာဇာနည်စန်းစန်း'' ဆပ်ကပ်အဖွဲ့နှင့် မြန်မာ့ရုပ်ရှင်လုပ်ငန်း မော်ကွန်းရုပ်ရှင်က ''ကိုးဆယ်ဆသာလိမ့်မယ်'' ဇာတ်ကားနှင့် ''ပန်းဒဏ္ဍာရီ'' ဇာတ်ကားများဖြင့် ပြသဖျော်ဖြေသည်။

ဒုတိယနေ့

နေပြည်တော်ရှိ ဥပ္ပါတသန္တိကုန်းတော်၌ တည်ထားကိုးကွယ်သည့် ဥပ္ပါတသန္တိစေတီတော် ရွှေထီးတော်၊ စိန်ဖူးတော်တင်လျှပ္ပဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနားများ ကျင်းပမည့် အထိမ်းအမှတ်အဖြစ် ကြည့်ချင်ပွဲများကို ဒုတိယနေ့ဖြစ်သော မတ်လ ၁ ရက် ညပိုင်းတွင် ဥပ္ပါတသန္တိစေတီတော် တောင်ဘက် ရာဇဌာနီလမ်းအနီးရှိ ပွဲတော်ကွင်း၌ ''အာဇာနည်စန်းစန်း'' ဆပ်ကပ်အဖွဲ့က ဆက်လက် ဖျော်ဖြေတင်ဆက်လျက်ရှိရာ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ဝေလွင်၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် ခင်အောင်မြင့်၊ ကြည့်ချင်ပွဲများနှင့် ဖျော်ဖြေရေး ဆပ်ကော်မတီဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ဦး၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူ ၉၀၀၀ ကျော်တို့ ပျော်ရွှင်စွာ လာရောက်ကြည့်ရှုကြသည်။

အလားတူ မြန်မာ့ရုပ်ရှင်လုပ်ငန်း မော်ကွန်းရုပ်ရှင်က အကယ်ဒမီဆုရ မြန်မာရုပ်ရှင်ဇာတ်ကားများဖြစ်သည့် ''ကိုးဆယ်ဆသာလိမ့်မယ်'' ဇာတ်ကားနှင့် ''ပန်းဒဏ္ဍာရီ'' ဇာတ်ကားများကို ပြသဖျော်ဖြေသည်၊ အဆိုပါ ကြည့်ချင်ပွဲများသို့ နေပြည်တော်ပျဉ်းမနား၊ နေပြည်တော်တပ်ကုန်းနှင့် နေပြည်တော် လယ်ဝေးရှိ ကျေးလက်ပြည်သူများက လှည်းများဖြင့် တပျော်တပါး လာရောက်ကြည့်ရှုကြသည်ကို တွေ့ရှိရသည်။

www.dhammaransi.com

တတိယနေ့

နေပြည်တော်ရှိ ဥပ္ပါတသန္တိကုန်းတော်ပြင်၌ တည်ထားကိုးကွယ်သည့် ဥပ္ပါတသန္တိစေတီတော် ရွှေထီးတော်၊ စိန်ဖူးတော်တင်လှူပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနားများ ကျင်းပမည့် အထိမ်းအမှတ်အဖြစ် ကြည့်ချင်ပွဲများကို တတိယနေ့ဖြစ်သော မတ်လ ၂ ရက် ညဘိုင်းတွင် ဥပ္ပါတသန္တိစေတီတော် တောင်ဘက် ရာဇဌာနီလမ်းအနီးရှိ ပွဲတော်ကွင်း၌ မန္တလေး''နန်းအငြိမ့်''အဖွဲ့က ဖျော်ဖြေတင်ဆက်ရာ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ဝေလွင်၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် ခင်အောင်မြင့်၊ ကြည့်ချင်ပွဲများနှင့် ဖျော်ဖြေရေးဆပ်ကော်မတီဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ဦး၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူ ၁၀၀၀၀ ကျော်တို့ လာရောက်ကြည့်ရှုကြသည်။

အလားတူ မြန်မာ့ရုပ်ရှင်လုပ်ငန်း မော်ကွန်းရုပ်ရှင်က အကယ်ဒမီဆုရ မြန်မာရုပ်ရှင်ဇာတ်ကားများ ဖြစ်သည့် ''ရင်နှင့်အောင်မွေး''ဇာတ်ကားနှင့် ''ငဲ့ဓား ငဲ့သွေး ငဲ့ငရော်တီ''ဇာတ်ကားများဖြင့် ပြသဖျော်ဖြေသည်။ အဆိုပါ ကြည့်ချင်ပွဲများသို့ နေပြည်တော်ပျဉ်းမနား၊ နေပြည်တော်တပ်ကုန်းနှင့် နေပြည်တော် လယ်ဝေးတို့ရှိ ရပ်ကွက်၊ ကျေးရွာများမှ ပြည်သူများသည် မော်တော်ယာဉ်များ၊ မော်တော်ဆိုင်ကယ်များ၊ လှည်းများဖြင့် လာရောက်ကြည့်ရှုကြရာ သက်ဆိုင်ရာတာဝန်ရှိသူများက ယာဉ်ရပ်နားစခန်း၊ မော်တော်ဆိုင်ကယ်ရပ်နားရန်နေရာများနှင့် လှည်းရပ်နားရန် လှည်းဝိုင်းများကို စီစဉ်ဆောင်ရွက်ပေးထားသည်။

စတုတ္ထနေ့

နေပြည်တော်ရှိ ဥပ္ပါတသန္တိကုန်းတော်ပြင်၌ တည်ထားကိုးကွယ်သည့် ဥပ္ပါတသန္တိစေတီတော် ရွှေထီးတော်၊ စိန်ဖူးတော်တင်လှူပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနားများ ကျင်းပမည့် အထိမ်းအမှတ်အဖြစ် ကြည့်ချင်ပွဲများကို မတ်လ ၃ ရက် ညဘိုင်းတွင် ဥပ္ပါတသန္တိစေတီတော်တောင်ဘက် ရာဇဌာနီလမ်းအနီးရှိ ပွဲတော်ကွင်း၌ မန္တလေး''နန်းအငြိမ့်''အဖွဲ့က ဖျော်ဖြေတင်ဆက်ရာ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ဝေလွင်၊ ကြည့်ချင်ပွဲများနှင့် ဖျော်ဖြေရေး ဆပ်ကော်မတီ ဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ဦး၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူ ၁၀၀၀၀ ကျော်တို့ ပျော်ရွှင်စွာ လာရောက်ကြည့်ရှုကြသည်။ အလားတူ မြန်မာ့ရုပ်ရှင်လုပ်ငန်း မော်ကွန်းရုပ်ရှင်က အကယ်ဒမီဆုရ မြန်မာရုပ်ရှင်ဇာတ်ကားများဖြစ်သည့် ''မျှော်လင့်ခြင်းများစွာ''ဇာတ်ကားနှင့်''အပြင်းစားရိုက်ချက်'' ဇာတ်ကားများဖြင့် ပြသဖျော်ဖြေသည်။

ပဉ္စမနေ့

နေပြည်တော်ရှိ ဥပ္ပါတသန္တိကုန်းတော်ပြင်၌ တည်ထားကိုးကွယ်သည့် ဥပ္ပါတသန္တိစေတီတော် ရွှေထီးတော်၊ စိန်ဖူးတော်တင်လှူပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနားများ ကျင်းပမည့် အထိမ်းအမှတ်အဖြစ် ကြည့်ချင်ပွဲများကို ပဉ္စမနေ့ဖြစ်သော မတ်လ ၄ ရက်နေ့ ညဘိုင်းတွင် ဥပ္ပါတသန္တိစေတီတော် တောင်ဘက် ရာဇဌာနီလမ်းအနီးရှိ ပွဲတော်ကွင်း၌ ဖျော်ဖြေတင်ဆက်လျက်ရှိရာ ''မိုးမင်း''မဟာရန်ကုန် စံပြသဘင်က မြန်မာ့ရိုးရာ ယဉ်ကျေးမှု အနုသုခုမသဘင်ပညာဖြင့် တင်ဆက် ကပြဖျော်ဖြေပြီး မြန်မာ့ရုပ်ရှင်လုပ်ငန်း မော်ကွန်းရုပ်ရှင်ကလည်း ''ဂုဏ်ရှိန်ပြင်းတဲ့ ချစ်ခြင်းသိကွာ'' ဇာတ်ကားနှင့် ''အပြောင်းအလဲ'' ဇာတ်ကားတို့ဖြင့် ပြသဖျော်ဖြေရာ ဒေသခံပြည်သူ ၂၃၀၀၀ ကျော် ပျော်ရွှင်စွာ လာရောက်ကြည့်ရှုကြသည်။

ဆဋ္ဌမနေ့

နေပြည်တော်ရှိ ဥပ္ပါတသန္တိကုန်းတော်ပြင်၌ တည်ထားကိုးကွယ်သည့် ဥပ္ပါတသန္တိစေတီတော် ရွှေထီးတော်၊ စိန်ဖူးတော်တင်လှူပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနား ကျင်းပမည့် အထိမ်းအမှတ်အဖြစ်

www.dhammaransi.com

ကြည့်ချင်ပွဲများကို ဆဋ္ဌမနေ့ဖြစ်သော မတ်လ ၅ ရက် ညပိုင်းတွင် ဥပ္ပါတသန္တိစေတီတော် တောင်ဘက် ရာဇဌာနီလမ်းအနီးရှိ ပွဲတော်ကွင်း၌ ဖျော်ဖြေတင်ဆက်လျက်ရှိရာ ''မိုးမင်း''မဟာရန်ကုန် စံပြသဘင်က မြန်မာ့ရိုးရာယဉ်ကျေးမှု အနုသုခုမသဘင်ပညာဖြင့် တင်ဆက်ကပြဖျော်ဖြေပြီး မြန်မာ့ရုပ်ရှင်လုပ်ငန်း မော်ကွန်းရုပ်ရှင်ကလည်း ''တောင်သမန်သစ္စာ''နှင့် ''အမေနှင့်သမီးများ'' ရုပ်ရှင်ဇာတ်ကားတို့ဖြင့် ပြသဖျော်ဖြေရာ ဒေသခံပြည်သူ ၂၆၅၀၀ ကျော်တို့ ပျော်ရွှင်စွာ လာရောက်ကြည့်ရှုကြသည်။

သတ္တမနေ့

နေပြည်တော်ရှိ ဥပ္ပါတသန္တိကုန်းတော်၌ တည်ထားကိုးကွယ်သည့် ဥပ္ပါတသန္တိစေတီတော် ရွှေထီးတော်၊ စိန်ဖူးတော်တင်လှူပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနားများ ကျင်းပမည့် အထိမ်းအမှတ်အဖြစ် ကြည့်ချင်ပွဲများကို သတ္တမနေ့ဖြစ်သော မတ်လ ၆ ရက် ညပိုင်းတွင် ဥပ္ပါတသန္တိ စေတီတော် တောင်ဘက် ရာဇဌာနီလမ်းအနီးရှိ ပွဲတော်ကွင်း၌ ဖျော်ဖြေတင်ဆက်လျက်ရှိရာ မန္တလေးမြို့ ''သစ်လွင်အငြိမ့်'' အဖွဲ့က မြန်မာ့ရိုးရာယဉ်ကျေးမှု အနုသုခုမသဘင်ပညာဖြင့် တင်ဆက်ကပြ ဖျော်ဖြေပြီး မြန်မာ့ရုပ်ရှင်လုပ်ငန်း မော်ကွန်းရုပ်ရှင်ကလည်း ''ပန်းပျိုးသူတို့ အလင်္ကာ''ရုပ်ရှင်ဇာတ်ကားနှင့် ''မိုးကုပ်စက်ဝိုင်းကို ကျော်လွန်၍'' ရုပ်ရှင်ဇာတ်ကားတို့ဖြင့် ပြသဖျော်ဖြေရာ ဒေသခံပြည်သူ ၂၅၀၀၀ ကျော် ပျော်ရွှင်စွာ လာရောက်ကြည့်ရှုကြသည်။

အဋ္ဌမနေ့

နေပြည်တော်ရှိ ဥပ္ပါတသန္တိကုန်းတော်ပြင်၌ တည်ထားကိုးကွယ်သည့် ဥပ္ပါတသန္တိစေတီတော် ရွှေထီးတော်၊ စိန်ဖူးတော်တင်လှူပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနားများ ကျင်းပသည့် အထိမ်းအမှတ်အဖြစ် ကြည့်ချင်ပွဲများကို အဋ္ဌမနေ့ဖြစ်သော မတ်လ ၇ ရက် ညပိုင်းတွင် ဥပ္ပါတသန္တိစေတီတော် တောင်ဘက် ရာဇဌာနီလမ်းအနီးရှိ ပွဲတော်ကွင်း၌ ဖျော်ဖြေတင်ဆက်လျက်ရှိရာ မန္တလေးမြို့ ''သစ်လွင်'' အငြိမ့်အဖွဲ့က မြန်မာ့ရိုးရာယဉ်ကျေးမှု အနုသုခုမသဘင်ပညာဖြင့် တင်ဆက်ကပြဖျော်ဖြေပြီး မြန်မာ့ရုပ်ရှင်လုပ်ငန်း မော်ကွန်းရုပ်ရှင်ကလည်း ''ဥပ္ပါတသန္တိစေတီတော် ရွှေထီးတော်တင် သတင်းမှတ်တမ်း''၊ ''ချစ်ခြင်းဖွဲ့မေတ္တာနှင့် မျက်နှာများတဲ့ကောင်းကင်'' ရုပ်ရှင်ဇာတ်ကားတို့ဖြင့် ပြသဖျော်ဖြေရာ ဒေသခံပြည်သူ ၂၂၀၀၀ ကျော်တို့ ပျော်ရွှင်စွာ လာရောက်ကြည့်ရှုကြသည်။

နဝမနေ့

နေပြည်တော်ရှိ ဥပ္ပါတသန္တိကုန်းတော်ပြင်၌ တည်ထားကိုးကွယ်သည့် ဥပ္ပါတသန္တိစေတီတော် ရွှေထီးတော်၊ စိန်ဖူးတော်တင်လှူပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနားများ ကျင်းပသည့် အထိမ်းအမှတ်အဖြစ် ကြည့်ချင်ပွဲများကို နဝမနေ့ဖြစ်သော မတ်လ ၈ ရက် ညပိုင်းတွင် ဥပ္ပါတသန္တိစေတီတော် တောင်ဘက် ရာဇဌာနီလမ်းအနီးရှိ ပွဲတော်ကွင်း၌ ဖျော်ဖြေတင်ဆက်လျက်ရှိရာ''ဖိုးချစ်''ဇာတ်သဘင်အဖွဲ့ နှင့် မြန်မာ့ရုပ်ရှင်လုပ်ငန်း မော်ကွန်းရုပ်ရှင်က''ငါသူတစ်ပါးယောကျ်ားမိန်းမ'' ရုပ်ရှင်ဇာတ်ကားနှင့် ''မိုးပေါ်ခုန်တက်ကလိုက်ချင်တယ်''ရုပ်ရှင်ဇာတ်ကားများဖြင့် ပြသဖျော်ဖြေရာ ဒေသခံပြည်သူ ၉၁၃၀၀ ကျော် ပျော်ရွှင်စွာ လာရောက်ကြည့်ရှုကြသည်။

ဒသမနေ့

နေပြည်တော်ရှိ ဥပ္ပါတသန္တိကုန်းတော်ပြင်၌ တည်ထားကိုးကွယ်သည့် ဥပ္ပါတသန္တိစေတီတော် ရွှေထီးတော်၊ စိန်ဖူးတော်တင်လှူပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနားများ ကျင်းပသည့် အထိမ်းအမှတ်အဖြစ် ကြည့်ချင်ပွဲများကို ဒသမနေ့ဖြစ်သော မတ်လ ၉ ရက်နေ့တွင် ''ဖိုးချစ်''ဇာတ်သဘင်အဖွဲ့နှင့် မြန်မာ့ရုပ်ရှင်လုပ်ငန်း မော်ကွန်းရုပ်ရှင်က ''ကိုးဆယ်ဆသာလိမ့်မယ်''နှင့် ''အမေနှင့်သမီးများ'' ရုပ်ရှင်ဇာတ်ကားများဖြင့် ပြသဖျော်ဖြေသည်။

www.dhammaransi.com

ဥပုဂါတသန္ဓိစေတီတော် တည်ဆောက်ရေးဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ
အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦး ဥပုဂါတသန္ဓိစေတီတော် ရှေ့ထီးတော်၊
စိန်ဖူးတော်တင်လှူပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနားများ ကျင်းပသည့်
အထိမ်းအမှတ်ကြည့်ချင်ပွဲများဖြင့် ဖျော်ဖြေတင်ဆက်လျက်ရှိသည့် ပွဲတော်ကွင်း အတွင်းကြည့်ရှုစဉ်။

ဥပုဂါတသန္ဓိစေတီတော် ရှေ့ထီးတော်၊ စိန်ဖူးတော်တင်လှူပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာ
အခမ်းအနားများ ကျင်းပသည့် အထိမ်းအမှတ် ကြည့်ချင်ပွဲများဖြင့် ဖျော်ဖြေတင်ဆက်လျက်ရှိသည့်
ပွဲတော်ကွင်းအတွင်း ဖျော်ဖြေစရာများ စီစဉ်ဆောင်ရွက်ပေးထားစဉ်။

www.dhammaransi.com

ဥပါဟသန္တိကုန်းတော်မြင့်ဘုရားကိုးကွယ်သည့် ဥပါဟသန္တိစေတီတော် ရွှေထီးတော်၊ စိန်ဖူးတော် တင်လှူပွဲနှင့်
ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနားများ ကျင်းပသည့် အထိမ်းအမှတ်
ကြည့်ချင်ပွဲများဖြင့် ပျော်ဖြေတင်ဆက်မှုများကို ဒေသခံပြည်သူများ
တပျော်တပါး လာရောက်ကြည့်ရှုကြစဉ်။

www.dhammaransi.com

ရွေထီးတော်၊ စိန်ဖူးတော်တင်လျှူပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနားများကျင်းပသည့်
အထိမ်းအမှတ် ကြည့်ချင်ပွဲများဖြင့် ဖျော်ဖြေတင်ဆက်မှုများကို တင်ဆက်လျက်ရှိသည့်
ပွဲတော်ကွင်းအတွင်း အခြားဖျော်ဖြေစရာများ စီစဉ်ဆောင်ရွက်ပေးထားစဉ်။

www.dhammaransi.com

ဥပါဒါတသန္တိကုန်းတော်ပြင်၌ တည်ထားကိုးကွယ်သည့် ဥပါဒါတသန္တိစေတီတော်ရွှေထီးတော်၊ စိန်ဖူးတော်
တင်လှူပွဲနှင့် ဝုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနားများ ကျင်းပသည့်
အထိမ်းအမှတ် ကြည့်ချင်ပွဲများဖြင့် ဖျော်ဖြေတင်ဆက်မှုများကို ဒေသခံပြည်သူများ
တပျော်တပါး လာရောက်ကြည့်ရှုကြစဉ်။

www.dhammaransi.com

ဥပ္ပါတသန္တိစေတီတော်ရှေထီးတော်၊ စိန်ဖူးတော်တင်လှူပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာ
အခမ်းအနားများကျင်းပသည့် အထိမ်းအမှတ်အဖြစ် ကျင်းပသောပွဲတော်ကွင်း၌ မန္တလေးနန်းအငြိမ့်အဖွဲက
ဖျော်ဖြေတင်ဆက်လျက်ရှိရာ ဒေသခံပြည်သူများ ကြည့်ရှုအားပေးကြစဉ်။

www.dhammaransi.com

ဥပ္ပါတသန္တိစေတီတော်ရှေ့ထီးတော်၊ စိန်ဖူးတော်တင်လှူပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင်
မဟာမင်္ဂလာအခမ်းအနားများ ကျင်းပသည့် အထိမ်းအမှတ်အဖြစ် ကျင်းပသောပွဲတော်ကွင်း၌
ဒေသခံပြည်သူများ ပျော်ရှင်စွာ လာရောက်ဆင်နွဲကြစဉ်။

www.dhammaransi.com

ဥပုဂါတသန္တိစေတီတော်ရှေထီးတော်၊ စိန်ဖူးတော်တင်လှူပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင်
ပဟာမင်္ဂလာအခမ်းအနားများ ကျင်းပသည့် အထိမ်းအမှတ်အဖြစ် ကျင်းပသောပွဲတော်ကြင့်၌
ဇေသခံပြည်သူများ ပျော်ရွှင်စွာ လာရောက်ဆင်နွှဲကြစဉ်။

www.dhammaransi.com

ဥပ္ပါတသန္တိစေတီတော်ရှေ့ထီးတော်၊ စိန်ဖူးတော်တင်လှူပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင်
မဟာမင်္ဂလာအခမ်းအနားများ ကျင်းပသည့် အထိမ်းအမှတ်အဖြစ် ကျင်းပသောပွဲတော်ကွင်း၌
ဈေးဆိုင်ခန်းများ ဖွင့်လှစ်ရောင်းချစဉ်။

www.dhammaransi.com

ဥပ္ပါတသန္တိစေတီတော်ရှေထီးတော်၊ စိန်ဖူးတော်တင်လှူပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင်
မဟာမင်္ဂလာအခမ်းအနားများ ကျင်းပသည့် အထိမ်းအမှတ်အဖြစ် ကျင်းပသော
ပွဲတော်ကွင်း၌ ဒေသခံပြည်သူများ ပျော်ရှင်စွာ လာရောက်ဆင်နွဲကြစဉ်။

www.dhammaransi.com

ဥပ္ပါတသန္ဓိစေတီတော်ရွေထီးတော်၊ စိန်ဖူးတော်တင်လှူပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာ
အခမ်းအနားများကျင်းပသည့် အထိမ်းအမှတ်အဖြစ် ကျင်းပသောပွဲတော်ကွင်း၌ မိုးမင်းမဟာရန်ကုန်
စံပြသဘင်က ဖျော်ဖြေတင်ဆက်ရာ ဒေသခံပြည်သူများ ကြည့်ရှုအားပေးကြစဉ်။

www.dhammaransi.com

ဥပါတသန္တိစေတီတော်ရွှေထီးတော်၊ စိန်ဖူးတော်တင်လှူပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာ
အခမ်းအနားများကျင်းပသည့် အထိမ်းအမှတ်အဖြစ် ကျင်းပသောပွဲတော်ကွင်း၌ မန္တလေးမြို့
သစ်လွင်အငြိမ့်အပွဲက ဖျော်ဖြေတင်ဆက်ရာဒေသခံပြည်သူများ ကြည့်ရှုအားပေးကြစဉ်။

www.dhammaransi.com

ဥပ္ပါတသန္တိစေတီတော်ရှေ့ထီးတော်၊ စိန်ဖူးတော်တင်လှူပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင်
မဟာမင်္ဂလာ အခမ်းအနားများ ကျင်းပသည့် အထိမ်းအမှတ်အဖြစ် ကျင်းပသော ပွဲတော်ကွင်း၌
ဈေးဆိုင်ခန်းများ ဖွင့်လှစ်ရောင်းချစဉ်။

www.dhammaransi.com

ဥပုါတသန္တိစေတီတော် ရှေထီးတော်၊ စိန်ဖူးတော်တင်လှူပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင်
မဟာမင်္ဂလာ အခမ်းအနားများ ကျင်းပသည့် အထိမ်းအမှတ်အဖြစ် ကျင်းပသော ပွဲတော်ကွင်း၌
ဒေသခံပြည်သူများ ပျော်ရှင်စွာ လာရောက်ဆင်နွဲကြစဉ်။

www.dhammaransi.com

ဥပါဟသန္တိစေတီတော်ရှေထီးတော်၊ စိန်ဖူးတော်တင်လှူပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာ
အခမ်းအနားများကျင်းပသည့် အထိမ်းအမှတ်အဖြစ် ကျင်းပသော ပွဲတော်ကွင်း၌ မန္တလေးမြို့သစ်လွင်အငြိမ့်
ဖျော်ဖြေတင်ဆက်ရာ ဒေသခံပြည်သူများ ကြည့်ရှုအားပေးကြစဉ်။

www.dhammaransi.com



ဥပ္ပါတသန္တိစေတီတော်ရှေ့ထီးတော်၊ စိန်ဖူးတော်တင်လှူပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင်
မဟာမင်္ဂလာအခမ်းအနားများ ကျင်းပသည့် အထိမ်းအမှတ်အဖြစ် ကျင်းပသော ပွဲတော်ကွင်း၌
ဈေးဆိုင်ခန်းများ ဖွင့်လှစ်ရောင်းချစဉ်။

www.dhammaransi.com

ဥပ္ပါတသန္တိစေတီတော် ရွှေထီးတော်၊ စိန်ဖူးတော်တင်လှူပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင်
မဟာမင်္ဂလာအခမ်းအနားများ ကျင်းပသည့် အထိမ်းအမှတ်အဖြစ် ကျင်းပသော ပွဲတော်ကွင်း၌
ဒေသခံပြည်သူများ ပျော်ရှင်စွာ လာရောက်ဆင်နွဲကြစဉ်။

www.dhammaransi.com

ဥပ္ပါတသန္တိစေတီတော် ရှေ့ထီးတော်၊ စိန်ဖူးတော်တင်လှူပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင်
မဟာမင်္ဂလာအခမ်းအနားများ ကျင်းပသည့် အထိမ်းအမှတ်အဖြစ် ကျင်းပသော ပွဲတော်ကွင်း၌
ဖိုးချစ်ဇာတ်သဘင်အဖွဲ့ကို ဒေသခံပြည်သူများ ကြည့်ရှုအားပေးကြစဉ်။

www.dhammaransi.com

ဥပုဂါတသန္တီစေတီတော်ရှေထီးတော်၊ စိန်ဖူးတော်တင်လှူပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင်
မဟာမင်္ဂလာအခမ်းအနားများ ကျင်းပသည့် အထိမ်းအမှတ်အဖြစ် ကျင်းပသော ပွဲတော်ကွင်း၌
ဒေသခံပြည်သူများ ပျော်ရွှင်စွာ လာရောက်ဆင်နွှဲကြစဉ်။

www.dhammaransi.com

ဥပ္ပါတသန္တိစေတီတော်ရှေ့ထီးတော်၊ စိန်ဖူးတော်တင်လှူပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင်
မဟာမင်္ဂလာအခမ်းအနားများ ကျင်းပသည့် အထိမ်းအမှတ်အဖြစ် ကျင်းပသော ပွဲတော်ကွင်း၌
ဈေးဆိုင်ခန်းများ ဖွင့်လှစ်ရောင်းချစဉ်။

www.dhammaransi.com

တည်ဆောက်ရေးလုပ်ငန်းများဆိုင်ရာ ပုံစံများ

CROSS-SECTION (EAST & WEST)
CROSS-SECTION (SOUTH & NORTH)

24-Jul-09

www.dhammaransi.com



မဟာရံတံတိုင်းစီနှစ်ဘောင်နေရာပြပုံ



ဓာတ်လှေကားများတည်နေရာပြပုံ

ဘုရားပေါ်ပုံ



ဘုရားတည်ပုံ



www.dhammaransi.com

www.dhammaransi.com

ရင်ပြင်တော်ကျောက်ပြားစင်းညွှန်ဧရိယာပြုံ



ဂြိုဟ်တိုင်များတည်နေရာပြုံ



ဂြိုဟ်တိုင်

www.dhammaransi.com



ပန်းပေါင်းစေတီတော်တည်နေရာပြပုံ

www.dhammaransi.com



www.dhammaransi.com



ရင်ပြင်တော်ကျောက်ပြားခင်းသည့်ဒီဇိုင်းပြုပုံ



www.dhammaransi.com





အသုံးပြုမည့်ပစ္စည်း - စကျင်ကျောက်
အလျား ၁၆ ပေ × အနံ ၁၁ ပေ
ပြုလုပ်မည့်နေရာ - ခိုနှန်းချိုးနံရံများ

ခိုနှန်းချိုးတွင် ဝုဒ္ဓဝင်ကျောက်ထွင်းပန်းချီကဝ်မည့်နေရာများ



ပန်းပေါင်းစေတီတော် တည်နေရာပြပုံ

www.dhammaransi.com



	စရိယာ	အချင်းရေ (၀၀၀ × ၀၀၀)	ရွှေပုံအင်ချက်(ဝိသာ)	ကြေးပုံအင်ချက်(တန်)
ဂုက်ပျောဒူးတော်	၂၉၆၄ ၀၀၀	၂၉၆၄ ချင်	၀၀.၉၄	၄.၀၆
ကြားအန်း ကြားမှောက်း ဦး	၃၉၀၀ ၀၀၀	၃၉၀၀ ချင်	၀.၀၄	၅.၄၀
ခုနှစ်ပါစီး	၆၀၆၄ ၀၀၀	၆၀၆၄ ချင်	၉၀.၀၀	၉.၆၄

ရွှေပြားကပ်လှူမည့် ဧရိယာပြုပုံ (အဆိုပြု)

ရွှေရောင်စတီးပြားကနတ်ဖောက်ပန်း

[redacted]

အသုံးပြုမည့်ပစ္စည်း -
ရွှေရောင်စတီးပြား ပြုလုပ်မည့်နေရာ -
မျက်နှာကြက်နှင့်နံရံ(Shell)

[redacted]

အတွင်းမျက်နှာကြက်တော်တွင် တပ်ဆင်မည့် သစ္စာလေးပါးသရုပ်ဖော် အဆိုပြုပုံစံ

www.dhammaransi.com

ဥယျာဉ်သန့်စင်စေတီတော်ပရိဝုဏ်ပြည်းရိုးအကွက်ချပုံစံ



စေတီပဂိုဝုဏ်ခြံစည်းရိုးတည်နေရာပြပုံ



ဓောင်းတန်းများနေရာပြပုံ

www.dhammaransi.com



မဟာရံတံတိုင်း

တံတိုင်းခြံစည်းရိုးနေရာပြမှုံ

www.dhammaransi.com

မာလိနီမဂ်လာကန်တော်



မဂ်လာကန်တော်တည်နေရာပြပုံ

www.dhammaransi.com



သာသနိကခြံစည်းရိုးများနေရာပြပုံ





သာသနိကခြံစည်းရိုးများနေရာပြပုံ

www.dhammaransi.com





24 July 2009

www.dhammaransi.com

(၁)

(၂)

(၃)

(၄)

(၅)

(၆)

အရှေ့မြောက်ထောင့်တွင် ထုလုပ်မည့် နိပါတ်တော်စဉ်များ (ဖွား)

(၇)

(၈)

(၉)

(၁၀)

(၁၁)

(၁၂)

အရှေ့တောင်ထောင့်တွင် ထုလုပ်မည့် နိပါတ်တော်စဉ်များ (ပွင့်)

www.dhammaransi.com

(၁၃)

မြတ်စွာဘုရားသည် ရဟန်းတော်များကို တရားဟော ဆဲဆိုခြင်းငှာ

(၁၄)

မြတ်စွာဘုရားသည် ရဟန်းတော်များကို တရားဟော ဆုံးမခြင်းငှာ

(၁၅)

ဘုရားရှင်သည် ဗိမ္ဗိသာရမင်းကြီးအား ပုဏ္ဏားတို့၏ ဝါဒကို ပယ်ရှားခြင်းငှာ

(၁၆)

ဘုရားရှင်သည် ဗာဟိယအား တရားဟော ဆုံးမခြင်းငှာ

(၁၇)

ဘုရားရှင်သည် ဗြဟ္မာကြီးတို့၏ အကျင့်မှား ဖြစ်ကြောင်း

(၁၈)

ဗိမ္ဗိသာရမင်းကြီးအား ဘုရားရှင် တရားဟောခြင်းငှာ ကြွတော်မူခြင်း

အနောက်တောင်ထောင့်တွင် ထုလုပ်မည့် နိပါတ်တော်စဉ်များ (ဟော)

(၁၉)

အရှာပါပြုသူ ဂွမ်းတိုက်ဆရာ ဘဂဝါဆီသို့ ဘုရားရှင် ကျောင်းတော်သို့

(၂၀)

ဘုရားရှင်သည် ဗြဟ္မာကြီးတို့၏ ဝါဒကို ပယ်ရှားခြင်းငှာ

(၂၁)

ဘုရားရှင်သည် ဗာဟိယအား တရားဟော ဆုံးမခြင်းငှာ

(၂၂)

ဘုရားရှင်သည် ဗာဟိယအား တရားဟော ဆုံးမခြင်းငှာ

(၂၃)

ဘုရားရှင်သည် ဗာဟိယအား တရားဟော ဆုံးမခြင်းငှာ

(၂၄)

ဘုရားရှင်သည် ဗာဟိယအား တရားဟော ဆုံးမခြင်းငှာ

အနောက်မြောက်ထောင့်တွင် ထုလုပ်မည့် နိပါတ်တော်စဉ်များ (စံ)

www.dhammaransi.com

ဧစတီတော်တွင် ကျင်းပပြုလုပ်ခဲ့သော သာသနာတော်ဆိုင်ရာ အခမ်းအနားများ

www.dhammaransi.com

သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ကပ်လှူပွဲ

မြန်မာနိုင်ငံ သာသနာ့သမိုင်းတွင် ပုဂံခေတ်မှသည် စစ်ကိုင်း၊ ပင်းယ၊ အင်းဝ၊ ကုန်းဘောင်ခေတ် သို့တိုင် ခေတ်အဆက်ဆက်၌ သာသနာတော်ကို ကြည်ညိုကြသော မင်းအစိုးရအဆက်ဆက်တို့သည် 'အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂပဏ္ဍိတ၊ ဒိသာပါမောက္ခ၊ သီရိမဟာစတုရင်္ဂဗလ၊ သုဓမ္မမဟာသာမိ၊ ရာဇဂုရု၊ မဟာဓမ္မရာဇဂုရု၊ မဟာဓမ္မ ရာဇာမိရာဇဂုရု၊ ဓမ္မသေနာပတိ' အစရှိသော ဘွဲ့တံဆိပ်တော်များနှင့် ပထမစာတော်ချ၊ ဒုတိယစာတော်ချ၊ တတိယစာတော်ချ အစရှိသည့် ဘွဲ့တံဆိပ်တော်များကို သာသနာတွင် ထင်ရှားထူးခြားသော ဆရာတော်ကြီးများအား ဆက်ကပ်လှူဒါန်းခဲ့ကြပေသည်။

ဘွဲ့တံဆိပ်တော်များ နှစ်စဉ်ဆက်ကပ်

'သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်စသော ဂုဏ်ပြု ပူဇော်ထိုက်သည့် ဂုဏ်အင်္ဂါအထူးတို့ဖြင့် ပြည့်စုံသော လူပုဂ္ဂိုလ်ထူး၊ လူပုဂ္ဂိုလ်မြတ်တို့အား ချီးမြှောက်ကော်ရော် ပူဇော်သိမ့်တတ် ဂုဏ်ပြုအပ်၏' ဟူသော ဒေသနာတော်အရ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် ဗုဒ္ဓမြတ်စွာနှင့် ရှေးသာသနာပြုမင်းတို့၏ ထုံးနည်းစနစ်ကို လိုက်နာကျင့်သုံးလျက် ဗုဒ္ဓမြတ်စွာသာသနာတော်၌ ပရိယတ္တိတာဝန်၊ ပဋိပတ္တိတာဝန်များကို ထူးချွန်ပြောင်မြောက်စွာ ဆောင်ရွက်တော်မူကြသည့် ပြည်တွင်းပြည်ပမှ ဆရာတော်သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်ဆရာကြီးများနှင့် ဗုဒ္ဓသာသနာတော်အား ထူးကဲစွာ လှူဒါန်းထောက်ပံ့ပူဇော်ကြသည့် ဥပါသကာ၊ ဥပါသိကာတို့အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို နှစ်စဉ်ဆက်ကပ်လျက်ရှိသည်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ လက်ထက် ၁၉၉၁ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်တွင် အမိန့်ကြော်ငြာစာအမှတ် ၄၂/၉၁ ဖြင့် ဘွဲ့တံဆိပ်တော်အမျိုးအစား ၂၀ တို့ကို အသစ်တိထွင် ပြဋ္ဌာန်းခဲ့ပြီးနောက် စဉ်ဆက်မပြတ် ယခင်ဆက်ကပ်လှူဒါန်းမြဲ ဘွဲ့တံဆိပ်တော်များနှင့် အသစ်တိထွင် ပြဋ္ဌာန်းသော ဘွဲ့တံဆိပ်တော်များကို ပြည်တွင်းနှင့် ပြည်ပမှ သာသနာတော်ဆိုင်ရာ ထူးခြားသောဂုဏ်အင်္ဂါ အရည်အချင်းနှင့် ပြည့်စုံသည့် ရဟန်းတော်များ၊ သီလရှင်ဆရာကြီးများနှင့် လူပုဂ္ဂိုလ်များအား နှစ်စဉ် ဆက်ကပ်လှူဒါန်းချီးမြှင့်ခဲ့ရာ ယခုနှစ် ၁၃၇၀ ပြည့်နှစ်၊ ပြာသိုလဆန်း ၉ ရက်၊ ၂၀၀၉ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက် (လွတ်လပ်ရေးနေ့) အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၀၉) ဖြင့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်း ချီးမြှင့်ခြင်းခံရသူများ၏ ဘွဲ့တံဆိပ်အမည်စာရင်းကို ထုတ်ပြန်ကြေညာခဲ့သည်။

ထိုသို့ ဆက်ကပ်လှူဒါန်း ပူဇော်ချီးမြှင့်ခြင်းခံရသည့် ဆရာတော်ကြီးများ၊ ဆရာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်ဆရာကြီးများနှင့် လူပုဂ္ဂိုလ်များအား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်း ပူဇော်ပွဲ မဟာမင်္ဂလာအခမ်းအနားနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ မင်္ဂလာအခမ်းအနားကို ၁၀-၃-၂၀၀၉ ရက်နေ့ မွန်းလွဲပိုင်းတွင် နေပြည်တော် ဥပ္ပါတသန္ဓိစေတီတော် ပရိဝုဏ်ရှိ သာသနာ့မဟာ ဗိမာန်တော်ကြီး၌ စည်ကားသိုက်မြိုက်စွာ ဆင်ယင်ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့ တက်ရောက်ကြည်ညိုကြပြီး သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များနှင့် သာသနာနုဂ္ဂဟ သာသနာပြုဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်း အပ်နှင်း၍ ဆွမ်းဆန်စိမ်းလောင်းလှူ ပူဇော်ကြသည်။

www.dhammaransi.com

ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပူဇော်ပွဲအခမ်းအနား

သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပူဇော်ပွဲ မဟာမင်္ဂလာအခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒ ဆရာတော်ကြီးများနှင့် ဘွဲ့တံဆိပ်တော် အလှူခံယူတော်မူကြမည့် ဆရာတော်ကြီးများ၊ သာသနာ့နွယ်ဝင် သီလရှင်ဆရာကြီးများ ကြွရောက်တော်မူကြပြီး နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့်ဇနီး ဒေါ်မြမြစန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီး သူရရွှေမန်းနှင့်ဇနီး ဒေါ်ခင်လေးသက်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် နှင့်ဇနီး ဒေါ်ခင်ခင်ဝင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦးနှင့်ဇနီး ဒေါ်ခင်စောနှင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေး ဦးစီးချုပ်(ရေ) ဗိုလ်ချုပ် ဉာဏ်ထွန်း၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဒုတိယဗိုလ်ချုပ်ကြီး မြတ်ဟိန်း၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် ဇနီး၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်၊ ဝန်ထမ်းရွေးချယ်လှော့ချင့်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မြို့တော်ဝန်များ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် အစိုးရအဖွဲ့ရုံးတို့မှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ အထူးဖိတ်ကြားထားသော ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် သံရုံးအကြီးအကဲများ၊ ဘာသာရေးအသင်းအဖွဲ့များနှင့် လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ သာသနာရေးဝန်ကြီးဌာနမှ ဝန်ထမ်းများ၊ သာသနာပြုဘွဲ့နှင့် သာသနာနှုတ်ဘွဲ့ရရှိကြသည့် ပြည်တွင်း ပြည်ပမှ လူပုဂ္ဂိုလ်များ၊ တပည့်ဒါယကာ ဒါယိကာမများ၊ အလှူရှင်များနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပူဇော်ပွဲ မဟာမင်္ဂလာအခမ်းအနား မစတင်မီ နံနက် ၁၁ နာရီမှစတင်၍ ယဉ်ကျေးမှုဝန်ကြီးဌာန နိုင်ငံတော်ဆိုင်းအဖွဲ့က ဓမ္မပူဇာသီချင်းများဖြင့် သီကျူးတီးခတ် ဖျော်ဖြေကြသည်။ ထို့နောက် နံနက် ၁၁ နာရီခွဲတွင် နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒ ဆရာတော်ကြီးများ၊ အဘိဓဇ မဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများ၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများ၊ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်များနှင့် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဆရာတော်များအား တာဝန်ရှိသူများက သာသနာ့ မဟာဗိမာန်တော်ကြီး၏ သတ်မှတ်ထားသည့်နေရာတွင် ကြိုတင်ပင့်ဆောင်ထားကြပြီး ကျန်ဘွဲ့ခံ ဆရာတော်များ၊ သီလရှင် ဆရာကြီးများနှင့် သာသနာနှုတ်ဘွဲ့ရ လူပုဂ္ဂိုလ်များအား သာသနာ့မဟာဗိမာန်တော်ကြီး အတွင်းရှိ သတ်မှတ်နေရာအသီးသီးတို့၌ နေရာချထားပေးကြသည်။

ဆရာတော်ကြီးများအား ပင့်ဆောင်

နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ ဦးဆောင်သော တိပိဋကဓရ တိပိဋကကောဝိဒ ဆရာတော်ကြီးများ၊ အဘိဓဇ မဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများ၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ အဂ္ဂမဟာပဏ္ဍိတနှင့် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဆရာတော်များအား သာသနာ့မဟာဗိမာန်တော်ကြီး မင်္ဂလာ နတ်လမ်းအတိုင်း သာသနာ့ မဟာဗိမာန်တော်ကြီးအတွင်းသို့ ခမ်းနားထည်ဝါစွာ ပင့်ဆောင်လာကြရာ သာသနာရေးဝန်ကြီးဌာနမှ အရာထမ်းများဖြစ်ကြသော ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြတ်သူက သာသနာ့အလံကို ကိုင်ဆောင်လျက် လည်းကောင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးခိုင်အောင်က ပန်းစိုက်ငွေဖလားကိုပိုက်လျက် လည်းကောင်း၊ ညွှန်ကြားရေးမှူး ဦးခင်မောင်ဝင်းက 'နိုင်ငံတော် သံဃမဟာနာယက' ဆိုင်းဘုတ်ကို ကိုင်ဆောင်လျက် လည်းကောင်း နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများအား ပင့်ဆောင်လာကြသည်။

www.dhammaransi.com

ထို့နောက် ညွှန်ကြားရေးမှူး ဦးအောင်သိန်းညွှန့်က 'တိပိဋကဓရ တိပိဋက ကောဝိဒ' ဆိုင်းဘုတ်ကို ကိုင်ဆောင်လျက် တိပိဋကဓရ တိပိဋကကောဝိဒ ဆရာတော်ကြီးများအား ပင့်ဆောင်လာသည်။ ဒုတိယ ညွှန်ကြားရေးမှူး ဦးစိုးနိုင်က 'အဘိဓဇ မဟာရဋ္ဌဂုရု'ဆိုင်းဘုတ်ကို ကိုင်ဆောင်လျက် အဘိဓဇ မဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်အလှူခံယူမည့် ဆရာတော်ကြီး သုံးပါးတို့အား ပင့်ဆောင်လာသည်။ ညွှန်ကြားရေးမှူး ဦးကြည်ဝင်းက 'အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက' ဆိုင်းဘုတ်ကို ကိုင်ဆောင်လျက် အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော် အလှူခံယူမည့် ဆရာတော်ကြီး နှစ်ပါးတို့အား ပင့်ဆောင်လာသည်။ ယင်းနောက် လက်ထောက် ညွှန်ကြားရေးမှူး ဦးသန်းစိုးက 'အဂ္ဂမဟာ ပဏ္ဍိတ' ဆိုင်းဘုတ်ကို ကိုင်ဆောင်လျက် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော် အလှူခံယူမည့် ဆရာတော် ၂၃ ပါးတို့အား ပင့်ဆောင်လာသည်။

ဒုတိယညွှန်ကြားရေးမှူး ဦးထိန်လင်းက 'အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ' ဆိုင်းဘုတ်ကို ကိုင်ဆောင်လျက် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော် အလှူခံယူမည့် ဆရာတော်ကြီး ၂၃ ပါး တို့အား ပင့်ဆောင်လာပြီး လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ကြည်က ပန်းမိုးရွာလျက် နောက်ဆုံးမှ လိုက်ပါလာသည်။ ယင်းကဲ့သို့ ဆရာတော်ကြီးများအား မင်္ဂလာနတ်လမ်းအတိုင်း ပင့်ဆောင်လာကြရာတွင် နိုင်ငံတော်ဆိုင်းအဖွဲ့က 'ရောင်ခြည်တော်ဘွဲ့' သီချင်းကြိုးဖြင့် ငြိမ့်ညောင်း သာယာစွာ တီးမှုတ်ပူဇော်ကြသည့်အပြင် သာသနာ့မဟာ ဗိမာန်တော်ကြီးအတွင်း သတ်မှတ်နေရာ အသီးသီးတို့၌ နေရာယူထားကြသော ပရိသတ်များကလည်း လက်အုပ်ချီမိုးလျက် ရိုခိုးဂါရဝပြု ကြည်ညိုကြသည်။

မဟာမင်္ဂလာအခမ်းအနားစတင်

မဟာမင်္ဂလာအခမ်းအနားကို မွန်းတည့် ၁၂ နာရီတွင် စတင်ကျင်းပရာ ရှေးဦးစွာ အခမ်းအနားမှူး သာသနာရေးဝန်ကြီးဌာန သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာနမှ ဒုတိယ ညွှန်ကြားရေးမှူး ဦးစံသင်းလှိုင်က အခမ်းအနားအစီအစဉ်များကို ဖတ်ကြားလျှောက်ထားသည်။ ထို့နောက် မဟာမင်္ဂလာ အခမ်းအနားသို့ ကြွရောက်တော်မူလာကြသည့် ဆရာတော်ကြီးများ၊ သာသနာ့နွယ်ဝင် သီလရှင်ဆရာကြီးများနှင့် ဧည့်ပရိသတ်တို့က နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ မဟာမင်္ဂလာအခမ်းအနားကို ဖွင့်လှစ်သည်။ ထို့နောက် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ ဒေါ်မြင့်မြင့်ကြည်က ထူးမခြားနား သီချင်းခံကို မြန်မာ့ရိုးရာစောင်းနှင့် တွဲဖက်၍ သီဆိုပူဇော်သည်။ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သူရအောင်ကိုက အခမ်းအနားဖွင့်စာတမ်းကို ဖတ်ကြားလျှောက်ထားသည်။

ဩဝါဒကထာ ချီးမြှင့်ဖတ်ကြား

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မကွေးဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရထံမှ ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။ ယင်းနောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ပဲခူးတိုင်း (အနောက်ပိုင်း) ပြည်မြို့ ဖောတိကာရုံ ပါဠိတက္ကသိုလ် ကျောင်းတိုက် ဦးစီးပဓာန နာယက ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တ ကုဏ္ဍလဖောတိက သမ္မောဒနီယ ဩဝါဒကထာ ချီးမြှင့်ဖတ်ကြားတော်မူသည်။

ဆက်ကပ်လှူဒါန်း

သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်လှူဒါန်းကြရာ နိုင်ငံတော် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးက အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော် ရရှိတော်မူကြသည့် ရန်ကုန်တိုင်း ရန်ကင်းမြို့နယ် အမှတ် (၁၃) ရပ်ကွက် ရွှေဟင်္သာတိုက်သစ်ကျောင်း ဆရာတော် ဘဒ္ဒန္တသုစိတ္တာဘိဝံသ၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့၊ နန္ဒဝန်ရပ် သာသနဝိပုလရွှေဂူစာသင်တိုက်ဆရာတော် ဘဒ္ဒန္တဝိလာသာဘိဝံသနှင့် ပဲခူးတိုင်း (အနောက်ပိုင်း) ပြည်မြို့ ဆံတော်ရပ်ကွက် ဖောတိကာရုံ ပါဠိတက္ကသိုလ် ကျောင်းတိုက်

www.dhammaransi.com

ပဓာန နာယကဆရာတော် ဘဒ္ဒန္တကုလ္လာလဓောတိ တို့အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီး သူရရွှေမန်းက အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရရှိတော်မူကြသည့် ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် အမှတ်(၁၀)ရပ်ကွက် ချမ်းမြေ့ရိပ်သာကျောင်းဆရာတော် ဘဒ္ဒန္တ ဇနကာဘိဝံသနှင့် ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် အမှတ် (၅) ရပ်ကွက် အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယ ပါမောက္ခချုပ် ဗန်းမော်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသတို့အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းသည်။

အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်က အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော် ရရှိတော်မူကြသည့် မန္တလေးတိုင်း မဟာအောင်မြေမြို့နယ် ဒေးဝန်းအရှေ့ရပ်ကွက် မဟာဝိသုဒ္ဓါရုံတိုက်သစ် နန္ဒာအေးကျောင်းဆရာတော် ဘဒ္ဒန္တနန္ဒသိရိ၊ သီရိလင်္ကာနိုင်ငံ Thalawathugada မြို့ သုမင်္ဂလာရာမ ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တသောမာနန္ဒထေရ် (Ven. Theripehe Somananda Thero) နှင့် သီရိလင်္ကာ နိုင်ငံ Thelanbugala, Gelioya မြို့ Nigrodhakettha Maha ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဃနဝံသထေရ် (Ven. Wilapitiye Ghanawansa Thero) တို့အား သာသနာ တော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းသည်။ နိုင်ငံတော်အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးက အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဓဇ ဘွဲ့တံဆိပ်တော် ရရှိတော်မူကြသည့် မန္တလေးတိုင်း ညောင်ဦးမြို့ အမှတ်(၄)ရပ်ကွက် မဟာဝိသုတာရာမ ပရိယတ္တိ စာသင်တိုက်ဆရာတော် ဘဒ္ဒန္တဉာဏ်သ၊ တနင်္သာရီတိုင်း ထားဝယ်မြို့ ကညုံရပ်ကွက် ယောသိတာရာမ (ပါဠိတက္ကသိုလ်)ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တမာလာဘိဝံသနှင့် ပဲခူးတိုင်း(အရှေ့ပိုင်း) တောင်ငူမြို့ မြစည်းခုံ စာသင်တိုက် ဆရာတော် ဘဒ္ဒန္တပဏ္ဍာဝံသတို့အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင် တို့ကို ဆက်ကပ်လှူဒါန်းသည်။ ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး တင်အေးက အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရရှိတော်မူကြသည့် အမေရိကန်နိုင်ငံ ဝါရှင်တန် D.C.Shenandah တောင်ကြားအနောက် ဗာဂျီးနီးယားကျောင်းဆရာတော် ဒေါက်တာ ဘဒ္ဒန္တ ဟနီပိုလဂုဏရတနထေရ် (Dr. Ven. Henepola Gunaratana Thero)၊ မန္တလေးတိုင်း ချမ်းမြသာစည်မြို့နယ် ညောင်ကန်တိုက် ဓမ္မာစရိယအေးကျောင်း ဆရာတော် ဘဒ္ဒန္တဉာန္ဒကနှင့် မန္တလေးတိုင်း ချမ်းမြသာစည်မြို့နယ် တောင်ပြင် ထီးလင်းတိုက် ကျားပျံ ပိဋကတိုက်ကျောင်း ဆရာတော် ဘဒ္ဒန္တပညာဝံသတို့အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ဉာဏ်ထွန်းက အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဆရာတော် သုံးပါး၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဒုတိယဗိုလ်ချုပ်ကြီး မြတ်ဟိန်းက အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရ ဆရာတော် သုံးပါးတို့အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းသည်။ ယင်းနောက် ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော် အရာရှိကြီးများ၊ တိုင်းမှူးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ ဝန်ကြီးများ၊ စာရင်းစစ်ချုပ်၊ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေး အဖွဲ့ဥက္ကဋ္ဌ၊ မြို့တော်ဝန်များနှင့် တပ်မတော်အရာရှိကြီးများက အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ၊ မဟာသဒ္ဓမ္မ ဇောတိကဓဇ၊ သဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ၊ မဟာကမ္မဋ္ဌာနာစရိယနှင့် ကမ္မဋ္ဌာနာစရိယဘွဲ့တံဆိပ်တော်ရ ဆရာတော်များအား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ဉာဏ်ထွန်းက အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဆရာတော် သုံးပါး၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဒုတိယဗိုလ်ချုပ်ကြီး မြတ်ဟိန်းက အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရ ဆရာတော် သုံးပါးတို့အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းသည်။ ယင်းနောက် ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော် အရာရှိကြီးများ၊ တိုင်းမှူးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ ဝန်ကြီးများ၊ စာရင်းစစ်ချုပ်၊ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေး အဖွဲ့ဥက္ကဋ္ဌ၊ မြို့တော်ဝန်များနှင့် တပ်မတော်အရာရှိကြီးများက အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ၊ မဟာသဒ္ဓမ္မ ဇောတိကဓဇ၊ သဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ၊ မဟာကမ္မဋ္ဌာနာစရိယနှင့် ကမ္မဋ္ဌာနာစရိယဘွဲ့တံဆိပ်တော်ရ ဆရာတော်များအား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းကြသည်။

www.dhammaransi.com

သီလရှင်ဆရာကြီးများအား ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်း

သာသနာ့ခွန်ယမင် သီလရှင်ဆရာကြီးများအား ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ဆက်ကပ်လှူဒါန်းကြရာ ရှေးဦးစွာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ဇနီး ဒေါ်ကြိုင်ကြိုင်က အဂ္ဂမဟာဂန္ဓဝါစက ပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရရှိကြသည့် စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့ သောတာပန်ရပ် ဓေယျသီဂီချောင်မှ သီလရှင်ဆရာကြီး ဒေါ်နီမလ၊ မန္တလေးတိုင်း တောင်သာမြို့နယ် ကျောက္ကာကျေးရွာ မဟာဗောဓိဘုရားကြီး ကျောင်းတိုက်မှ သီလရှင်ဆရာကြီး ဒေါ်ဆေမာစာရိနှင့် စစ်ကိုင်းတိုင်း မုံရွာမြို့ လယ်တီရပ်ကွက် သေဝတီ သီလရှင်စာသင်တိုက်မှ သီလရှင်ဆရာကြီး ဒေါ်ထေရိတို့အား ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး၏ဇနီး ဒေါ်မြမြစန်းက အဂ္ဂမဟာဂန္ဓဝါစက ပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရရှိကြသည့် မန္တလေးတိုင်း ပြည်ကြီးတံခွန်မြို့နယ် ချမ်းမြသာယာရပ်ကွက် မြဝတီသီလရှင်စာသင်တိုက်မှ သီလရှင်ဆရာကြီး ဒေါ်ရှပသိဂီ၊ ပဲခူးတိုင်း (အရှေ့ပိုင်း) ပဲခူးမြို့ မြို့တွင်းကြီးရပ်ကွက် ကျုံးထောင့်ဝိပဿနာသီလရှင်စာသင်တိုက်မှ သီလရှင်ဆရာကြီး ဒေါ်သုဇနမာနီနှင့် မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ရန်ကုန်တိုင်း ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် မဂ်လာသိဒ္ဓိ စာသင်တိုက် နှင့် သီလရှင်ပညာရေးကျောင်းမှ သီလရှင်ဆရာကြီး ဒေါ်ဝရဉာဏီတို့အား ဘွဲ့တံဆိပ်တော်များကို ဆက်ကပ် လှူဒါန်းသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီး သူရရွှေမန်း၏ဇနီး ဒေါ်ခင်လေးသက်က မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ် အမှတ်(၃) အောင်ချမ်းသာရပ်ကွက် ထေရဝါဒ ဗုဒ္ဓသာသနာပြု ပါရမီသီလရှင်စာသင်တိုက်မှ သီလရှင်ဆရာကြီး ဒေါ်ပဏ္ဍိတမဉ္ဇရီ၊ မဟာဂန္ဓဝါစက ပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ရောဝတီတိုင်း ပုသိမ်မြို့ အမှတ်(၃)ရပ်ကွက် ကုလဝိသေသီပရိယတ္တိစာသင်တိုက်မှ သီလရှင်ဆရာကြီး ဒေါ်ကုမာရီနှင့် သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ စစ်ကိုင်းတိုင်း ချောင်းဦးမြို့ ရေပ်မွန် ၂ ပရဟိတမိန်းကလေးကျောင်းမှ သီလရှင်ဆရာကြီး ဒေါ်ဩဘာသီတို့အား ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်၏ဇနီး ဒေါ်ခင်ခင်ဝင်းက သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရရှိကြသည့် ကယားပြည်နယ် လွိုင်ကော်မြို့ မဂ်လာရပ်ကွက် မဟာပုညကာရီ စာသင်တိုက်မှ သီလရှင်ဆရာကြီး ဒေါ်မာလာရီနှင့် ရန်ကုန်တိုင်း သန်လျင်မြို့ အောင်ချမ်းသာရပ်ကွက် ခေမာရာမ သီလရှင် စာသင်တိုက် သီလရှင်အမျိုးသမီးပညာရေးကျောင်းမှ သီလရှင်ဆရာကြီး ဒေါ်စန္ဒမာလာ၊ ဂန္ဓဝါစက ပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ မွန်ပြည်နယ် မော်လမြိုင်မြို့ အောင်သုခရပ် ခေမာရာမ သီလရှင် စာသင်တိုက်မှ သီလရှင် ဆရာကြီး ဒေါ်ဓမ္မဝတီတို့အား ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်လှူဒါန်းသည်။ ယင်းနောက် နိုင်ငံတော်အေးချမ်း သာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦး၏ဇနီး ဒေါ်ခင်စောနှင်းက ဂန္ဓဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော် ရရှိကြသည့် မန္တလေးတိုင်း ပြည်ကြီးတံခွန်မြို့နယ် (စ) ရပ်ကွက် မြဝတီသီလရှင်စာသင်တိုက်၂မှ သီလရှင်ဆရာကြီး ဒေါ်ဝိလာသီနှင့် စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့ သောတာပန်ရပ်ကွက် မဂ္ဂင်ချောင်ကျောင်းမှ သီလရှင်ဆရာကြီး ဒေါ်ကိတ္တိမာလာတို့အား ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်လှူဒါန်းသည်။ တို့နောက် ကာကွယ်ရေး ဦးစီးချုပ်(ရေ) ဗိုလ်ချုပ် ဉာဏ်ထွန်း၏ဇနီး ဒေါ်ခင်အေးမြင့်က ဂန္ဓဝါစက ပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရရှိကြသည့် စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့ ချမ်းမြသာစည်ရပ်ကွက် သာသနမဏ္ဍူ ယင်းမာမြို့ သီလရှင် စာသင်တိုက်မှ ဒေါ်နန္ဒထေရီနှင့် ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓ သာသနာပြု တက္ကသိုလ်မှ ဒေါ်နီမလတို့အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ် လှူဒါန်းသည်။

www.dhammaransi.com

အဆောင်အယောင် ဆက်ကပ်

ကာကွယ်ရေးဦးစီးချုပ် (လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၏ဇနီး ဒေါ်ထွေးထွေးညွှန့်က ဂန္ဓဝါစက ပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ပဲခူးတိုင်း (အနောက်ပိုင်း) နတ်တလင်းမြို့ ရွာမရပ် မဟာစည်သာသနာ့ရိပ်သာ သီလရှင်စာသင်တိုက်မှ ဒေါ်စန္ဒာသီရိနှင့် ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓ သာသနာပြု တက္ကသိုလ်မှ ဒေါ်ရူပသန္တာတို့အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ် လှူဒါန်းသည်။

သာသနာနုဂ္ဂဟဘွဲ့တံဆိပ် အပ်နှင်း

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးက သုဓမ္မမဏ္ဍိဇောတဓရဘွဲ့ရရှိကြသည့် စစ်ကိုင်းတိုင်း မုံရွာမြို့မှ ဦးလှဟန်၊ စစ်ကိုင်းတိုင်း မုံရွာမြို့မှ ဦးသန်းထွန်းနှင့် စစ်ကိုင်းတိုင်း၊ စစ်ကိုင်းမြို့နယ်မှ ဦးစိုးနိုင်တို့အား သာသနာနုဂ္ဂဟဘွဲ့တံဆိပ်နှင့် အဆောင်အယောင်တို့ကို အပ်နှင်းသည်။ ယင်းနောက် ဗိုလ်ချုပ်ကြီး သူရဇ္ဈေမန်းက သုဓမ္မမဏ္ဍိဇောတဓရ ဘွဲ့ရရှိကြသည့် မကွေးတိုင်း စလင်းမြို့မှ ဦးဖိုးသာနှင့် မန္တလေးတိုင်း ပြင်ဦးလွင်ခရိုင် မိုးကုတ်မြို့မှ ဦးနန္ဒတို့အား သာသနာနုဂ္ဂဟ ဘွဲ့တံဆိပ်နှင့် အဆောင်အယောင်တို့ကို အပ်နှင်းသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်က သုဓမ္မမဏ္ဍိဇောတဓရ ဘွဲ့ရရှိကြသည့် မန္တလေးတိုင်း မဟာအောင်မြေမြို့နယ်မှ ဦးအောင်နိုင်ဆွေနှင့် မန္တလေးတိုင်း စဉ့်ကူးမြို့နယ်မှ ဦးဗိုလ်ချုပ်တို့အား သာသနာနုဂ္ဂဟ ဘွဲ့တံဆိပ်နှင့် အဆောင်အယောင်တို့ကို အပ်နှင်းသည်။ ထို့နောက် အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦးက သုဓမ္မမဏ္ဍိဇောတဓရ ဘွဲ့ရရှိကြသည့် ရန်ကုန်တိုင်း သန်လျင်မြို့နယ်မှ ဦးတင်အောင်ဝင်းနှင့် ရန်ကုန်တိုင်း ဗဟန်းမြို့နယ်မှ ဦးလှဝင်းအောင်တို့အား သာသနာနုဂ္ဂဟဘွဲ့တံဆိပ်နှင့် အဆောင်အယောင်တို့ကို အပ်နှင်းသည်။ ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး တင်အေးက မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်ရ အင်ဒိုနီးရှားသမ္မတနိုင်ငံမှ Tongariodjo, JL. Kapten Pattimura နှင့် သဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်ရ ရှမ်းပြည်နယ် (အရှေ့ပိုင်း)ကျိုင်းတုံမြို့မှ ဦးအားဆို့တို့အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်နှင့် အဆောင်အယောင်တို့ကို အပ်နှင်းသည်။ ထို့နောက် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ဇနီး ဒေါ်ကြိုင်ကြိုင်က သုဓမ္မသီဂီဘွဲ့တံဆိပ်ရရှိကြသည့် ကယားပြည်နယ် လွိုင်ကော်မြို့မှ ဒေါ်နန်းငွေရီ၊ စစ်ကိုင်းတိုင်း ရွှေဘိုမြို့မှ ဒေါ်တင်နုနှင့် မန္တလေးတိုင်း မဟာအောင်မြေမြို့နယ်မှ ဒေါ်လှခင်တို့အား သာသနာနုဂ္ဂဟ ဘွဲ့တံဆိပ်နှင့် အဆောင်အယောင်တို့ကို အပ်နှင်းသည်။ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး၏ ဇနီး ဒေါ်မြမြစန်းက သုဓမ္မသီဂီဘွဲ့တံဆိပ် ရရှိကြသည့် မန္တလေးတိုင်း၊ မိတ္ထီလာမြို့မှ ဒေါ်ခင်ရိန်၊ မန္တလေးတိုင်း၊ အောင်မြေသာစံမြို့နယ်မှ ဒေါ်ခင်လှသင်းနှင့် ချမ်းအေးသာစံမြို့နယ်မှ ဒေါ်ဌေးဌေးခိုင်တို့အား သာသနာ နုဂ္ဂဟဘွဲ့တံဆိပ်နှင့် အဆောင်အယောင်တို့ကို အပ်နှင်းသည်။

သုဓမ္မသီဂီဘွဲ့တံဆိပ်တော် အပ်နှင်း

ဗိုလ်ချုပ်ကြီး သူရဇ္ဈေမန်း၏ဇနီး ဒေါ်ခင်လေးသက်က သုဓမ္မသီဂီဘွဲ့တံဆိပ်ရရှိကြသည့် မန္တလေးတိုင်း ချမ်းမြသာစည်မြို့နယ်မှ ဒေါ်ငြိမ်းငြိမ်း (ခ) ဒေါ်ငြိမ်းငြိမ်းနိုင်နှင့် မန္တလေးတိုင်း၊ ချမ်းအေးသာစံ မြို့နယ်မှ ဒေါ်သန်းသန်းတို့အားလည်းကောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး ဒေါ်ခင်ခင်ဝင်းက သုဓမ္မသီဂီဘွဲ့တံဆိပ်ရရှိကြသည့် ရန်ကုန်တိုင်း တာမွေမြို့နယ်မှ ဒေါ်တင်မြနှင့် ရန်ကုန်တိုင်း ကြည့်မြင်တိုင် မြို့နယ်မှ ဒေါ်စန်းစန်းမော်တို့အား လည်းကောင်း၊ အတွင်းရေးမှူး (၁) ၏ဇနီး ဒေါ်ခင်စောနှင်းက သုဓမ္မသီဂီဘွဲ့တံဆိပ်ရရှိကြသည့် ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်မှ ဒေါ်ချောစုမြတ်နှင့် ရန်ကုန်တိုင်း ကျောက်တံတားမြို့နယ်မှ ဒေါ်ဥမ္မာမြင့်တို့အားလည်းကောင်း သာသနာနုဂ္ဂဟ ဘွဲ့တံဆိပ်နှင့် အဆောင်အယောင်တို့ကို အပ်နှင်းကြသည်။

www.dhammaransi.com

သာသနာရေးဆိုင်ရာများ လျှောက်ထား

သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်က သာသနာရေးဆိုင်ရာများကို လျှောက်ထားရာတွင် ရှိသေလေးမြတ်စွာ လျှောက်ထားအပ်ပါသည့် အနန္တကျေးဇူးတော်ရှင် ဆရာတော် သံဃာတော် အရှင်သူမြတ်တို့ဘုရား-

ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးတည်ရှိရာ သာသနာ့ မဟာဗိမာန်တော်ကြီး၌ ကျင်းပပြုလုပ်သည့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်း ပူဇော်ပွဲအခမ်းအနားကြီးသို့ ဇရာဒုဗ္ဗလဒဏ်ကို ကြံ့ကြံ့ခံရင်ဆိုင်လျက် မူလတာဝန်များဖြစ်သော ဂန္ထဓုရ၊ ဝိပဿနာ ဓုရတို့ကို ခဏတာမျှသည်းခံကာ မြတ်ဗုဒ္ဓသာသနာတော်၏ အနာဂတ်ရေးကို မျှော်တွေး အားပေး ချီးမြှောက်လိုသော သမ္မာဆန္ဒဖြင့် ကြွရောက်ချီးမြှင့်တော်မူကြသည့် နိုင်ငံတော် ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒ ဆရာတော်ကြီးများနှင့်တကွ ယခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ခြင်းခံတော်မူရသော သံဃာတော် အရှင်သူမြတ် အပေါင်းကို ဤနေပြည်တော် အောင်မြေအရပ်၌ ဦးစွာအကြိမ်ကြိမ် ဖူးမြော်ကြည်ညိုခွင့် ရရှိပါသောကြောင့် သာသနာဥပဒ္ဒာက ဦးစီးဦးဆောင်ဒါယကာ ဒါယိကာမများအပါအဝင် ဖူးမြော်ကြည်ညိုခွင့်ရသူအားလုံး ရှင်ပြုကြည့်နူးပိတ်သောမနဿ ကုသိုလ်ထူးများကို ဆွတ်ခူးပိုင်ဆိုင်ခွင့်ရရှိကြပါကြောင်း ဝမ်းမြောက်စွာ လျှောက်ထားပါသည်ဘုရား။

ထေရဝါဒ ဗုဒ္ဓသာသနာတော်မြတ်ကြီးတွင် သဘောတရားကို သိရှိစေရန် လေ့လာသင်ယူကြရသော ပရိယတ္တိသာသနာတော်၊ ကိုယ်တိုင်ကိုယ်ကျ လက်တွေ့ကျင့်သုံးဆောင်ရွက်ကြရသော ပဋိပတ္တိသာသနာတော်၊ မဂ်ဖိုလ်နိဗ္ဗာန်တရားမှန်ကို ဇကန်ထိုးထွင်းသိမြင်ကြရသော ပဋိဝေဓ သာသနာတော်ဟူသော သာသနာ သုံးရပ်သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးတွင် ရောင်ရှိန်ထွန်းလက် တိုးတက်လျက်ရှိပါသည်ဘုရား။ ဂုဏ်းပေါင်းစုံ သံဃာအဖွဲ့အစည်း အဆင့်ဆင့်၏ ဦးဆောင်မှုဖြင့် သာသနာ့ထိပ်တင် မဟာထေရ်ရှင်ကြီးများနှင့် သံဃာတော် မထေရ်မြတ်များ၊ နိုင်ငံတော်အစိုးရအမှုဆောင်များတို့သည် ဆရာဒကာ ညီညွတ်လက်ယှက်လျက် သာသနာတော်မြတ်ကြီး သန့်ရှင်းတည်တံ့ပြန့်ပွားရေးလုပ်ငန်းရပ်များကို ဆောင်ရွက်ကြရာတွင် မဟာကုသိုလ်တော် လုပ်ငန်းတစ်ရပ်သည်ကား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်အပ်နှင်း ပူဇော်ခြင်းပင် ဖြစ်ပါသည်ဘုရား။ မြတ်စွာဘုရားရှင်၏ သာသနာတော်မြတ်ကြီး တိုးတက်ထွန်းကားဆုံး ဦးဆောင်နိုင်ငံတော်အဖြစ် ကမ္ဘာ့ အလယ်တွင် ဝင့်ထည်စွာ ရပ်တည်လျက်ရှိသော မြန်မာနိုင်ငံတော်တွင် သာသနာရေး၊ ဘာသာရေး၊ အခမ်းအနား ပွဲများကို ကာလဒေသနှင့်အညီ ကျင်းပလျက်ရှိပါသည်ဘုရား။

နေ့ထူးနေ့မြတ်အခါတော်

ဆောင်းနွေကူးပြောင်း တပေါင်းသာစွ ခါသမယတွင် သဲပုံစေတီပွဲတော်များ၊ ဗုဒ္ဓပူဇနီယပွဲတော်များ၊ ရတနာသုံးပါးပူဇော်ပွဲများကို အနယ်နယ်အရပ်ရပ်တွင် ကျင်းပလေ့ရှိပါသည်ဘုရား။ နေပြည်တော်တွင် တည်ထားကိုးကွယ်အပ်သော ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ထီးတော်၊ စိန်ဖူးတော်၊ ငှက်မြတ်နားတော် တင်လှူပွဲ၊ ဗုဒ္ဓါဘိသေက အနေကဇာတင် ဗုဒ္ဓပူဇနီယ မဟာမင်္ဂလာအခမ်းအနားများနှင့် တစ်ဆက်တည်း သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ၊ ဆက်ကပ်လှူဒါန်းပူဇော်ပွဲ မဟာကုသိုလ်တော်အခမ်းအနားကြီးကို ကောင်းစုံပြည့်ဝ သာယာ လှပသည့် တပေါင်းလပြည့်နေ့အခါတွင် ခမ်းနားထည်ဝါ စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်ကြပါသဖြင့် ကျက်သရေ မင်္ဂလာအပေါင်းနှင့် ပြည့်စုံသော နေ့ထူးနေ့မြတ် အခါတော်မြတ် ဖြစ်ပါသည်ဘုရား။

ပူဇော်သင့်ပူဇော်ထိုက်သော အရှင်မြတ်များ၊ ဂုဏ်ပြုသင့် ဂုဏ်ပြုထိုက်သော ပုဂ္ဂိုလ်တို့အား ဂုဏ်ပြုပူဇော် ချီးကျူးခြင်းသည် ''ပူဇာစ ပူဇနေယျ''မင်္ဂလာနှင့် ပြည့်စုံသည်ဖြစ်၍ မွန်မြတ်ကောင်းမြင့် အထူးပင် တင့်တယ်လှပါသည်ဘုရား။ မြတ်စွာဘုရားရှင် သက်တော်ထင်ရှားရှိစဉ်အခါက အရှင်ကိမိလမထေရ်က ဘုရားရှင်အား

www.dhammaransi.com

အနာဂတ်သာသနာရေးကို မျှော်တွေးလျက် သာသနာအရှည် မတည်တံ့နိုင်ခြင်း အကြောင်းတရားများကို အဂုံတ္တရနိကာယ်၊ ပဋ္ဌကနိပါတ်၊ ကိမိလသုတ်နှင့် အခြားသုတ်တော်များ၌ မေးလျှောက်သဖြင့် ဘုရားရှင်က အတိအလင်းဟောပြတော်မူကြောင်း ဆရာတော်ဘုရားများ ဟောကြားတော်မူသည့်အတိုင်း နာခံမှတ်သား ဖူးပါသည်ဘုရား။

သာသနာတော် အရှည်မတည်တံ့နိုင်ခြင်း အကြောင်းတရားများမှာ–

– ဘုရား တရား သံဃာ၌ မရိုမသေ မလေးစားခြင်း၊

– တစ်ဦးနှင့်တစ်ဦး အရိုအသေတန်ခြင်း၊

– တရားပစ္စည်းတို့ဖြင့် အစေ့အစပ်လိုက်လျောညီထွေပြုရန် မရိုမသေပြုမူခြင်းဟူ၍ လည်းကောင်း၊ ပဋ္ဌကနိပါတ် သဒ္ဓမ္မသမ္မောသသုတ် သုံးသုတ်တွင်–

– တရားတော်ကို ကျယ်ကျယ်ပြန့်ပြန့် လေးလေးနက်နက် ရိုသေစွာ မသင်ကြားခြင်း၊ မနာယူခြင်း၊ နှုတ်ငုံဆောင်မထားခြင်း၊ မစဉ်းစားမဆင်ခြင်ခြင်း၊ မကျင့်ပွားခြင်း၊ မှားယွင်းစွာသင်ယူပို့ချခြင်း၊

– နှုတ်လှန်ထိုးခြင်း၊ သံဃာကွဲပြားခြင်းဟူ၍ လည်းကောင်း၊ ပဋ္ဌကနိပါတ် အနာဂတဘယသုတ် လေးသုတ်တွင်–

– ခေါင်းပါး၍ အန္တရာယ်များလှသော တောထဲ၌မနေလိုခြင်း၊

– တရားဘာဝနာမရှိသူအဆက်ဆက်က ရဟန်းပြုပေးကြခြင်း၊

– ကိုယ်ကျင့်ခွာ၍ ဘာဝနာနှင့်ဝေးကွာနေထိုင်ခြင်း၊

– ပညာသီလ(ဓမ္မ၊ ဝိနယ) နှင့် စပ်သောစကားကို မသိမမြင် နားမလည်တော့ခြင်း၊

– လက်သစ်ခေတ်ပေါ်တရားဆန်းများကိုသာ နာယူလိုခြင်း၊ ဟောကြားလိုခြင်း၊ ဘုန်းကြီးအောင် ပြုမူခြင်း၊

– သီလသိက္ခာ၌ လျော့နည်းစွာ ကျင့်သုံးခြင်း၊

– ဓုတင်အကျင့်ကိုဖယ်ရှောင်၍ ကာမဘောဂီ လူ့ဘောင်ကဲ့သို့ နေထိုင်ကျင့်သုံးခြင်း၊

– ဝိသဘာဂ (ဆန့်ကျင်ဘက်) အာရုံဝတ္ထုများနှင့် ရောရောနှောနှော နေထိုင်ဆက်ဆံခြင်း

စသည်တို့ဖြစ်ကြောင်း နာကြားမှတ်သားရပါသည်ဘုရား။

နေလို လလို ထွန်းတောက်

မှတ်သားနာကြားရသည့်အလျောက် သာသနာပြုရဟန်းသံဃာတော်များအနေဖြင့် သာမဏ သာရုပ္ပ မဖြစ်သည့် သာသနာတော် အရှည်မတည်တံ့နိုင်ခြင်း အကြောင်းတရားများကို ဖယ်ရှားရှောင်ကြဉ်၍ သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားနိုင်စေမည့် ပရိယတ္တိသာသနာ၊ ပဋိပတ္တိသာသနာ၊ ပဋိဝေဓ သာသနာတော်တည်းဟူသော သာသနာတော် သုံးရပ်ကို ရှေးအစဉ်အဆက်ကာလတိုင်အောင် ဆရာတော်ကြီးများမှ အစပြု၍ ယခုခေတ် သံဃာတော်အရှင်မြတ်များကာလတိုင်အောင် စဉ်ဆက်မပြတ် ကြိုးပမ်းအားထုတ်တော်မူခဲ့ကြခြင်းကြောင့် ထေရဝါဒဗုဒ္ဓသာသနာတော်မြတ်ကြီးသည် နေလို လလို ထွန်းတောက်လျက်ရှိ နေပါကြောင်း လျှောက်ထားအပ်ပါသည်ဘုရား။ ထိုမျှနည်းတူ နိုင်ငံတော်အစိုးရနှင့် ဒါယကာ၊ ဒါယိကာမများတို့အနေဖြင့်လည်း မိမိတို့စွမ်းဆောင်နိုင်သည့် သာသနာပြုလုပ်ငန်းများ၊ သာသနာတော် စောင့်ရှောက်ရေး လုပ်ငန်းများကို အခြေအနေအချိန်အခါအလျောက် ကိုယ်စွမ်းဉာဏ်စွမ်း ရှိသမျှ ဖြူစင်သန့်ရှင်းဖြောင့်မတ်သော ကုသိုလ်စေတနာဇောများဖြင့် ဆောင်ရွက်အားထုတ်ခဲ့သည်ချည်းသာ ဖြစ်ပါသည်ဘုရား။

www.dhammaransi.com

ဝိုင်းဝန်းဆောင်ရွက်

သာသနာတော်သန့်ရှင်းရေး၊ တည်တံ့ရေး၊ ပြန့်ပွားရေးဟူသော ဦးတည်ချက်ဖြင့် သာသနာရေးရာကိစ္စများ ဝိနိစ္ဆယရေးရာကိစ္စများ၊ ပညာရေးရာကိစ္စရပ်များကို နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ကြီး၏ ဆုံးဖြတ်ညွှန်ကြားချက်များနှင့်အညီ ယနေ့ကာလအထိ ဝိုင်းဝန်းကူညီကုသိုလ်ယူ ဆောင်ရွက်ခဲ့ပါသည်ဘုရား။ ပြည်တွင်းပြည်ပ သာသနာတော် ထွန်းကားပြန့်ပွားစေမည့် ကိစ္စမှန်သမျှကို အရှိန်အဟုန်မြင့်မားစွာ ဆောင်ရွက်နိုင်စေရန် ၁၉၉၁ ခုနှစ်၊ မေလတွင် သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာနကို သာသနာရေးဝန်ကြီးဌာနအောက်တွင် သီးခြားတည်ထောင်ဖွင့်လှစ်လျက်ရှိပြီး ပြည်တွင်းပြည်ပ သာသနာပြု လုပ်ငန်းမှန်သမျှကို ဆရာတော်ကြီးများ၏ ဩဝါဒတော်နှင့်အညီ ယနေ့အထိ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်ဘုရား။

မှတ်တိုင်ကြီးများ စိုက်ထူနိုင်ခဲ့

သာသနာတော်၏ ရေသောက်မြစ်သဖွယ်ဖြစ်သော ပရိယတ္တိပညာရေး သာသနာပြုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရန် ၁၉၉၂ ခုနှစ်မှ စတင်ဖွင့်လှစ်ခဲ့သော နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်ကြီးများ (ရန်ကုန်၊ မန္တလေး)မှ ဘွဲ့ရစာပေပညာရှင် ရဟန်းတော်များသည် ယခုအခါ ပြည်တွင်းပြည်ပ သာသနာပြု လုပ်ငန်းများ၌ ရှေ့တန်းကရပ်တည် သာသနာပြုလျက်ရှိကြပါသည် ဘုရား။ ပရိယတ္တိပညာရေးအခြေခံဖြင့် ပြည်ပနိုင်ငံများသို့ ဖြန့်ကြက် သာသနာပြုနိုင်ရေးကို ရှေးရှုလျက် ၁၉၉၈ ခုနှစ်၊ ဒီဇင်ဘာလတွင် နိုင်ငံတော် အစိုးရက တာဝန်ယူတည်ထောင်ခဲ့သော အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်တွင် ကိုးနှစ်တာ ကာလအတွင်း နိုင်ငံပေါင်း ၂၅ နိုင်ငံမှ ဘွဲ့ရဗုဒ္ဓဘာသာစာပေပညာရှင် အများအပြားသည် နိုင်ငံအနှံ့၌ သာသနာပြုလျက်ရှိကြပါသည်ဘုရား။ ၂၀၀၄ ခုနှစ်၊ ဒီဇင်ဘာလတွင် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီးကို နိုင်ငံတော်အစိုးရက ဦးဆောင်လျက် အောင်မြင်စွာ ကုသိုလ်ယူကျင်းပ၍ သာသနာပြုနိုင်ခဲ့ပါသည်ဘုရား။ ပြည်တွင်းတွင် ဓမ္မာစရိယနှင့် ပထမပြန်စာမေးပွဲများ၊ နိကာယ်စာမေးပွဲများစသည့် ပရိယတ္တိစာမေးပွဲများကို နှစ်စဉ်ကျင်းပပေးခဲ့သည့်အပြင် မည်သည့်နိုင်ငံတွင်မှ မရှိဖူးသေးသော တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေး စာမေးပွဲကြီးကို (၆၁) ကြိမ်မြောက်အထိ ကျင်းပခဲ့ပြီး တိပိဋကဓရ တိပိဋက ကောဝိဒ အရှင်မြတ် ၁၁ ပါး၊ တိပိဋကဓရ သုံးပါးတို့ကို ပေါ်ထွက်လာအောင် စွမ်းဆောင်နိုင်ခဲ့သည်များမှာ ပရိယတ္တိသာသနာ့သမိုင်းတွင် ထူးခြားထင်ရှားသည့် မှတ်တိုင်ကြီးများအဖြစ် စိုက်ထူနိုင်ခဲ့ခြင်းပင် ဖြစ်ပါသည်ဘုရား။

ဘွဲ့တံဆိပ်တော်များ ချီးမြှင့်အပ်နှင်း

မြန်မာနိုင်ငံတွင် ပရိယတ္တိဝန်ဆောင်၊ ပဋိပတ္တိဝန်ဆောင် ဆရာတော်များ၏ သာသနာပြုလုပ်ငန်းများကို နိုင်ငံတော်အစိုးရနှင့်တကွ အများပြည်သူတို့က ထောက်ပံ့လှူဒါန်းကြသဖြင့် သာသနာတော် ဘက်စုံထွန်းလင်းလျက်ရှိသည်မှာ လွန်စွာပင် သိသာမြင်သာလှပါသည်ဘုရား။ ဘုရားရှင်လက်ထက်တော်အခါကပင် တပည့်သာဝကများအနက် အရာဌာန အားလျော်စွာ ထူးချွန်ထက်မြက်ထင်ရှားသည့် ရဟန်း၊ ရဟန်းမ၊ ဥပါသကာ၊ ဥပါသိကာတို့အား တေဒဂ်ဘွဲ့ထူးဖြင့် ချီးမြှောက်အားပေးခဲ့သည့် အစဉ်အလာကောင်းအတိုင်း ရှေးရှေးသော သာသနာပြု မင်းကောင်းမင်းမြတ်များနည်းအတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကလည်း နှစ်စဉ် နိုင်ငံတော်၏ လွတ်လပ်ရေးနေ့တွင် . သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်လှူဒါန်းချီးမြှင့်အပ်နှင်းခဲ့ပါသည် ဘုရား။

ယခုနှစ် ၂၀၀၉ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက် လွတ်လပ်ရေးနေ့တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အမိန့်ကြော်ငြာစာ (၁/၂၀၀၉)ကို ထုတ်ပြန်ကြေညာလျက် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်အပ်နှင်းခဲ့ရာ-

- အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး ၃ ပါး
- အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး ၃ ပါး

www.dhammaransi.com

– အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်	၂၃ ပါး
– သာသနာပြုဘွဲ့တံဆိပ်တော်ရ ဆရာတော်	၇၅ ပါး
– ဓမ္မကထိကဘွဲ့တံဆိပ်တော်ရ ဆရာတော်	၄ ပါး
– ကမ္မဋ္ဌာနာစရိယဘွဲ့တံဆိပ်တော်ရ ဆရာတော်	၁၅ ပါး
– စာချဘွဲ့တံဆိပ်တော်ရ ဆရာတော်	၈၇ ပါး
– စာချဘွဲ့တံဆိပ်တော်ရ သီလရှင်	၁၃ ပါး
– သာသနာပြုဘွဲ့တံဆိပ်တော်ရ သီလရှင်	၅ ပါး
– သာသနာပြုဘွဲ့တံဆိပ်တော်ရ အမျိုးသား	၂ ဦး
– သာသနာနုဂ္ဂဟဘွဲ့တံဆိပ်တော်ရ အမျိုးသား	၉ ဦး
– သာသနာနုဂ္ဂဟဘွဲ့တံဆိပ်တော်ရ အမျိုးသမီး	၁၂ ဦး

စုစုပေါင်း သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ သံဃာတော်အပါး ၂၁၀၊ သီလရှင် ၁၈ ပါးနှင့် လူပုဂ္ဂိုလ် ၂၃ ဦးတို့ ဖြစ်ကြပါသည်ဘုရား။

